ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့ (13-10-2013) (၇၆၃၂)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၂-၁၀-၂၀၁၃)

တောင်ငူ	၂ ဒသမ ၀၉ လက်မ
ရေး	၁ ဒသမ ၇၅ လက်မ
မင်းဘူး	၁ ဒသမ ၆၅ လက်မ
ကော့သောင်း	၁ ဒသမ ၄၇ လက်မ
မြိတ်	၁ ဒသမ ၃၄ လက်မ

၁၇ နှစ်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် အာဆီယံအစည်းအဝေးတွေ ကျင်းပခွင့်ရတာဖြစ် ကိုယ့်တိုင်းပြည်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းဖြစ်နေဖို့ ထိန်းသိမ်းဆောင်ရွက်ကြရပါမယ်

အောက်တိုဘာလ ၁၀ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံဥက္ကဋ္ဌရာထူးကို ဘရူနိုင်းနိုင်ငံဘုရင်ထံမှ အခမ်းအနားဖြင့် လွှဲပြောင်းလက်ခံလိုက်ပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ကို လက်ခံပြီး ထိုနှစ်အတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည်ကို ပြည်သူများ သိနေ၊ မြင်နေ၊ ကြားသိနေကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့ အာဆီယံအစည်းအဝေးများ လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံနှင့် ပြည်သူများအတွက် မည်သို့သော အကျိုးကျေးဇူးများရရှိခံစားရမည်၊ ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် မည်သည့်အချက်များ ဆွေးနွေးခဲ့သည်တို့ကို သိရှိနိုင်ရန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ အစည်းအဝေးတက်ရောက်ရန်ရောက်ရှိနေသော နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီးများအား မြန်မာနိုင်ငံသို့ ပြန်လည်မထွက်ခွာမီ အောက်တိုဘာ ၁၁ ရက်တွင် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ်က အာဆီယံအဖွဲ့ထဲကို စဝင်ခဲ့တာမို့ လာမယ့် နှစ်ဆိုရင် ၁၇ နှစ် ပြည့်ပြီဖြစ်ပါတယ်။ ၁၇ နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံအစည်းအဝေးတွေ ကျင်းပခွင့်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေအနေနဲ့ အာဆီယံမိသားစုတာဝန်တစ်ခုကို ကျေကျေပွန်ပွန်နဲ့ ဆောင်ရွက်ရမှာဖြစ်လို့ ဝမ်းသာစရာ၊ ဂုဏ်ယူစရာဖြစ်တယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ အာဆီယံဆိုင်ရာ အစည်းအဝေးတွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေ အောင်အောင်မြင်မြင်နဲ့ ကြိုးပမ်းဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူပြည်သူအပေါင်းက ကိုယ့်တိုင်းပြည်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းဖြစ်နေဖို့ ထိန်းသိမ်းဆောင်ရွက်ကြရပါမယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

အင်းသားရိုးရာလှေလှော်ပြိုင်ပွဲများကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၂

အင်းသားလေး (တောင်ကြီး)

အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ အောက်တိုဘာ ၁၁ ရက်က ဘော်ယာဉ်ဖြင့်ကြွချီရာ ဒေသခံပြည်သူများ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များက ဘော်ယာဉ်ကြိုးဆွဲ၍ ညောင်ရွှေမြို့တွင်းသို့ တစ်ပတ်လှည့်လည် အပူဇော်ခံသည်။ ဆက်လက်၍ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား ၄၆ တက် အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရေသာကုန်းကျေးရွာအသင်းနှင့် အိုင်ထောင့်ကြီးကျေးရွာအသင်း၊ အမျိုးသား ၄၆ တက်အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဝမ်းဘဲအင်းကျေးရွာအသင်းနှင့် ကေလာကျေးရွာအသင်း၊ အမျိုးသားရာကျော်လှေအကြိုဗိုလ်လုပွဲ **(ဝဲပုံ)** ပထမပွဲစဉ်အဖြစ် အိုင်ထောင့်ကြီးကျေးရွာအသင်းနှင့်ရွှေပြည်သာတက်ကျေးရွာအသင်း၊ဒုတိယပွဲစဉ်အဖြစ် လယ်သာ(အ)ကျေးရွာနှင့် မင်းချောင်း(ရှေ့)ကျေးရွာအသင်း၊ အမျိုးသမီး ၂၆ တက်ဗိုလ်လုပွဲစဉ်တွင် အိုင်ထောင့်ကြီးကျေးရွာအသင်းနှင့် မိုင်းသောက် ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရဝန်ကြီးများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူတို့သည် ဖောင်တော်ပြန် ဧည့်ရိပ်သာမှ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ရောက်ရှိပြီး ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်ပူဇော်ကြပြီး စံကျောင်းတော်ကြီးတွင် ဆရာတော်၊ သံဃာတော်များက ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်း ဆက်ကပ်ပူဇော်ကြသည်။

ကြေးမုံ စာတည်းရှုထောင့် **၁၃-၁၀-၂၀၁၃၊ တနင်္ဂနွေနေ့**

မိုးလွန်မုန်တိုင်း သတိထား

မုတ်သုံလေမှာ ဆုတ်ခွာသွားခဲ့ပြီဖြစ်သည်။ မုတ်သုံကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးကြီးလေထန်မုန်တိုင်းဒဏ်ထက် မုတ်သုံလွန်ကာလတွင် ကြုံတွေ့နိုင်သည့် မုန်တိုင်းများကပိုမိုအားကောင်းတတ်သဖြင့် အထူးသတိထားကြရမည်ဖြစ်သည်။

ယခုကာလ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ထိုအခြေအနေမျိုး ဖြစ်ပေါ်နေသည်။ ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း ဗဟိုချက်တွင် တစ်နာရီလျှင် အမြင့်ဆုံးလေတိုက်နှုန်း မိုင် ၁၀၀မှ ၁၂၀ အထိရှိ၍ အားအလွန်ကောင်းသည်။ ဖိုင်လင်းဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် မုတ်သုံလွန်အားကောင်းသည့် မုန်တိုင်းဟုဆိုနိုင်သည်။

ထိုမုန်တိုင်းမျိုးကို ကျွန်ုပ်တို့နိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်က ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကို သတိမမူမိခဲ့၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အပျက်အစီးအထိအခိုက်တို့ကို ကြုံတွေ့ခဲ့ရသည်။

ယခုဖြစ်ပေါ်နေသော မုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားသော်လည်း ခဲမှန်ဖူးသည့် စာသူငယ်ကဲ့သို့ ကြိုတင်ပြင်ဆင်သတိမူကြရပေမည်။

ထိုမုန်တိုင်းမဖြစ်ပေါ်မီ ပြီးခဲ့သည့်စက်တင်ဘာလကုန်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အဖြစ် ရေဘေးကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်သကဲ့သို့ သဘာဝဘေးကြုံတွေ့နိုင်သော ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင်လည်း သဘာဝဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်ထားသင့်ပေသည်။ ထိုသို့ပြုလုပ်မှလည်း သဘာဝဘေးကျရောက်ခဲ့ပါက အထိအခိုက်အဆုံးအရှုံး နည်းပါးမည်ဖြစ်သည်။

ယခုဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်းဖိုင်လင်းသည် မြန်မာနိုင်ငံသို့ လာနိုင်ဖွယ်ရာမရှိဟုဆိုသော်လည်း အဆိုပါမုန်တိုင်းမှာ ယခင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းများနှင့်မတူဘဲ မုန်တိုင်းမျက်စိဖြစ်ပေါ်နေသောကြောင့် အလွန်အားကောင်းသောမုန်တိုင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများတွင် နေထိုင်ကြသူများ၊ ကမ်းဝေးကမ်းနီး သွားလာနေကြသော ရေယာဉ်များ အထူးသတိရှိကြရန် မိုးလေဝသဌာနက အသိပေးထားသည်။

မိုးလွန်မုန်တိုင်းသည် မိုးကြိုမုန်တိုင်းထက် ပိုမိုပြင်းထန်သည်ကို သတိပြုရမည်ဖြစ်သည်။ ယခုမုန်တိုင်းသည် အိန္ဒိယသို့ယနေ့ဝင်နိုင်မည်ဟု ခန့်မှန်းထားသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသများအနေဖြင့် အထူးသတိထား ပြင်ဆင်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် (၄၁၈) ကြိမ်ဖြစ်ပွားခဲ့သည်။ ဘေးဒုက္ခကြုံတွေ့သူ နှစ်သန်းကျော်ရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ခြောက်ထောင်ကျော်ရှိသည်။ အနီးစပ်ဆုံးယင်းဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် သဘာဝဘေးကြောင့် မည်မျှထိခိုက်နစ်နာနိုင်သည်ကို ခန့်မှန်းကြည့်နိုင်ပေသည်။

သဘာဝဘေးကျရောက်ချိန်တွင် သက်ဆိုင်ရာဒေသခံပြည်သူနှင့် ဒေသအာဏာပိုင်တို့သည် ဦးစွာဖြေရှင်းရမည့်သူများဖြစ်၍ နောက်ဆက်တွဲ အကူအညီများမရမီ မည်သို့ဆောင်ရွက်သွားမည်ကို ကြိုတင်စီမံထားသင့်ပေသည်။ သဘာဝဘေးဟူသည်မှာ အချိန်မရွေးကျရောက်နိုင်သဖြင့် သဘာဝဘေးကို ပေါ့ပေါ့မတွေးဘဲ အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးသင်တန်းများ၊ ပညာပေးဆွေးနွေးမှုများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို နိုင်ငံတော်၏ကမကထပြုမှုဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသခံပြည်သူများအားလုံး တက်တက်ကြွကြွပါဝင် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ကချင်ပြည်နယ်အတွင်း ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် အောက်တိုဘာ ၉ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ (132/66/11) KV(60)MVA ပင်မဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးသည်။

ဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးမှ ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားကို ဝါရှောင်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဟိုပင် စသည့်မြို့များသို့ ဦးစားပေးဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနားမြို့သည် ယခင်ထက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားပြီး ဓာတ်အားခွဲရုံအတွင်းရှိ Control Room,Battery Room,Switch Yard တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့အတွင်း၌ တည်ဆောက်လျက်ရှိသော မြစ်ကြီးနားမြို့ ဓာတ်အားခွဲရုံ(၁)သို့ ရောက်ရှိစစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗန်းမော်၊ ရွှေကူ၊ မန်စီ၊ မိုးမောက်မြို့နယ်များသို့ တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးထားပြီး နိုင်ငံတော်ဓာတ်အားစနစ်မှလည်း ဓာတ်အားလိုင်းများ အဆင့်ဆင့်ဆက်သွယ်ပြီး မိုးညှင်း၊ နမ္မား၊ မိုးကောင်း၊ ဟိုပင်မြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့အပြင် ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိရေးအတွက် (132)KV ဝါရှောင်-ဝိုင်းမော်ဓာတ်အားလိုင်း ၁၀ ဒသမ ၃၈ မိုင်၊ (66)KV မိုးကောင်း-မြစ်ကြီးနား ဓာတ်အားလိုင်း ၃၂ ဒသမ ၁၃၃ မိုင်၊ (66)KV ဝိုင်းမော်-မြစ်ကြီးနား(၁)/(၂)/(၃) ဓာတ်အားလိုင်း ၁၇ ဒသမ ၄၈၃ မိုင်၊ (132/66/11)KV(60)MVA ဝိုင်းမော်ဓာတ်အားခွဲရုံ၊ (66/11)KV(20) MVA မြစ်ကြီးနား(၃)ဓာတ်အားခွဲရုံများအား တိုးချဲ့တည်ဆောက်ပြီးစီးပြီဖြစ်၍ ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားစတင် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"အသာနေမှ အမြတ်ရ" တရားတော်(ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၁၀၁)
၇း၄၀	ဂီတသရုပ်ပြခန်း(ခေမီကို)
၁၀း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၈၂)
၁၁း၀၅	သီချင်းကောင်းကောင်း သီးချင်းတောင်း
၃း၁၅	ကဏ္ဍစုံလင်အားကစား အစီအစဉ်

စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေ ပြင်ဆင်ရေးဆွဲနိုင်ရေးစည်းဝေး

နေပြည်တော် အောက်တိုဘာ ၁၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယမန်နေ့ နံနက် ၉ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေ ပြင်ဆင်ရေးဆွဲနိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာ၌ တိုးတက်နေသည့် နည်းပညာ၊ လူ့အဖွဲ့အစည်းအသိုက်အဝန်းနှင့် ကိုက်ညီသော နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲပြင်ဆင်ရန် အလွန်ပင် အရေးကြီးပါကြောင်း၊ လက်ရှိသက်မွေးပညာရေးဆိုင်ရာမူဝါဒ၊ သင်ယူမှုအခွင့်အလမ်း၊ ပညာရေးအရည်အသွေး၊ ပညာရေးစနစ်၊ ပညာရေးစီမံခန့်ခွဲမှုစသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လက်ရှိကဏ္ဍတစ်ရပ်လုံးကို ပြည့်ပြည့်စုံစုံ လွှမ်းခြုံနိုင်အောင် လေ့လာဆန်းစစ်ပြီး အားနည်းချက်၊ အားသာချက်များကို ပြုပြင်မွမ်းမံခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ်မှ ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေအား ခေတ်နှင့်လိုက်လျော ညီထွေမှုရှိစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဥပဒေပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် အကောင်းဆုံးဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဖော်ထုတ်အကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ ရှေ့ဖုံးမှ

ဦးဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ကမ္ဘာမှာ အောင်မြင်နေတဲ့၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံကြီးတွေနဲ့ အာဆီယံရဲ့ ဆက်ဆံရေးကလည်း ပိုမိုကျယ်ပြန့်လာနေတယ်။ အလားတူ ဒီလိုကျယ်ပြန့်လာတာနဲ့အမျှ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေးကလည်း ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်တဲ့အခါ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေးဟာလည်း ဒီထက်ပိုမိုကျယ်ပြန့်တိုးတက်အောင်မြင်မှုတွေ အများကြီးရလာမှာပါ။

မြန်မာနိုင်ငံကိုလည်း ကမ္ဘာ့ပြည်သူအများက ပိုမိုသိရှိလာမယ့်အနေအထားရှိပါတယ်။ တစ်ချိန်တစ်ခါက မြန်မာနိုင်ငံနဲ့ပတ်သက်ရင် ဗဟုသုတ အလွန်နည်းပါးနေကြတဲ့နိုင်ငံတွေဟာ အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်တိုးတက်မှုတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေ၊ နိုင်ငံသစ်တစ်ရပ် တည်ဆောက်နေမှုတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ အသေးစိတ်ထိတွေ့ခွင့်ရမယ့် အခွင့်အလမ်းတွေလည်း ရလာခဲ့ပါတယ်။ ဒါကြောင့်မို့ အလှည့်ကျဥက္ကဋ္ဌ တာဝန်

ထမ်းဆောင်တဲ့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာပိုပြီး မြင့်မားစေပြီးတော့ ဒေသအတွင်းမှာလည်း တာဝန်ရှိတဲ့၊ တာဝန်သိတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ကိုယ့်ဒေသကို တိုးတက်ဖွံ့ဖြိုးမှုဆီကို ဦးတည်ပြီးတော့ ဦးဆောင်ခေါ်ဆောင်သွားနိုင်မယ့် အခွင့်အလမ်းတွေရမှာဖြစ်ပါတယ်။

ဦးစိုးသိန်း
ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

အခု ထိပ်သီးအစည်းအဝေးမှာ အဓိကအားဖြင့်တော့ အာဆီယံအဖွဲ့တွေရဲ့ ညီညီညွတ်ညွတ်နဲ့ အမြင်တွေဖလှယ်ကြပြီး ဆောင်ရွက်တဲ့ သဘောဖြစ်ပါတယ်။ United ASEAN ပေါ့။ Unity ပေါ့။ နောက်တစ်ချက်ကတော့ ဆင်းရဲမှုပပျောက်ရေးတွေ၊ နိုင်ငံချင်းဆက်သွယ်မှုတွေ၊ Disaster Management တွေ စသည်ဖြင့် တော်တော်များများ ဆွေးနွေးကြတာတွေ့ရပါတယ်။ ဘရူနိုင်းနိုင်ငံအနေနဲ့တော့ လူငယ်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ထားတာ တွေ့ရပါတယ်။

အာဆီယံ+၃ နိုင်ငံတွေကလည်း ဝိုင်းဝန်းကူညီမယ့် ကတိလေးတွေကို ပေးပါတယ်။ ဒါတွေက အလွန်တရာမှ အလေးအနက်ထားဖို့ ကောင်းပါတယ်။ ရာသီဥတုပြောင်းလဲမှုအပိုင်းကိုလည်း ပိုပြီး ဂရုစိုက်ဆောင်ရွက်ကြဖို့အတွက် နှိုးဆော်တာတွေ့ရပါတယ်။

အားလုံးအနေနဲ့ကတော့ ရှေ့လုပ်သွားရမယ့် ကျွန်တော်တို့အနေနဲ့လည်း ရှေ့ဆက်ပြီး ဆွေးနွေးကြ၊ တိုးတက်အောင်လုပ်ကြရမယ့် လုပ်ငန်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအပိုင်းကတော့ ပြင်ဆင်နေတာပါပဲ။ အားလုံးပြီးစီးဖို့တော့ လိုတာလေးတွေ ရှိပါသေးတယ်။ တစ်နှစ်ခွဲ၊ နှစ်နှစ်အတွင်းမှာ ရှေ့ဆက်ပြောင်းလဲမှုတွေ အတော့်ကို လုပ်ရဦးမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါလည်း နိုင်ငံတွေရဲ့ Investment တွေ ဝင်လာတာရယ်၊ Financial Sector က ပြုပြင်ပြောင်းလဲမှုတွေကို အချိန်ကိုက်လုပ်ဆောင်ပြီးတော့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ကောင်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒေါ်နန္ဒာမွန်း
ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၂၀၁၃ ခုနှစ်မှာ ဘရူနိုင်းနိုင်ငံ အလှည့်မှာ Youth and Culture (လူငယ်နဲ့ယဉ်ကျေးမှု)ကိုလည်း အဓိကထားတယ်။ ကျန်းမာရေးနဲ့ ပညာရေးကိုလည်း အဓိကထားတယ်။ ပြီးတော့နောက်တစ်ခုက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုတွေကို အဓိကထားပြီးဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ၂၀၀၉-၂၀၁၂ ခုနှစ်အထိ AFCC Mid Term Review Report ကို အာဆီယံထိပ်သီးအစည်းအဝေးမှာ အစီအစဉ်တစ်ရပ်အနေနဲ့ တင်ပြတာတွေ့ရပါတယ်။

အဲဒါကတော့ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ဖို့ ဘယ်ဟာတွေက အဆင်သင့်ဖြစ်ပြီလဲ၊ ဘယ်ဟာတွေက ကျန်သေးလဲ၊ ဘယ်လုပ်ငန်းတွေ လုပ်ဖို့ကျန်သေးလဲလို့ လုပ်တဲ့အခါ ကျွန်မတို့ လူမှုဝန်းကျင်အသိုက်အဝန်းအောက်မှာ Narrow the Gap ဆင်းရဲမှုကိုလျှော့ချပြီး ဒီကွာဟချက်ကို နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အထူးသဖြင့် စီအယ်လ်အမ်ဗွီနဲ့ တခြား အာဆီယံခြောက်နိုင်ငံကွာဟမှု ဘယ်လောက်လျှော့ချနိုင်သလဲ ဆောင်ရွက်တဲ့အခါမှာ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ Narrow the Gap က လိုသေးတယ်ဆိုတာ ဖော်ညွှန်းပါတယ်။

အခုအာဆီယံထိပ်သီးအစည်းအဝေးမှာ Mid Term Review ကို တင်ပါတယ်။ နောက်တစ်ခါ ဒီမှာလုပ်တဲ့အချက်တွေကို အားလုံးပေါင်း Declaration ခြောက်ခုတင်ပါတယ်။ ဒ့ါအပြင် စာတမ်းသုံးခုတင်ပါတယ်။ ဒါတွေက နောင်လုပ်မယ့် အာဆီယံရဲ့ Education ပေါ်မှာ Review လုပ်တဲ့ဟာရယ်၊ ASEAN-China ပူးပေါင်းဆောင်ရွက်မယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနဲ့ သစ်တောဆိုင်ရာတွေ ဖြစ်ပါတယ်။

(သတင်းအဖွဲ့)

☆ **ကျောဖုံးမှ**

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက် ၁၀ နာရီတွင် ဩစတြီးယားနိုင်ငံသမ္မတနန်းတော်၌ ဩစတြီးယားနိုင်ငံသမ္မတ H.E. Dr. Heinz Fischer နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

ထို့နောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဩစတြီးယားနိုင်ငံ ပါလီမန်၌ H.E. Mrs. Barbara Prammer နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ဩစတြီးယားနိုင်ငံလွှတ်တော်ဥက္ကဋ္ဌက ပါလီမန်အဆောက်အအုံ ထမင်းစားခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဩစတြီးယားနိုင်ငံလွှတ်တော် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ် နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်းဖွင့်

ရွှေလီ အောက်တိုဘာ ၁၂

တရုတ်နိုင်ငံ ရွှေလီမြို့၌ မြန်မာ-တရုတ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံ မှုခင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရုံးမှ ညွှန်ကြားရေးမှူး Mr.Yin Guohai ခေါင်းဆောင်သော ရွှေလီ၊ ကျန်းဖုန်း၊ နန့်ဆန်းနယ်စပ်ဆက်ဆံရေးရုံးမှ သင်တန်းသား ၂၇ ဦးနှင့် မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ခင်မောင်လှ ခေါင်းဆောင်သော မူဆယ်၊ လွယ်ဂျယ်၊ လောက်ကိုင်နယ်စပ်ဆက်ဆံရေးရုံး၊ ချင်းရွှေဟော်နှင့် လောက်ကိုင်တို့မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းသင်တန်းသား ၁၄ ဦးတို့ တက်ရောက်သင်ကြားခဲ့ကြသည်။

နှစ်နိုင်ငံကြား လူကုန်ကူးမှုအမျိုးအစားများ၊ လက်ရှိအခြေအနေများကို သင်ခန်းစာဖော်ထုတ်ရရှိရန်၊ သတင်းအချက်အလက်များ မျှဝေပေးရန်၊ နယ်စပ်ဆက်ဆံရေးရုံးယန္တရား ပိုမိုထိရောက်ရန်အတွက် စိန်ခေါ်မှုများ၊ လစ်ဟာနေမှုများ၊ ဆက်လက်ဖြေရှင်းရမည့် ပြဿနာများကိုစိစစ်ရှာဖွေကြရန်၊ အခြားနယ်စပ်ဆက်ဆံရေးရုံးများ၏ ကောင်းမွန်သည့် အလေ့အထများအား သင်ခန်းစာရယူရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

တရုတ်-မြန်မာ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးအဖြစ် မူဆယ်-ရွှေလီ၊ လွယ်ဂျယ်-ကျန်းဖုန်း၊ လောက်ကိုင်-နန့်ဆန်းတို့တွင် ဖွင့်လှစ်ခဲ့ပြီး လူကုန်ကူးမှုများကို ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ လူကုန်ကူးမှု ၆၉ မှု၊ လူကုန်ကူးသူ ၁၉၄ ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၈၅ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်းသိရသည်။

(ဇော်မျိုးနိုင်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ၂၀၁၂ ခုနှစ်၊ ၁၃၇၄ ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူ ၁၂၀ ဦးအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၁၃၇၅ ခုနှစ် သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်

ရန်ကုန် အောက်တိုဘာ ၁၂

မရမ်းကုန်းမြို့နယ် ပြည်လမ်းမပေါ်၌ မော်တော်ဆိုင်ကယ်နှင့် ကိုယ်ပိုင်ယာဉ်ငယ်တစ်စီး တိုက်မိမှုဖြစ်ပွားကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် ပြည်လမ်းမအတိုင်းတောင်မှ မြောက်သို့ ယာဉ်မောင်းမြင့်သူ(၅၀)နှစ် ရွာမအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသည့် ၂၀/----နစ်ဆန်းဆလွန်း (ငွေမင်ရောင်)ကိုယ်ပိုင်ယာဉ်သည် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် အောင်သုခလမ်းထိပ်အရောက်၌ မျက်နှာချင်းဆိုင်မှ ဖြိုးမင်းပိုင် (၂၁)နှစ် (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူ မောင်းနှင်လာသော (ဇောင်ရှမ်း/CZI) ဖြူနီရောင် ဆိုင်ကယ်နှင့် လမ်းလယ်၌ တိုက်မိသဖြင့် ယာဉ်နှင့်ဆိုင်ကယ်နှစ်စီး စလုံးပျက်စီးသွားပြီး ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာများရရှိခဲ့၍ ဆေးရုံသို့ပို့ဆောင်ကာ ယာဉ်မောင်းနှစ်ဦးအား သက်ဆိုင်ရာတာဝန်ရှိသူတို့က အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ မရမ်းကုန်းမြို့နယ် အေဝမ်းကားမှတ်တိုင်အနီး၌ ကိုယ်ပိုင်ယာဉ်ငယ်တစ်စီး မောင်းနှင်လာစဉ် ယာဉ်၏ ဦးခေါင်းပိုင်းမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် ည ၈ နာရီ ၁၅ မိနစ်က မရမ်းကုန်းမြို့နယ်(၄)ရပ်ကွက် အေဝမ်းကားမှတ်တိုင်အနီး ပြည်လမ်းမပေါ်တွင် မြောက်မှတောင်သို့ ယာဉ်မောင်း ဦးအောင်ခင်ဆင့်(၄၇)နှစ် လှိုင်မြစ်လမ်း ရွာမအလယ်ရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသော ၃က/--- စူပါရှဖ်(ဘင်)အဖြူရောင်ယာဉ်သည် ဘက်ထရီခေါင်းလွတ်ရာမှ ဝါယာကြိုးနှင့်အင်းလက်အစွပ်များ ဝါယာရှော့(ခ်)ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် အနီးရှိပြည်သူများက သဲ၊ ရွှံ့၊ နုန်းမြေများဖြင့် ဖုံးအုပ်ပက်ခြင်း၊ မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ခြင်းများပြုလုပ်ခဲ့ရာ သုံးမိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

(၀၃၇)



မြို့တွင်း
တစ်နာရီ
မိုင်(၃၀)ထက်
ပိုမမောင်းရ

မြောက်ကိုရီးယားကုန်သဘောပေါ်မှတွေ့ရသော ဂျက်တိုက်လေယာဉ်များ ပျံသန်းနိုင်သောအခြေအနေရှိ

ပနားမား အောက်တိုဘာ ၁၂

လွန်ခဲ့သည့်သုံးလက ပနားမားနိုင်ငံ၌ မြောက်ကိုရီးယားကုန်သဘောတစ်စင်းပေါ်မှ ရှာဖွေတွေ့ရှိခဲ့သော ဂျက်တိုက်လေယာဉ်များသည် ပျံသန်းနိုင်သောအခြေအနေတွင်ရှိနေကြောင်း ပနားမားတာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

ပနားမားတူးမြောင်း၏ အတ္တလန္တိတ်သမုဒ္ဒရာအဝင်ဂိတ်၌ မြောက်ကိုရီးယားကုန်သဘောဖြစ်သော ချောင်ချွန်ဂန်း အမည်ရှိသဘောကို ကြားဖြတ်ဟန့်တားစစ်ဆေးရာတွင် တိုက်လေယာဉ်ဟောင်းများနှင့် စက်အပိုပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါတိုက်လေယာဉ်များကို ပြင်ဆင်နိုင်ရန်အတွက်ဟုဆိုကာ ကျူးဘားနိုင်ငံက ပေးပို့ခြင်းဖြစ်သည်။ သို့ရာတွင် လေယာဉ်နှစ်စင်းနှင့် ဂျက်အင်ဂျင် ၁၅ လုံးတို့မှာ အထူးကောင်းမွန်သောအခြေအနေတွင် ရှိနေကြောင်း ပနားမားတာဝန်ရှိသူများက ပြောကြားသည်။

ဂျက်တိုက်လေယာဉ်ဟောင်းများနှင့် စက်ပစ္စည်းများကို တန်ချိန်ပေါင်းများစွာအလေးချိန်ရှိ သကြားအိတ်များ အောက်တွင် သိုဝှက်၍ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂက နျူကလီးယားစမ်းသပ်မှုများပြုလုပ်ခဲ့မှုဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ လက်နက်တင်ပို့မှုများကို ပိတ်ဆို့ထားရန် အရေးယူဒဏ်ခတ်ထားသည်။ သဘောသား ၃၅ ဦးကို လက်နက်မှောင်ခိုမှုဖြင့် အရေးယူရန် စီစဉ်ထားသည်။

ပီတီအိုင်။

ပနားမားတူးမြောင်းအတွင်း မြောက်ကိုရီးယား ကုန်သဘောပေါ်မှ ဖမ်းဆီးရမိသည့် ဂျက်တိုက်လေယာဉ်အား တွေ့ရစဉ်။

အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်းမှ လူလေးသိန်းကျော်အား ရွှေ့ပြောင်းပေးခဲ့ရ

နယူးဒေလီ အောက်တိုဘာ ၁၂

အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတစ်ခုသည် ဘင်္ဂလားပင်လယ်အော်မှ အိန္ဒိယနိုင်ငံအရှေ့ပိုင်းပြည်နယ်များဆီသို့ ဦးတည်တိုက်ခတ်လာခြင်းကြောင့် လူဦးရေလေးသိန်းကျော်ကို ၎င်းတို့၏နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖိုင်လင်းဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် အလွန်ပြင်းထန်မည်ဖြစ်ကြောင်း မိုးလေဝသခန့်မှန်းသူများက ပြောကြားထားပြီး အောက်တိုဘာ ၁၂ ရက်(စနေနေ့) ညနေပိုင်းတွင် ယင်းမုန်တိုင်းသည် ဩရိဿနှင့် အန်ဒရာ ပရာဒေ့ရှ် ပြည်နယ်များအား ဖြတ်သန်းတိုက်ခတ်မည်ဟု မျှော်လင့်ထားသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ် ကမ်းခြေဒေသတွင် လေထန်လှိုင်းကြီးလျက်ရှိစဉ်။

အိန္ဒိယမိုးလေဝသဌာန၏ခန့်မှန်းချက်အရ အဆိုပါမုန်တိုင်းသည် ပိုမိုအားကောင်းလာကာ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၂၀(၁၃၆ မိုင်)အထိရှိမည်ဟုဆိုသည်။ ၁၉၉၉ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတစ်ခုတိုက်ခတ်ခဲ့မှုကြောင့် ဩရိဿပြည်နယ်တွင် လူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ဟာဝိုင်ယီကျွန်းရှိအမေရိကန်ရေတပ် တိုင်ဖုန်း ကြိုတင်သတိပေးဌာန၏ ခန့်မှန်းချက်အရ အဆိုပါမုန်တိုင်းသည် လေတိုက်ခတ်နှုန်း တစ်နာရီလျှင် ၂၆၉ ကီလိုမီတာ(၁၆၇)မိုင်ခန့် ရှိမည်ဟု ဆိုသည်။

အိန္ဒိယ အစိုးရတာဝန်ရှိသူများ၏ အဆိုအရ ဆိုင်ကလုန်းဖိုင်လင်းကြောင့် ဩရိဿပြည်နယ်အတွင်းရှိ ဂုပေါလ်ပါမြို့အနီးတွင် မြေပြိုမှုများဖြစ်ပွားနိုင်ပြီး လေအဟုန်ကြောင့် ယင်းပြည်နယ်၏ကမ်းခြေတွင် အမြင့် သုံးမီတာ(၁၀)ပေမျှမြင့်သော လှိုင်းများဖြစ်ပေါ်ကာ ကမ်းခြေရှိ ရွှံ့ဖြင့်တည်ဆောက်ထားသော လူနေအိမ်များအား အကြီးအကျယ် ဖျက်ဆီးနိုင်ဖွယ်ရှိမည်ဟု ဆိုသည်။

ဘီဘီစီ။

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် (၁၄၈၀) အမည်ပေါက်၊ ဒုတက-ခင်လှ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအောင်သာ [၁၂/သဃက(နိုင်)၀၀၈၀၁၄]မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလံ(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၂၁၃၈) အမည်ပေါက်၊ တသ-တင်ကိုကို၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးအောင်သာ [၁၂/သဃက(နိုင်)၀၀၈၀၁၄]မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလံ(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပါကစ္စတန်တာလီဘန် ထိပ်တန်းတပ်မှူး အမေရိကန် ဖမ်းဆီး

ဝါရှင်တန် အောက်တိုဘာ ၁၂

အမေရိကန်တပ်ဖွဲ့များသည် ပါကစ္စတန်တာလီဘန် ထိပ်တန်းတပ်မှူး လာတစ်ဖ်မက်ဆွတ်ကို ဖမ်းဆီးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ကြေညာသည်။

စစ်ဆင်ရေးအသေးစိတ်ကို အမေရိကန်ကထုတ်ဖော်ပြောဆိုခြင်း မပြုသော်လည်း လာတစ်ဖ်မက်ဆွတ်ကို အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဖမ်းဆီးပြီး ကဘူးမြို့အနီး ဘာဂရမ်စစ်စခန်းသို့ ခေါ်ဆောင်သွားကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်တာလီဘန်များကမူ ပါကစ္စတန်-အာဖဂန် နယ်စပ် ခို့(စ်)ပြည်နယ်၌ ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ပြောကြားသည်။ ၎င်းသည် အာဖဂန်ထောက်လှမ်းရေးအရာရှိများနှင့် အကျဉ်းသားများဖလှယ်ရေးကိစ္စ တွေ့ဆုံဆွေးနွေးပြီးနောက် ပြန်လာခြင်းဖြစ်သည်ဟု ဆိုသည်။

စိတ်ဆိုး

အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည့် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ယင်းလုပ်ရပ်အပေါ် စိတ်ဆိုးလျက်ရှိသည်ဟု အချို့သတင်းများတွင် ဖော်ပြသည်။

လာတစ်ဖ်မက်ဆွတ်သည် အကြမ်းဖက်ခေါင်းဆောင်တစ်ဦးအဖြစ် အမေရိကန်ပြည်ထောင်စုက စာရင်းသွင်းထားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီဟတ်က ၎င်းသည် ဘက်ရစ်-အီး-တာလီဘန်ပါကစ္စတန် (တီတီပီ)ဟု လူသိများသော ပါကစ္စတန်တာလီဘန်အဖွဲ့၏ခေါင်းဆောင် တာကီမူလာစက်ဆွတ်၏ အနီး ကပ် လူယုံတော်တစ်ဦးဖြစ်သည်ဟု ဆိုသည်။

ပြစ်တင်ထား

၂၀၁၀ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ တိုင်းစကွဲယား၌ ဗုံးဖောက်ခွဲရန်ကြံစည်အားထုတ်ရာ၌လည်းကောင်း၊ ပါကစ္စတန်နိုင်ငံတွင် အမေရိကန်သံတမန်များနှင့် ပါကစ္စတန်ပြည်သူများကို လုပ်ကြံသတ်ဖြတ်ရာ၌လည်းကောင်း ယင်းအဖွဲ့ကိုအပြစ်တင်သည်။

ဘီဘီစီ။

" ကုန်အမှတ်တံဆိပ်သတိပေးကြော်ငြာချက် "

LEADERTRADE PRODUCTS CO., LTD., 1249/195 Gems Tower Building, 28th Floor, Charoenkrung Road, Suriyawong, Bangrak, Bangkok, Thailand 10500 သည် " Kato " [illegible] R.N ENTERPRISE LTD. [illegible]

Kato

R.N ENTERPRISE LTD. သည် [illegible] " Kato " [illegible] " Fruit drink jelly and Food & Beverages " [illegible] R.N ENTERPRISE LTD. ၏ Sale Center [illegible]

[illegible] R.N ENTERPRISE LTD. ၏ [illegible]

R.N ENTERPRISE LTD.၏ [illegible]

[illegible]

YE NOOS & ASSOCIATES (Law Firm)

[illegible]

ပြည်တွင်းရေးရာ

❖ တပ်မတော်မှ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဗိုလ်ချုပ်မြထွန်းဦး၊ ဗိုလ်ချုပ်စိုးသိန်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ်လွင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနှင့်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ ဆွေးနွေးခြင်း၊ တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းများကို လေ့လာခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူး၊ ကျိုဇိုက်ကုပ်၊ ပေကျင်း၊ ဟိုင်နန်၊ Sanya မြို့များအပါအဝင် တရုတ်နိုင်ငံ၏ ထင်ရှားသောနေရာများအားလေ့လာခြင်း၊ ပညာတော်သင်များအား တွေ့ဆုံအားပေးခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသူများနှင့်အတူတွေ့ရစဉ်။ (မြဝတီ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃–၁၀–၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅ ကျန်းမာဖို့အတူကစားစို့
၆း၃၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၉း၂၅ “ ချင်းပြည်နယ်ခရီးသွားမှတ်တမ်း” (အပိုင်း-၁)
၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၃၅ ဖြူ/မဲရုပ်ရှင် “ ကျွန်တော်နဲ့ကိုဘကျော်” (ကျော်ဆွေ၊ ကောလိပ်ဂျင်နေဝင်း၊ ဇော်ဝမ်း၊ စံရှားတင်၊ တင်တင်ညို) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၃း၄၅ သွှလက်သံ(ဂီတာအောင်ရှိန်)
၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
၅း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၈း၅၀ ကြယ်ပွင့်များရဲ့အထင်ကရတေးများ -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

❍ကျောဖုံးမှ

အားကစားနည်းအမျိုးမျိုးမှာ မြန်မာ့ဂုဏ်ဆောင်နိုင်ဖို့ ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ မြန်မာအားကစားသမားညီငယ်၊ ညီမငယ်လေးတွေကို လိုက်လံကြည့်ရှုအားပေးစေချင်ပါတယ်” ဟု ယခုပွဲ၌ ပါဝင်ရခြင်းနှင့် မကြာခင်ကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ၎င်း၏ဆန္ဒနှင့် ခံစားချက်များကိုပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် ရုပ်ရှင်အစည်းအရုံးအသင်း၏အသင်းခေါင်းအဖြစ် ပါဝင်ကစားသူ ဦးလူမင်းက “ဆီးဂိမ်းက ကျွန်တော်တို့ တိုင်းပြည်အတွက် အရေးကြီးတဲ့ အားကစားပြိုင်ပွဲတစ်ခုဖြစ်သလို နိုင်ငံ့ဂုဏ်သိက္ခာနဲ့ အမျိုးသားရေးစိတ်ဓာတ်အတွက်ပါ အရမ်းအရေးကြီးပါတယ်။ ပါဝင်ယှဉ်ပြိုင်မယ့်အားကစားသမားတွေကလည်း ဒီလိုစိတ်ဓာတ်နဲ့ပါဝင်ယှဉ်ပြိုင်ကြသလို အားပေးမယ့်ပရိသတ်တွေကလည်း အားကစားတစ်ခုတည်းကို အားပေးတာထက် ကိုယ်နိုင်ငံရဲ့ဂုဏ်သိက္ခာကို ထည့်တွက်ပြီး အမျိုးသားစိတ်ဓာတ်နဲ့ အားပေးဖို့လိုပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနုပညာရှင်တွေအနေနဲ့ အားကစားနဲ့ပတ်သက်ပြီး ဒီလိုလှုံ့ဆော်မှုတွေ ပြုလုပ်နေတာပါ။ အနုပညာရှင်တွေ အနေနဲ့လည်း သက်ဆိုင်တဲ့ အားကစားနည်းတိုင်းမှာ ပါဝင်လှုံ့ဆော် အားပေးဆောင်ရွက်နေပါတယ်။ နောက်ထပ် ဆီးဂိမ်းနဲ့ပတ်သက်လို့ အစည်းအရုံးက တာဝန်ပေးရင်လည်း ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါတယ်” ဟု ပြောသည်။

ထိုကဲ့သို့ပင် နှစ်ပေါင်း ၄၀ ကျော်မှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းအမျိုးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားမောင်မယ်များ အောင်နိုင်ရေးအတွက် ယခုကဲ့သို့ ရန်ကုန်မြို့မှာသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း ဆီးဂိမ်းနှင့်ပတ်သက်၍ လှုံ့ဆော်အားပေးသည့်ပွဲများ ကျင်းပနိုင်ရန် လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ **(ကြေးမုံ)**

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ရဲအောင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သံတမန် နန်းခင်ဇေယျာ

ရုပ်ရှင်အစည်းအရုံးအသင်း၏ အသင်းခေါင်းဆောင် အကယ်ဒမီ လူမင်း

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်

လက်ရွေးစင် ဟောင်းအသင်း ခေါင်းဆောင် မျိုးလှိုင်ဝင်း

မျက်စိပါသော တုတ်ကလေး (သို့မဟုတ်) အမှောင်ထုအတွင်းက အလင်းတစ်လက်

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့သည် (၆၅)နှစ်မြောက် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day)ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် ပိုရီယာ မြို့တွင် ကျင်းပသည့် Lion Club ၏ ကမ္ဘာလုံးဆိုင်ရာ သင်းလုံးကျွတ် အစည်းအဝေးကြီးတွင် မျက်စိမမြင်၊ နားမကြား၊ စကားလည်း မပြောတတ်သော မစ္စဟယ်လင်ကဲပလား၏ အကြံပြုချက်အရ အောက်တိုဘာလ ၁၅ ရက်နေ့ကို နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့အဖြစ် သတ်မှတ်ပြီး တစ်ကမ္ဘာလုံးသို့ ဖြန့်ချိခဲ့ပါသည်။

စက္ခုအာရုံချို့တဲ့သူတစ်ဦး၏ အကြီးမားဆုံးအခက်အခဲမှာ ရွေ့လျားသွားလာခြင်းပင်ဖြစ်ပါသည်။ မျက်မမြင်တစ်ဦးအဖို့ မထိရ၊ မတို့ရ၊ မကိုင်ထား၊ မစမ်းထားရလျှင် မိမိအနီးတစ်လက်မ၌ပင် မည်မျှအန္တရာယ်ကြီးသည့် အခြေအနေနှင့် ဝတ္ထုပစ္စည်းများရှိနေစေကာမူ သိကြ၊ ရှောင်ကြမည်မဟုတ်ပါ။ ခြွင်းချက်အနေဖြင့် ထုထည်ကြီးမား၍ မိမိထက်မြင့်သော၊ အနံ့အသက်ရှိသော အပူဓာတ်ထွက်နေသော ဝတ္ထုပစ္စည်းများကိုမူ မျက်မမြင်တို့များသောအားဖြင့် ကြိုတင်သိရှိကြသည်ဟု ဆိုပါသည်။

မျက်မမြင်တို့အတွက် လွတ်လပ်စွာ ရွေ့လျားသွားလာရေးနည်းလမ်းအမျိုးမျိုးကို ကြံကြရာလူတစ်ဦးက တွဲဆွဲသွားစေသည့်နည်း၊ အထူးလေ့ကျင့်ထားသော ခွေး (Guide Dog)များနှင့် သွားလာသည့်နည်းများအပြင် တစ်လုံးလျှင် သိန်း ၁၀၀၀ နီးပါးမျှတန်ဖိုးကြီးသော Dobble Eyes ခေါ် ငါးပေအတွင်း မြင်နိုင်စွမ်းသော မျက်စိတု တပ်ဆင်ခြင်းများပါဝင်ကြသော်လည်း Lion Club စေတနာ့ဝန်ထမ်းအဖွဲ့က မျက်မမြင်များအတွက် ဈေးအသက်သာဆုံးနှင့် အလွယ်ကူဆုံးပစ္စည်းဖြစ်သည့် White Cane လမ်းလျှောက်တုတ်ကို လက်ဆောင်အဖြစ် ဖော်ထုတ်ပေးခဲ့ပါသည်။ သက်ရှိအကူအညီကို ရယူခြင်းမဟုတ်သည့်အတွက် ကိုယ့်အားကိုယ်ကိုး၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သွားလာလှုပ်ရှားနိုင်သဖြင့် အကောင်းဆုံးဟုပင် သတ်မှတ်လိုပါသည်။

မူလက ကြိမ်ကို တုတ်ချောင်းလုပ်၍ ဆေးဖြူသုတ်ပြီး အသုံးပြုခဲ့သဖြင့် White Cane ဟု အမည်တွင်လာခဲ့ပြီး ထူးခြားချက်အနေဖြင့် တုတ်ဖြူကလေး၏အထက် သုံးချိုးတစ်ချိုးတွင် အနီရောင်အမှတ်တစ်ခုကို ရစ်ပတ်ထားပေးပါသည်။ ထိုသို့သောတုတ်ကိုကိုင်ဆောင်၍ မျက်မှန်အနက်တပ်သွားလျှင် မိမိကိုယ်မိမိမျက်မမြင်တစ်ဦးဖြစ်ပါသည်ဟု ထင်ရှားစွာ အသိအမှတ်ပြုဝန်ခံလိုက်ခြင်းလည်းမည်ပါသည်။ White Cane ကို အသုံးပြုလျှင် မျက်မမြင်များ လမ်းလျှောက်ရာတွင် တွေ့ကြုံရမည့်အန္တရာယ်များစွာ လျော့ပါးစေသည်ဟုဆိုပါသည်။ မျက်မမြင်တို့တွင် စက္ခုအာရုံမရှိသလို White Cane တွင်လည်း ခြေထောက်မရှိပါ။ သို့ရာတွင် သူတို့နှစ်ဦးပေါင်းစပ်လှုပ်ရှားလိုက်သောအခါ လူကောင်းများနှင့်မခြား သွားလာလှုပ်ရှားနိုင်သော လူတစ်ဦးဖြစ်လာပါသည်။ ထို့ကြောင့် မျက်မမြင်တို့ White Cane ကို မျက်စိပါသော တုတ်ကလေးဟု အသိအမှတ်ပြုလာရပါသည်။

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သင်္ဂဟ၏ တင်ပြချက်အပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မေတ္တာစေတနာထားလျက် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မြို့တော်ဝန်ဖလား လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှစ၍ ဆင်ယင်ကျင်းပပေးခဲ့ပါသည်။

ပြည်သူ့ရင်ပြင်ရှေ့မှ စတင်တာထွက်လမ်းလျှောက်ပြီး ရန်ကုန်မြို့တော်ခန်းမတွင် အဆုံးသတ်ပန်းဝင်ပါသည်။ ရန်ကုန်မြို့တော်ဝန်နှင့်တကွ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ပြည်သူများနှင့် မြို့တော်ခန်းမရှေ့မှ ဆီးကြိုအားပေးလာကြသည်မှာ အကြိမ်(၂၀)သို့ပင် တိုင်ခဲ့ပါပြီ။ ၁၉၉၂ ခုနှစ်တွင် လမ်းလျှောက်ပွဲဝင်သည့် မျက်မမြင် ၁၀၈ ဦးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၂၅၁ ဦးအထိ အင်တိုက်အားတိုက် ပါဝင်လမ်းလျှောက်ကြပါသည်။ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများမှာ ရန်ကုန်မျက်မမြင်ကျောင်း၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ စိန်မေရီမျက်မမြင်အလုပ်ရုံ၊ သယ်န်းကျွန်းမသန်စွမ်းသူများ ကုန်ထုတ်သမဝါယမအသင်းနှင့် ရှေ့ဆောင်မျက်မမြင်ကျောင်း၊ စုပေါင်းအားမာန် မျက်မမြင်အလုပ်သမားများအဖွဲ့ (လှိုင်သာယာ)၊ မျက်မမြင်အကြောပြင်ပညာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ မျက်မမြင်ဆေးပညာရပ်ဆိုင်ရာ အကြောပြင်အနှိပ်ဆရာဖြစ်သင်တန်း၊ ပရဟိတမျက်မမြင်ပညာသင်ကျောင်း (ပြင်ဦးလွင်)၊ ရောင်ခြည်သစ် ပရဟိတ မျက်မမြင် ပညာသင်ကျောင်း (မုံရွာ)အထိ ကျောင်းများ၊ အဖွဲ့အစည်းများမှ ဖြစ်ကြပါသည်။

မျက်မမြင်တို့အား တစ်ကိုယ်တည်းလမ်းမလျှောက်နိုင်အောင် ရှေ့မှ အမှောင်ကန့်လန့်ကာကြီးက ပိတ်ဆို့တားဆီးနေသည်ဆိုငြားအံ့။ ထိုအမှောင်ထုကို ရှေ့ကနေ၍ ဖယ်ရှားပေးသွားမည့်အရာဝတ္ထုမှာ White Cane ဟုပင် ဆိုလိုက်ခြင်းဖြစ်ပါသည်။ အမှောင်ကို ဖယ်ရှားပေးသော တုတ်ဖြူတစ်ချောင်း (သို့) အလင်းတစ်လက်၊ အမှောင်ထုကို ဖြိုခွင်းပေးမည့် အလင်းတစ်လက် White Cane ပါတည်း။

သင်မျက်မမြင်တစ်ဦးကိုတွေ့လျှင် အောက်ဖော်ပြပါ အချက်များအတိုင်း အကူအညီပေးနိုင်ကြောင်း ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) က မေတ္တာရပ်ခံထားပါသည်။

သူငယ်ချင်းအဖြစ်လက်ခံပါ

သူ့ရှေ့မှ မလျှောက်ပါနှင့်၊ သူမလိုက်တတ်ပါ။
သူ့နောက်မှ မလျှောက်ပါနှင့်၊ သူဦးမဆောင်တတ်ပါ။
သူ့ဘေးမှအတူလျှောက်ပြီး သူငယ်ချင်းလိုနေပေးပါ။

ဒေါက်တာဒေါ်န(တောင်ကြီး)

သူနှင့်အတူ လမ်းလျှောက်လျှင်

သင့်လက်မောင်းကို ကိုင်ပါစေ၊သူ့ကို မတွန်းပါနှင့်။
သင့်ခန္ဓာကိုယ်လှုပ်ရှားမှုဟာ သူ့ရဲ့မျှော်လင့်ချက်ပါ။

သူနှင့်အတူ စားလျှင်

ဟင်းလျာစာရင်းနှင့် တန်ဖိုးကို ဖတ်ပြပါ။
သူ့ဘက်မှ အကူအညီလိုလျှင် ဟင်းခပ်ထည့်ပေးပါ။
ကော်ဖီ/လက်ဖက်ရည်ကို ရောစပ်ဖျော်ပေးပါ။
သူ၏ ထမင်းပန်းကန်ဘေးပတ်လည်၌ရှိသော အစားအသောက်အမျိုးအစားများကို နာရီလက်တံပုံစံဖြင့် ပြောပြပေးပါ။

သူနှင့်အတူ အလုပ်လုပ်လျှင်

တံခါးကို ဘယ်တော့မှ ဟလျက်မထားပါနှင့်။
လူသွားစင်္ကြံကို အစီအစဉ်တကျ ရှင်းလင်းထားပါ။
ပရိဘောဂပစ္စည်းများကို ပြောင်းရွှေ့ထားလျှင် အသိပေးပါ။

သူတစ်ဦးတည်းရှိနေလျှင်

သင်သည်မည်သူဖြစ်ကြောင်း ဖော်ပြ၍ အခန်းထဲသို့ဝင်ပါ။
မျက်မမြင်တစ်ဦးရှိသည့် အခန်းတွင်းသို့ဝင်လျှင် ကျွန်ုပ်မည်သူဖြစ်ကြောင်း ဖော်ပြပါ။

သူနှင့်အတူထိုင်လျှင်

သူ့ကိုကုလားထိုင်မှာနေစေလိုလျှင် သူ့အား ကုလားထိုင်နောက်မှီကိုပြခြင်းဖြင့် လုံခြုံစိတ်ချစွာထိုင်ပါစေ။

သူနှင့်စကားပြောလျှင်

သင့်လိုပဲ စကားသံကို ကောင်းစွာကြားနိုင်ပါသည်။ တစ်ခါတစ်ရံ သင့်ထက်သာနိုင်ပါသည်။
သူနှင့်တိုက်ရိုက်ပြောပါ။ သူငယ်ချင်းမှတစ်ဆင့်မပြောပါနှင့်။

သူ့ကိုလမ်းညွှန်လိုလျှင်

သူသွားရမည့်လမ်းဝဲ(သို့)ယာဘက်အတွက် လမ်းညွှန်မှုကို အတတ်နိုင်ဆုံး ရှင်းလင်းစွာ လမ်းညွှန်ပေးပါဟု ဖော်ပြပါရှိပါသည်။

မျက်စိမှာအဆုံး၊ နားမှာအရှုံးဟူသော ရှေးလူတို့၏ဆိုးရိုးစကားမှာ ယနေ့ခေတ်စက္ခုအာရုံနှင့်သောတအာရုံချို့ယွင်းသူတို့အတွက် မှန်ကန်ခြင်း မရှိတော့။ အဘယ်ကြောင့်ဆိုသော် ပြင်သစ်နိုင်ငံသား မျက်မမြင်လူဝီဘရေးလ်က အစက်တွဲအမျိုးပေါင်း ၆၃ မျိုးပါဝင်သော ဘရေးလ်နည်းခေါ် (Braille Letter) ကို တီထွင်ခဲ့ပြီး ထိုသင်္ကေတများဖြင့် ပညာရပ်ဆိုင်ရာ စာပေများ၊ သိပ္ပံ၊ သင်္ချာနှင့်အနုပညာသင်္ကေတများအထိ ရေးသားပြုစုနိုင်ပြီး အထူးခြားဆုံးမှာ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့၏ စာအမျိုးမျိုးကိုပါ ရေးသားနိုင်ခြင်းဖြစ်ပါသည်။ မျက်မမြင် စာရေးဆူးနှင့်မျဉ်းတံ၊ မျက်မမြင်လက်နှိပ်စက်တို့ ပေါ်ထွန်းလာသည်သာမက ကွန်ပျူတာများနှင့်တွဲဖက်၍ စာရေး၊ စာဖတ်၊ စာအုပ်ထုတ်လုပ်လာနိုင်ပြီး (E-mail/Website/ Internet)များကို မျက်မမြင်များကိုယ်တိုင် ယနေ့တွင်ကျယ်စွာ အသုံးပြုနိုင်လာကြပြီ ဖြစ်ပါသည်။ ၁၀ တန်းအောင်မြင်သူ၊ အခြေခံဘွဲ့ရသူ၊ ဘွဲ့လွန်ရသူ မျက်မမြင်ပညာတတ်များများစွာပေါ်ထွန်းလာပြီး အသက်မွေးဝမ်းကျောင်း၊ လက်မှုပညာတတ်သူများ အထူးသဖြင့် ကျူးရှူးအနှိပ်ပညာ(Kyushu Massage Co.,Ltd.) ၏ဥက္ကဋ္ဌ Mr. Hirosie Shoji ကိုယ်တိုင်လာရောက်သင်တန်းပေးသွားသော ဂျပန်အနှိပ်ပညာကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ကြပြီး အနှိပ်ခန်းများ ထူထောင်နိုင်ကြသဖြင့် တစ်ဝမ်းတစ်ခါးဖူလုံလာကြသော မျက်မမြင်အနှိပ်သည်များလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် မျက်မမြင်များ၊ မသန်စွမ်းသူများကို တစိုက်မတ်မတ် အားပေးချီးမြှင့်ခဲ့ပါသည်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)အဖြစ် တာဝန်ထမ်းဆောင်စဉ်က ၂၀၀၂ ခုနှစ် စက်တင်ဘာ ၂၈ ရက်က (မခမမ)မျက်မမြင်ကျောင်းသို့ သွားရောက်ပြီး လှူဒါန်းခြင်းနှင့်အတူ ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပါသည်။ ဧည့်သည်တော်မှတ်တမ်းတွင်“ ဘဝကိုအရှုံးမပေးဘဲ ကြိုးပမ်းဆောင်ရွက်နေသူများအား မြင်တွေ့ကူညီရသဖြင့် များစွာ ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ လူသားတို့၏အကျိုးကို ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်” ဟု ရေးသားပေးခဲ့ပါသည်။

စက္ခုအလင်းချို့ယွင်းသူတို့အပေါ်ထားရှိသော နိုင်ငံတော်သမ္မတ၏ ကရုဏာတရားကကြီးမားလှပါသည်။ ထိုကြီးမားလှသောစေတနာ၊ မေတ္တာအရှိန်အဝါတို့ဖြင့် (၆၅)နှစ်မြောက် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုလိုက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာ့မြန်မာ့ရုပ်ရှင်

❖ အမေကျော်ထွေးတော်လှမ်း
အတွေးအခေါ်ဆန်းတယ်မထင်
ကိုယ့်ရုပ်ရှင်ကိုယ့်နိုင်ငံ
အဖိုးတန်ကျောက်မျက်၊ စိန်စီသောလက်များ
မှတစ်ပါးအခြားမရှိ၊ တို့ပြည်တွင်းမှာရှိသည်
❖ ဇာတိ၊ ပုညု ၊ ဂုဏ်မာနဖြင့်
သူ့ကျွန်ဘဝကိုထိုးဖောက်၊
အမျိုးဂုဏ်မြောက်စေရန်
အကြံမပြတ် “လန်ဒန်အက် ဦးအုန်းမောင်”
ဦးမောင်မောင်၊ ဦးညီပု
လမ်းစပြု ခရီးနှင်
မြင်သမျှ အတုယူ၊ ကိုယ်ထူကိုယ်ထ
ဘယ်သူ့ကိုမှမခ
၁၉၂၀ မှ စခဲ့တဲ့မြန်မာ့ရုပ်ရှင်
❖ သဏ္ဍာန်လုပ်သရုပ်ပီပြင်
အဟုတ်ထင်လေအောင်ဖမ်းစား
နှလုံးသားကိုတို့ခတ်
“ဟတ်” ထိမှ မှတ်မိကြခါခါ
❖ ရာပြည့်ခရီး၊ ရောက်လုနီးပြီ
စည်းလုံးခြင်းဖြင့် ရှေ့သို့ဆက်
ပြည်သူ့အတွက် မြန်မာ့ရုပ်ရှင်. . .။ ။
(“မြန်မာ့ရုပ်ရှင်နေ့”ကို ဂုဏ်ပြုသောအားဖြင့်)

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

လကြတ်သောဖြစ်စဉ်တစ်ခု ယခုလအတွင်း ကြုံတွေ့မည်

ရန်ကုန် အောက်တိုဘာ ၁၂

ယခုလအတွင်း လကြတ်သောဖြစ်စဉ်တစ်ခုကို ကြုံတွေ့ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ နက္ခတ်ဗေဒပညာရှင်အဖွဲ့မှ သိရသည်။

အဆိုပါဖြစ်စဉ်သည် အောက်တိုဘာ ၁၉ ရက်တွင် ကြုံတွေ့မည်ဖြစ်ပြီး ညနေ ၄ နာရီ မိနစ် ၂၀ မှ စတင်ကာ ညနေ ၆ နာရီ ၂၀ မိနစ်အထိ လကြတ်ခြင်းဖြစ်စဉ်ဖြစ်ပေါ်ပြီးနောက် ည ၈ နာရီ ၁၉ မိနစ်တွင် ကင်းလွတ်မည်ဖြစ်ကြောင်း၊ လကြတ်မှုဖြစ်စဉ်သည် အချိန်အားဖြင့် ၃ နာရီ ၅၆ မိနစ် ကြာမြင့်မည်ဖြစ်ပြီး အမေရိက၊ အာဖရိက၊ အာရှ၊ ဥရောပဒေသရှိ နိုင်ငံအချို့က မြင်တွေ့ရမည်ဟု သိရသည်။

“လကြတ်တာကတော့ မှိန်မှိန်လေးပဲ ကြတ်မှာပါ။ ကျွန်မတို့နိုင်ငံက နေမြင်တွေ့ရဖို့ကတော့ အခြေအနေ သိပ်မရှိဘူး” ဟု နက္ခတ်ပညာရှင်တစ်ဦးက ပြောသည်။

ထိုဖြစ်စဉ်ပေါ် မူတည်၍ ကောင်းကင်နက္ခတ်များနှင့် ယှဉ်တွဲ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် ပညာရှင်များက တွက်ချက်ခန့်မှန်းနေကြခြင်းများလည်း ရှိကြသည်။

ယခုနှစ်အတွင်း လွန်ခဲ့သော ဧပြီ ၂၆ ရက်နှင့် မေ ၂၅ ရက်တို့ကလည်း လကြတ်သောဖြစ်စဉ်များ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်သူကိုဗဟိုပြုသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၁၂

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ ခေါင်းဆောင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ UMFCCI မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းအလိုက် Working Group များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပုဂ္ဂလိကကဏ္ဍများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဆောင်ရွက်ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းမှ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုအစိုးရအဖွဲ့ဆပ်ကော်မတီ(Delivery Units) များကိုဒုတိယဝန်ကြီးများအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ကျန်သည့်လ ၃၀ အတွင်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင်ပြီးမြောက်သည်အထိ ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် မြေပြင်ကွင်းဆင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်သူကိုဗဟိုပြုသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကဏ္ဍအလိုက်ကြုံတွေ့နေရသော အခက်အခဲများမှာ လူပုဂ္ဂိုလ်အမိန့်ညွှန်ကြားချက်များကြောင့် အတားအဆီးအခက်အခဲဖြစ်နေပါက သက်ဆိုင်ရာအစိုးရအဖွဲ့ကော်မတီသို့ တင်ပြပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်ကြုံတွေ့နေရသော အခက်အခဲများကို Delivery Units များသို့တင်ပြကြရန်နှင့် တင်ပြချက်များအပေါ် သက်ဆိုင်ရာ Delivery Units များနှင့် ဆက်စပ်၍ ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍လည်းကောင်း၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းမှ ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့မှ အဖွဲ့ဝင်များနှင့် ပညာရှင်များဖြစ်သည့် ဒေါက်တာဇော်ဦး၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးကိုကိုလှိုင်တို့က ပုဂ္ဂလိကကဏ္ဍစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် UMFCCI မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအလိုက် Working Group များမှ တာဝန်ရှိသူများ၊ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် Delivery Units များမှ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခက်အခဲရှိနေသည်များကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိကပိုင်းတွင်လည်း ပြုပြင်ရန် လုပ်ငန်းများရှိနေကြောင်း၊ ယနေ့ဆွေးနွေးဖော်ထုတ်ရရှိချက်များအရ ငွေကြေး အရင်းအနှီးလိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန်ကိစ္စသည် ပထမ ဦးစားပေးကိစ္စဖြစ်ပြီး လျှပ်စစ်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍအခက်အခဲများကို လည်း ဦးစားပေးအဆင့်အလိုက် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ဤသို့ဆောင်ရွက်ပေးရမည့် ကိစ္စများအပေါ် Delivery Units များက ဖိဖိစီးစီးဆောင်ရွက်ပေးရန် လိုအပ်သလို ပုဂ္ဂလိကကဏ္ဍများက လည်း တိကျသေချာစွာတွက်ချက်တင်ပြပေးရန်နှင့် အခက်အခဲများကို ပွင့်လင်းမြင်သာစွာအပြန်အလှန် ဆွေးနွေးဖြေရှင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပြည်သူများမှ အကြံပြုချက်များ ပေးပို့နေသည့် အီးလ်မေးလိပ်စာ pspa.taskforce@gmail.com နှင့် Hotline ၀၁-၂၃၀၀၆၆၆ သို့ ပေးပို့ပါကလည်း ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီသို့ပါ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်တာနက်အသုံးပြုသူ မိဘပြည်သူများသို့ ရေအောက်ကေဘယ်ဆက်ကြောင်း ချွတ်ယွင်းမှုအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးတင်ပြ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်ပဆက်ကြောင်းများ ချိတ်ဆက်သုံးစွဲထားသော SMW-3 ရေအောက်ကေဘယ်ကုန်းတွင်းပိုင်းဆက်ကြောင်းသည် ၁၀-၁၀-၂၀၁၃ ရက်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပြည်ပနှင့်ချိတ်ဆက်ထားသော ဆက်ကြောင်းအချို့ပြတ်တောက်မှု ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ချွတ်ယွင်းမှုကြောင့် အင်တာနက်သုံးစွဲမှုမြန်နှုန်း အနည်းငယ် နှေးကွေးသွားနိုင်မည်ဖြစ်သော်လည်း ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဆက်ကြောင်းများမှ ပြောင်းလဲချိတ်ဆက်ပေးထားမည်ဖြစ်သဖြင့် ပြည်ပနှင့် ဆက်သွယ်မှုများ ပုံမှန်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ချွတ်ယွင်းမှုကို ပြုပြင်ရန် ခုနစ်ရက်ခန့်ကြာမြင့်နိုင်မည်ဖြစ်ပြီး အမြန်ဆုံး ပြန်လည်ကောင်းမွန်ရေးအတွက် ပြုပြင်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆိုင်ကယ်စီးဦးထုပ် ၇၅လုံး မော်ဘီမြို့တွင် အခမဲ့ဖြန့်ဝေ

ရန်ကုန် အောက်တိုဘာ ၁၂

မော်ဘီမြို့နယ်တွင် အမှတ်(၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆိုင်ကယ်စီးဦးထုပ်မဆောင်း၍ စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ထိုင်းနိုင်ငံထုတ် ဆိုင်ကယ်စီးဦးထုပ် အလုံးရေ ၇၅ လုံးကို အောက်တိုဘာ ၁၂ ရက် နံနက်က အခမဲ့ဖြန့်ဝေပေးကြောင်းသိရသည်။

အဆိုပါဆိုင်ကယ်စီးဦးထုပ်များကို မန္တလေးမြို့ မြတ်နိုးသူကုမ္ပဏီမှ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ဝယ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

"ဆိုင်ကယ်တစ်စီးဟာ အများဆုံးအထောက်အကူပြုပစ္စည်း ဖြစ်သလို အများဆုံးအန္တရာယ်ပေးတဲ့ ပစ္စည်းလည်း ဖြစ်တယ်၊ အရာဝတ္ထုတစ်ခုခုနဲ့ တိုက်ပါက ခန္ဓာကိုယ်မှာ အသက်အန္တရာယ် အပေးဆုံးအပိုင်းက ဦးခေါင်းပိုင်းဖြစ်ပါတယ်၊ ဒါကြောင့်မို့ ဆိုင်ကယ်စီးနင်းသူတွေ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး စီးနင်းကြဖို့ လိုအပ်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးသာဌေးက ပြောကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ဆိုင်ကယ်ကြောင့်ဖြစ်ပွားသော ယာဉ်မတော်တဆမှု ၂၀၁၂ ခုနှစ်တွင် ၇၁၂၇ မှု ဒဏ်ရာရသူ ၁၆၆၅ ဦး၊ သေဆုံးသူ ၁၈၂၃ ရှိ၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ၅၁၆၉ မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၈၁၉၉ ဦး၊ သေဆုံးသူ ၁၃၂၀ ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းဇယားများအရ သိရသည်။

(ကေသိန်းဆွေ)

MNL Cup ချန်ပီယံ ကမ္ဘောဇအသင်း ဆုလက်ခံရယူစဉ်။

စိုးမင်းဦး၏ဂိုးဖြင့် ကမ္ဘောဇဗိုလ်စွဲ

သတင်း - ချစ်ကိုကို ၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ကမ္ဘောဇအသင်း -တစ်ဂိုး

(စိုးမင်းဦး)

မကွေးအသင်း -ဂိုးမရှိ

အသင်းခေါင်းဆောင် စိုးမင်းဦး၏ဂိုးဖြင့် ကမ္ဘောဇအသင်း ဗိုလ်စွဲခဲ့ပြီး MNL ပြိုင်ပွဲတစ်လျှောက် ပထမဆုံးချန်ပီယံဆုဖလားဆွတ်ခူးရယူနိုင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ကမ္ဘောဇနောက်တန်း အမှားအယွင်းမရှိ၍ အနိုင်ဂိုးကို ထိန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်း အတွက် အနိုင်ဂိုးကို ၄၃ မိနစ်တွင် စထက်နိုင်ဝင်း၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် စိုးမင်းဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မသွင်းနိုင်၍ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ မကွေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ်သိန်း ၁၀၀၊ ပထမဆုရ ကမ္ဘောဇအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များနှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

(ယနေ့ပွဲ) နိုင်ငံတကာခြေစမ်းပွဲ

(သုဝဏ္ဏကွင်း၊ ညနေ ၅ နာရီ)

နေပြည်တော် - ဗီယက်နမ် ယူ-၂၃

ကိုရီးယားနှင့် ဂျပန်သို့ သွားရောက်လေ့ကျင့်မည့် မြန်မာ ယူ-၂၃ အသင်း လူစာရင်းထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာယူ-၂၃ လက်ရွေးစင်အသင်း၏ နည်းပြချုပ်ဖြစ်သူ ပတ်ဆောင်ဟွာသည် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့တွင် Joint Training သွားရောက် ပြုလုပ်မည့် ပဏာမလက်ရွေးစင် ၂၆ ဦး လူစာရင်းကို ထုတ်ပြန်လိုက်သည်။

မြန်မာယူ-၂၃ လက်ရွေးစင် ၂၆ ဦး စာရင်းတွင် ဂိုး-ပြည့်ဖြိုးအောင် (ဆောက်သမ်းမြန်မာ)၊ မျိုးမင်းလတ် (ဇေယျာရွှေမြေ)၊ ရန်အောင်လင်း (ဟံသာဝတီယူနိုက်တက်)၊ ကျော်ဇင်ဖြိုး(မကွေး)၊ နောက်တန်း အောင်ဟိန်းကျော်(ဇေယျာရွှေမြေ)၊ ဇော်မင်းထွန်း၊ သက်နိုင်၊ ရန်အောင်ဝင်း (ရတနာပုံ)၊ သိန်းသန်းဝင်း(ကမ္ဘောဇ)၊ အောင်ဇော် (ဟံသာဝတီယူနိုက်တက်)၊ ဇန်ဘိုထွန်း (မနောမြေ)၊ ဇာနည်ထက် (ရန်ကုန်ယူနိုက်တက်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီယူနိုက်တက်)၊ အလယ်တန်း ထူးထူးအောင် (မကွေး)၊ ဆက်ဖြိုးဝေ၊ ဒေးဗစ်ဒန်း၊ စည်သူအောင် (ရန်ကုန်ယူနိုက်တက်)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ နေလင်းထွန်း(ဧရာဝတီယူနိုက်တက်)၊ ရဲလင်းအောင် (ဇေယျာရွှေမြေ)၊ ကျော်မင်းဦး (MFF Academy/U19)၊ ရှေ့တန်း ကြည်လင်း၊ ကျော်ကိုကို (ရန်ကုန်ယူနိုက်တက်)၊ ကောင်းစည်သူ (ရတနာပုံ)၊ စိုးကျော်ကျော် (ဧရာဝတီယူနိုက်တက်)၊ အောင်သူ (MFF Academy/U19) ပါဝင်သည်။

မြန်မာအသင်းသည်အောက်တိုဘာ ၁၇ ရက်တွင် မြန်မာနိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်ကာ အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ တောင်ကိုရီးယားနိုင်ငံတွင် Joint Training ပြုလုပ်မည်ဖြစ်ကာ ကိုရီးယားကလပ်အသင်း လေးသင်းနှင့် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့နောက်တွင် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကာ နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ Joint Training ပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲ လေးပွဲ ဆက်လက်ကစားမည်ဖြစ်သည်။

(မောင်မောင်ဇော်)

အလုပ်သမား အထိမ်းအမှတ်ကျောက်တိုင်ကြီး ချောက်မြို့၌ ထည်ဝါစွာမြင်တွေ့ရ

ရန်ကုန် အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး ချောက်မြို့တွင်ရှိသော အလုပ်သမား မေဒေး အထိမ်းအမှတ်ကျောက်တိုင်ကြီးကို မြို့လယ်ပန်းခြံကုန်းမြင့်ထက်တွင် ထည်ဝါစွာတည်ရှိနေကြောင်း သိရသည်။

အဆိုပါကျောက်တိုင်သည် ၁၉၅၀ ပြည့်နှစ်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နယ်ချဲ့မျက်နှာဖြူအင်္ဂလိပ်များကို တော်လှန်ရာတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသော အလုပ်သမားများကို ဂုဏ်ပြု၍တည်ဆောက်ထားခြင်းဖြစ်သည်ဟု မြို့ခံများထံမှ သိရသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားမြို့တော်အဖြစ် တင်စားရလောက်သော ချောက်မြို့တွင် ယခုကဲ့သို့ထည်ဝါစွာ တွေ့ရှိရခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်အလုပ်သမားများကိုယ်စားပြု တစ်ခုတည်းသာရှိသော အထိမ်းအမှတ်ကျောက်တိုင်လည်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

လူငယ်တစ်ဦး ကြိုးဆွဲချသေဆုံး

ပျဉ်းမနား အောက်တိုဘာ ၁၂။ ။ပျဉ်းမနားမြို့မရဲစခန်းမှ ဒုရဲအုပ် စိုင်းကျော်လွင်သည် အောက်တိုဘာ ၉ ရက် ည ၈ နာရီက ရဲစခန်း၌ တာဝန်မှူးဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့နယ် ရွာသစ်အုပ်စု ရွာသစ်ကျေးရွာတွင် လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ သက်သေများဖြစ်သည့် ရန်အောင် (၂)ရပ်ကွက် ရာအိမ်မှူး ဦးစိုးအောင်နိုင်၊ ရွာသစ်ကျေးရွာ ရာအိမ်မှူး ဦးမြိုင်တို့နှင့်အတူ သွားရောက်စစ်ဆေး ခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးရာ ကြိုးဆွဲချသေဆုံးသူမှာ ယင်းရွာနေ ချစ်ဦးမောင်(ခ)ဗဒင်(၂၀)နှစ်ဖြစ်ပြီး ယင်းနေ့ည ၇ နာရီခန့်တွင် သုံးပင်ပတ်လည်ခြေတံရှည် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်အိပ်ခန်း အတွင်း အမြင့်ကိုးပေခန့်ရှိ ထုပ်တန်းတွင် ပလတ်စတစ်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးနေသည်ကို မိဘတို့မှ မြင်တွေ့ပြီးနောက် ကြိုးဖြတ်ချခဲ့ရကြောင်း၊ သားဖြစ်သူမှာ မန္တလေးဆေးရုံကြီး စိတ်ရောဂါအထူးကုဆရာဝန်နှင့် ပြသဆေးကုသနေရသူဖြစ်ကြောင်း မိဘများ၏ ပြောပြချက်နှင့်အတူ ရဲမှတ်တမ်းများအရသိရသည်။ သေဆုံးမှုကို ဓမ္မတာအတိုင်းဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ် စိုင်းကျော်လွင်က တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်ဖွင့်၍ ရဲစခန်းမှူး ဒုရဲမှူး မျိုးသန်းဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရန်ကုန်–မန္တလေး လမ်းဟောင်း၏ လမ်းဘေး ဝဲ ယာ တစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ / မရှိ မေးမြန်း၊ ဖြေကြား

အောက်တိုဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး စတုတ္ထနေ့တွင် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးမေးမြန်းသည့် **ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေး ဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုသည့် မေးခွန်း**အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဖြေကြားချက်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားချက်အပြည့်အစုံကို ဖော်ပြလိုက်ပါသည်-

ဥက္ကဋ္ဌ။ ။ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦးက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမင်းဦး။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း ဘေးဘက်ဝဲယာမှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုထားခြင်းနဲ့ ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ နှင့် ကိုက်ညီမှု မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကဲ့သို့ ပုံစံတူမေးခွန်းကို ပထမအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ ၂၅-၆-၂၀၁၃ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းထွန်းကလည်း ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးကို မီးမောင်းထိုးပြီးတော့ မေးပြခဲ့ဖူးသလို ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်ကလည်း ၂၁-၈-၂၀၁၃ ရက်နေ့မှာ ကဝမြို့နယ်နဲ့ သနပ်ပင်မြို့နယ်ကို မီးမောင်းထိုးပြီး မေးပြခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးထဲမှာတော့ လယ်ယာမြေကို အခြားမြေများအဖြစ် ပြောင်းလဲသုံးစွဲမှုတွေဟာ မြန်ဆန်များပြားနေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်း မေးမြန်းရတာက ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်ကို အခြေခံပေမယ့် တစ်နိုင်ငံလုံးကို စီးဆင်းသက်ရောက်မှုရှိစေဖို့ ရည်ရွယ်ပြီး မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေဥပဒေဟာ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေနည်းဥပဒေဟာ ဩဂုတ် ၃၁ ရက်နေ့တွင်လည်းကောင်း စတင်ပြီး အာဏာတည်ခဲ့ပါတယ်။ ဒီလယ်ယာမြေဥပဒေ၊ နည်းဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူများရဲ့ အခွင့်အရေးများ၊ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းများ၊ စည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့ပါက အရေးယူခြင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို အသေးစိတ်ဆွဲထားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် လယ်သမားများရဲ့ အခွင့်အရေးနဲ့လိုက်နာရမယ့် စည်းကမ်းတို့ကို ချိန်ခွင်လျှာညီပေးပြီး ပြစ်မှု၊ ပြစ်ဒဏ်များ မပေါ်ပေါက်စေရေးအတွက် ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ရပ်/ကျေးရွာမှ ဗဟိုအထိ ဖွဲ့စည်းပြီး တာဝန်ပေးထားတာကိုလည်း တွေ့ရှိရပါတယ်။ သို့သော်လည်း လက်ရှိပကတိအခြေအနေများမှာတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရထားသူများ၊ မြေစာရင်းမှ တာဝန်ရှိသူများ၊ အဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်များဟာ လယ်ယာမြေကိုအားလုံးဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ သတ်မှတ်ထားသောစည်းကမ်းအတိုင်း ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲလှယ်ခွင့်နဲ့ ပေးကမ်းခွင့်ရှိသည်ဆိုတဲ့ အချက်ကို [illegible] ရာကိုဆွဲယူပြီး အပေးအယူပြုလုပ်ကာ အခြားမြေများအဖြစ်သို့ ပြောင်းလဲသုံးစွဲခဲ့တဲ့အတွက် ယနေ့ကျွန်တော့် မဲဆန္ဒနယ်ရှိ လမ်းမကြီးရဲ့ဘေးမှ လယ်ယာမြေများ လျော့နည်းလာနေလျက်ရှိပါတယ်။

လယ်သမားများရဲ့ စီးပွားရေးကျပ်တည်းမှု၊ ငွေကြေးလိုအပ်မှုတို့ကို အခွင့်ကောင်းယူကာ [illegible] ပြီး ငွေရှင်ကြေးရှင်စီးပွားရေးလုပ်ငန်းရှင်များက [illegible] သဖွယ် လယ်သမားအခက်အခဲကို ငွေရှင်ကြေးရှင်အချက်မှတ်ယူကာ လယ်သမားများထံမှ လယ်ယာမြေများကို လယ်ယာမြေဈေးနှုန်းလည်းမက၊ အိမ်ခြံမြေ ဈေးနှုန်းများလည်းမကျ ဈေးကောင်းများပေး၍ ဝယ်ယူနေလျက်ရှိပါတယ်။ အချိန်ကာလကြာလာလျှင် လယ်သမားများဟာ လယ်မဲ့ယာမဲ့ဘဝများသို့ရောက်ရှိသွားပြီး ဆင်းရဲတွင်း နက်ကြရမယ့် အခြေအနေမျိုးသို့ ရောက်ရှိလာနိုင်ရာ ဥပဒေနဲ့အညီ စိစစ်ကိုင်တွယ်နိုင်ခြင်းမရှိပါက အလွန်စိုးရိမ်စရာအခြေအနေများကို ရောက်ရှိလာနိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်းဘေးဘက်ဝဲယာတစ်လျှောက် လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုမှုများဟာ ယခင်ကထက် ပိုမိုများပြားနေလျက်ရှိပါတယ်။ ဒီလို ပြုလုပ်မှုများထဲမှာ လူနေအိမ်များဆောက်လုပ်ခြင်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်နှင့် ဆီဆိုင်များ ဆောက်လုပ်ခြင်း၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေများကို ခြံစည်းရိုးတိုင်စိုက်၍ လပ်ထားခြင်းများပြုလုပ်ထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကိုအထောက်အထားပြည့်ပြည့်စုံစုံ Power Point နဲ့ တင်ပြဖို့ စီစဉ်သော်လည်း ကျွန်တော့် Memory Stick အခက်အခဲကြောင့် ကျွန်တော် တင်ပြနိုင်ခြင်းမရှိပါဘူး။ ကျွန်တော် အစကစီစဉ်ထားပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ပြုလုပ်မှုများမှာ အဓိက တာဝန်ရှိတဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများနဲ့ မြေစာရင်းဦးစီးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် စိစစ်ကြပ်မတ်တားဆီးမှု အားနည်းလျက်ရှိသည့်အပြင် ပါဝင်ပတ်သက်မှုများပင် ရှိနေသည့်အတွက် မကြာခဏ တိုင်ကြားမှုများ ပေါ်ပေါက်နေလျက်ရှိပါတယ်။ အဆောက်အအုံ ခိုင်မာစွာဆောက်လုပ်ပြီးပါမှ တားဆီးပါက မလိုလားအပ်တဲ့ ဆုံးရှုံးနစ်နာမှုများနဲ့ ဆိုးကျိုးများကို ဖြစ်နိုင်သလို၊ တာဝန်ရှိအဖွဲ့အစည်းများရဲ့ အပေါ်မှာလည်း အများပြည်သူရဲ့အထင်အမြင်လွဲမှားမှုများကို ဖြစ်စေနိုင်ပါတယ်။ အောက်ခြေအဆင့်မှာ ဆိုလျှင် မြေတိုင်းစာရေးများကို လိုင်စင်ရ မြေပွဲစားများ၊ မိုးမခေါင်ရေမကြီး မြေကြီးကရွှေသီးသူများ၊ ကွင်းမဆင်း၊ ရုံးမတက် ဂရန်လုပ်ဖို့သာ ဆောင်ရွက်လို့ ပြောနေကြတာကိုလည်း ကြားနေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဒါလေးကို ကျွန်တော်ဆက်လက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာအုပ်စု မအူပင်ကျေးရွာမှာ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းရှိပါတယ်။ ယခုပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အတွက် ကျောင်းပြောင်းရွှေ့ခွင့်ပညာရေးဝန်ကြီးဌာနက ခွင့်ပြုထားတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျေးရွာက ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့များက မြေတိုင်းစာရေးနဲ့ ညှိနှိုင်းတဲ့အခါမှာ လယ်ယာမြေကိုအခြားမြေအဖြစ် ကျွန်တော်တို့ ကျောင်းဆောက်လုပ်ခွင့်ရအောင် ဆောင်ရွက်တဲ့အခါမှာ အထက်အဆင့်အဆင့်ကိုပေးဖို့ဆိုပြီးတော့ ငွေ ၇၀၀၀၀ တောင်းပါတယ်။ အဲဒီလို တောင်းတဲ့အခါမှာ တချို့ကော်မတီအဖွဲ့ဝင်တချို့က ကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော့်ဆီကို အကျိုးအကြောင်းလာပြောပါတယ်။ ကျွန်တော်ကလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးကို မြို့နယ်မြေစာရင်းဦးစီးကိုသွားပြီးတော့ အကျိုးအကြောင်းပြောတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဌာနဆိုင်ရာ အဆောက်အအုံများကို အခြားမြေအဖြစ် သုံးစွဲခွင့်ရအောင် ပြုလုပ်တဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ ယူပြီးတော့ဆောင်ရွက်ပေးတာ မရှိပါဘူးလို့ပြောပါတယ်။ နောက်နေ့မှာ အဲဒီလိုပြောပြီးတဲ့ နောက်နေ့မှာ အဲဒီ ငွေ ၇၀၀၀၀ကို ၆၀၀၀၀ တော့ပြန်ပေးပါတယ်။ ၁၀၀၀၀တော့ လက်လွန်သွားလို့ဆိုပြီးတော့ မရခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော် ဆိုလိုချင်တာက ဌာနဆိုင်ရာ အဆောက်အအုံများဆောက်လုပ်တဲ့နေရာမှာတောင်မှ အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲတဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ မယူပါဘူးလို့ ပြောတာတောင် ၇၀၀၀၀ လောက်အထိ တောင်းတယ်ဆိုရင် ပုဂ္ဂလိကဆိုင်ရာ အဆောက်အအုံများနဲ့ မြေများကို အခြားမြေများအဖြစ်ပြောင်းလဲပြီး သုံးစွဲမယ်ဆိုရင် မည်ရွေ့မည်မျှများ တောင်းခံနေမှာလဲလို့ ကျွန်တော် တွေးမိတာပါ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရေနံချောင်းခရီးစဉ်တုန်းက ပြောခဲ့သလိုပဲ ပုဒ်မ ၄၊ ပေးမှုလုပ်။ အပိုင်း(၄) အပေးလိုင်းများ ခွင်မဝင် ဝင်အောင် ညှိပြီးတော့ခေါက်ရိုးကျိုးတွေ မပြေသေးတဲ့ ဉာဉ်ဆိုးတွေဟာ အောက်ခြေမှာအမြစ်တွယ် ရှင်သန်နေလျက်ရှိပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကတာဝန်အရှိဆုံးဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေနဲ့ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံရေး၊ ဆန်စပါး၊ စိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် တောင်သူလယ်သမားများထံမှ လယ်ယာမြေများကို ဝယ်ယူထားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို စပါးသီးနှံ မပျက်မကွက် ဆက်လက်စိုက်ပျိုးကြရေးနဲ့ ယင်းမြေပေါ်မှာ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အခြားနည်းအဖြစ် ပြောင်းလဲအသုံးပြုကြစေရေးအတွက် အသစ်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စားသိရှိလို၍ မေးမြန်းလိုသည်မှာ (က)ဖော်ပြပါအုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ်ပြောင်းလဲသုံးစွဲခဲ့ခြင်းများမှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုရှိ/မရှိ ၊မရှိပါက မည်သို့အရေးယူဆောင်ရွက်ပါမည်လဲ။ (ခ)ယခင်နှင့်ယခုအထိ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ လက်ဦးမှုရယူကာ အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ထားခြင်းအပေါ်မှာ ဥပဒေနှင့်ညီညွတ်အောင်မည်ကဲ့သို့ ပြန်လည်ကုစားပေးပါမည်လဲ။ (ဂ) နောက်ထပ် ဥပဒေမဲ့ဖြစ်ရပ်မျိုးမပေါ်ပေါက်အောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ။ ဒီဖြစ်ရပ်မျိုးတွင် ပါဝင်ပတ်သက်သော သက်ဆိုင်ရာဝန်ထမ်းအဆင့်ဆင့်ကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည်လဲလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ သိရှိလို၍ လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဝန်ကြီး။ ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးက တင်ပြဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏ ကြယ်ပွင့်ပြမေးခွန်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/ မရှိ၊ မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မှု ပြုလုပ်မည်ကို သိရှိလိုပါကြောင်း ဖော်ပြပါရှိပါတယ်။ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ လယ်ယာမြေကို အသုံးချခြင်းတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေ ပုဒ်မ ၂၉၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ မှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်တယ်။

လယ်ယာမြေဥပဒေပုဒ်မ ၃၀၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နဲ့ စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်တယ်။

အလားတူ လယ်ယာမြေနည်းဥပဒေ ၇၉၊ ၈၀ တို့တွင်လည်း လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ခွင့်နှင့် ပတ်သက်၍ အသေးစိတ်တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင် ၂၀ ဦးပါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ အဖွဲ့ဝင် ၁၀ ဦးပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းတာဝန်ပေးပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၅(ဂ)တွင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ဆက်လက်တင်ပြရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး မူလလမ်းဘေးဝဲယာမှာ ဖြူးမြို့နယ်အဆုံး အုတ်တွင်းမြို့နယ်အစ ညောင်လွင့်ကျေးရွာအုပ်စုမှ ညောင်လွင့်ကျေးရွာအပါအဝင် အုတ်တွင်းမြို့နယ်အဆုံး တောင်ငူမြို့နယ်အစ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စုအထိ ကျေးရွာ ၁၂ရွာတည်ရှိပြီး အဆိုပါကျေးရွာ ၁၂ ရွာမှာ ယခင်အစိုးရအဆက်ဆက် လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲခွင့် လ/န(၃၉)အရ တရားဝင်ခွင့်ပြုချက်မရဘဲ လယ်ယာမြေပေါ်မှာ ကျူးကျော်လျက် လူနေအိမ်ရာမြေအများစုအပါအဝင် ဆောက်လုပ်အသုံးပြုထားသည့် အဆောက်အအုံ၊ ခြံဝင်းပေါင်း(၄၅၀)ခန့် အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လက်ရှိအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန်အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝမရှိသေးကြောင်းနဲ့ အဆိုပါကျူးကျော်ဆောက်လုပ်အသုံးပြုထားတဲ့ အဆောက်အအုံ၊ ခြံဝင်းများနဲ့ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနဲ့အညီ စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေအရ သော်လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရသော်လည်းကောင်း၊ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးဟာ သာမန်ပြည်သူ/ပြည်သားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေအပြင် ဝန်ထမ်းဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာရပြီး အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်းစည်းကမ်း ဥပဒေနှင့်အညီ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတစွာဖြင့် သတိပေးခြင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ နိုင်ငံနှင့်အဝန်း အပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက တရားစွဲအရေးယူဆောင်ရွက်ခြင်းအထိ အရေးယူဆောင်ရွက်မှုများရှိပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားခဲ့ပါတယ်။

လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရဟု တားမြစ်ပြဋ္ဌာန်းထားရှိပြီး အခန်း(၇)၊ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍ အရေးယူခြင်းနှင့် အခန်း(၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ အောက်ပါအတိုင်း တိကျစွာပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၁၉ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သည် ဥပဒေနှင့် ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်တယ်။ (က)သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊(ခ)သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကိုဖယ်ရှားခြင်း၊ ပုဒ်မ ၂၀၊ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်ထားသောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါသတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၅၊ မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်ထားသောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုမှာ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ခိုင်မာစွာဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၂ ဖြင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိခဲ့ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၁၂ ဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကိုဖွဲ့စည်းပေးခဲ့ပြီး ထိုလယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ကိုယ်တိုင်ပါဝင်ဦးဆောင်တဲ့ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ခိုင်မာစွာဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စများနှင့်စပ်လျဉ်းပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စွာလိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဥပဒေကို တိတိကျကျကျင့်သုံးလိုက်နာ တာဝန်ခံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေကို အကြောင်းကြောင်းကြောင့် အခြားနည်းလမ်းအသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့်ညီညွတ်စွာထိန်းသိမ်းနိုင်ရေးနှင့် ယခင်အစိုးရကာလက ယခင်ကာလဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် လက်ရှိအစိုးရကာလတွင် ဖြေရှင်းမပြီးပြတ်သေးသော လယ်ယာမြေပြဿနာများကို လေးနက်စွာသင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေနဲ့ ဥပဒေနှင့်မညီညွတ်သော လယ်ယာမြေကို အခြားနည်းအသုံးပြုမှုများမပေါ်ပေါက်စေရေးအတွက် တိတိကျကျကျင့်သုံးဆောင်ရွက်ကြရန်လိုအပ်ကြောင်းကိုလည်း ၆-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ် သတင်းစာများမှာ ဖော်ပြထားပြီးလည်း ဖြစ်ပါတယ်။

လယ်ယာမြေကို သီးနှံပုံစံပြောင်း၍ စိုက်ပျိုးလိုပါကလည်း ဆောင်ရွက်ရမည့် နည်းလမ်းများကို လယ်ယာမြေနည်းဥပဒေ ၆၉၊၇၇နဲ့ ၉၇ တို့မှာ တိကျစွာပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်ယာမြေများအပေါ် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေလျော့နည်းမှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ရမှာဖြစ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်များအနေဖြင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် လယ်ယာမြေများ လျော့နည်းမှုမရှိစေရေးကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီစွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပြီး တင်ပြကြရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့်စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၅-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊၄/၂၂၀ (ဂ)(၆)(၆၁၀/၂၀၁၃)ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၉-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉/အဖရ(၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံကို လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နဲ့ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနဲ့ ကိုက်ညီမှုမရှိသည့် အသုံးပြုဆောင်ရွက်ထားရှိမှုများအပေါ်မှာ မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်ညီညွတ်စွာ အရေးယူဆောင်ရွက်သွားကြရန် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို တိတိကျကျ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ။ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ရမည်းသင်းဘက်မှာလည်း အလားတူပဲ လယ်ယာမြေတွေမှာ မြေဖို့ပြီးတော့ အထူးသဖြင့်တော့ ဓာတ်ဆီဆိုင်တွေ မှိုလိုပေါက်ပြီးတော့ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု ပေါ်လာတာတွေဖြစ်နေတယ်။ ရန်ကုန်နဲ့ မန္တလေးကြားထဲမှာ ဓာတ်ဆီဆိုင်လုပ်ငန်းတွေ ထွန်းကားလာတဲ့အတွက် ဒီလယ်ယာမြေ အခြားနည်းဥပဒေမဲ့ သုံးစွဲတဲ့ တရားဝင်ခွင့်ပြုချက်မရဘဲနဲ့ သုံးစွဲတဲ့ကိစ္စတွေကတော့ အမြောက်အမြားရှိမယ်ထင်ပါတယ်။ အခု ပဲခူးတိုင်းဒေသကြီးမှာ (၄၅၀) လောက်ရှိသလို မန္တလေးတိုင်းဒေသကြီးမှာလည်း ရှိမှာပဲ။ ရန်ကုန်နဲ့မန္တလေးကြားဖြစ်တဲ့အတွက် ဒါတွေကိုတော့ ခုနက လွှတ်တော်ကိုယ်စားလှယ် တင်ပြသလို အရေးယူစရာရှိရင်လည်း အမြန်အရေးယူတားဆီးဖို့လိုမယ်။ တရားဝင်ခွင့်ပြုလို့ရတဲ့နေရာတွေမှာ ခွင့်ပြုပါ။ လိုအပ်ချက်တစ်ရပ်အနေနဲ့ ခွင့်ပြုနိုင်ပါတယ်။ အဲဒီတော့ မြေအမျိုးအစားခွဲခြားရမယ်။ စိုက်လို့ ပျိုးလို့ မရတဲ့မြေဖြစ်ရမယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အခုလုပ်ချင်သလိုလုပ်နေတဲ့သဘော ဖြစ်လာတာပေ့ါနော်။ ဒါကြောင့်မို့လို့ ဒီကိစ္စမှာ ခုနက ဒုဝန်ကြီးပြောတာ ပြည်ထောင်စုသတင်းစာတွေ ဆိုတဲ့အခါကျတော့ ပြည်ထောင်စုသတင်းစာဆိုတာ မှားနေတယ်ထင်တယ်။ ပြည်ထောင်စုသတင်းစာဆိုတာ ပါတီက ထုတ်တဲ့သတင်းစာပါ။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ ထည့်ရမှာပေ့ါ။ ခင်ဗျားဆိုလိုတာ အဲဒါပဲဖြစ်ပါလိမ့်မယ်။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ သေချာအောင်လုပ်ပြီးတော့ ဒါတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကလည်း ဆောင်ရွက်သလို ခင်ဗျားတို့ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း အမြင်မတော်တာတွေ့ရင် တွေ့တဲ့ဥစ္စာကို ချက်ချင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်တတ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာထွက်ကုန်နဲ့ ပတ်သက်လို့ တာဝန်အရှိဆုံးက ခင်ဗျားတို့ဖြစ်နေလို့။ ဟုတ်ပြီနော်။ ကောင်းပါပြီ။ ထိုင်ပါ။

အဲဒီတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဒီမေးခွန်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်တဲ့ မေးခွန်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ မေးမြန်းတဲ့လုံးကောက်၊ ဖြေကြားတဲ့လုံးကောက်နဲ့ ဥက္ကဋ္ဌရဲ့ပြောကြားချက်ကို ထည့်သွင်းတဲ့အပြင် ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။

အရှေ့အာရှတွင် အချက်အချာကျသော လေဆိပ်ကြီးဖြစ်လာမည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်

ရန်ကုန် အောက်တိုဘာ ၁၂

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ဦးဆောင်သည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် အကောင်အထည်ဖော် တည်ဆောက်ရေးကော်မတီနှင့် ဦးစားပေး(၁) တင်ဒါအောင်မြင်သူ Incheon Airport Consortium အဖွဲ့တို့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိကလေကြောင်းပို့ဆောင်ရေး ဝင်ပေါက်ဖြစ်ပြီး အရှေ့အာရှတွင် အချက်အချာကျသော လေဆိပ်ကြီး (Regional Hub) ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဂုဏ်ဆောင် (National Land Mark) အဆောက်အအုံဖြစ်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးမားစွာအထောက်အကူပြုမည့် အခြေခံအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ လေဆိပ်တည်ဆောက်ရေးအား သတ်မှတ်ချိန်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် နှစ်ဖက်အကျိုးစီးပွားမျှတစွာဖြစ်ပေါ်စေမည့် နှစ်ဦးသဘောတူစာချုပ်အား အမြန်ဆုံးချုပ်ဆိုသွားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်တိုက်တွန်းမှာကြားသည်။

နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲခြင်းကိစ္စရပ်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံတကာမှ ဧည့်သည်များ မြန်မာနိုင်ငံအတွင်းသို့ လေကြောင်းမှဝင်ထွက်မှုမှာ နှစ်စဉ် ၃၀ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်ကိုင်တွယ်နိုင်မှုမှာ အများဆုံးတစ်နှစ်လျှင် ၂ ဒသမ ၇ သန်းသာရှိသည့်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ခြင်းအား ခရီးသည် ခြောက်သန်းအထိ ကိုင်တွယ်နိုင်မည့်အဆင့်သို့ရောက်ရှိအောင် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထို့အတူ တိုးတက်များပြားလာသည့် လေကြောင်းခရီးသွားလုပ်ငန်းအား ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပထမအဆင့်ခရီးသည် ၁၂ သန်း၊ ဒုတိယအဆင့်ခရီးသည် သန်း ၂၀၊ တတိယအဆင့် ခရီးသည် သန်း ၃၀ ကိုင်တွယ်နိုင်ရန်အတွက် လေဆိပ်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးတင်ငွေ ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ယမန်နေ့တွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု သန်းကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ မွေးမြူရေးကိစ္စများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြေပြင်သာဆူးတပ်ကြီး၊ ပုတီးကုန်း၊ ထန်းတပင်၊ ဝွေးကုန်း၊ လေးတိုင်စင်၊ လဲလူအတွင်းရှိ ကျေးရွာများမှ ဆိုလာမီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများ ဆောင်ရွက်ပေးရန် တင်ပြကြသည်။

အောက်တိုဘာ ၁၁ ရက်တွင် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ် စည်ပင်သာယာရေး(ကျောက်ကုန်း) ဝန်ထမ်းအိမ်ရာဝန်းအတွင်းရှိ ပြုပြင်နေသည့်တွင်းတူးစက်အမှတ် DDA. 038ကိုကြည့်ရှုပြီး**(အပေါ်ပုံ)**ဘုရားပျိုကျေးရွာအုပ်စု ဝွေးတောက်စန်းရွာ၌ အုပ်စုအတွင်း ကျေးရွာများရှိ ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံခဲ့သည်။ ကျေးရွာများမှ ဆိုလာမီး ရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်ကျောက်ချောလမ်းဖြည့်ဆည်းပေးရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ကန်ကျေးရွာအုပ်စု သံဘိုလေးကျေးရွာသို့လည်းကောင်း၊ မြို့သစ်မြို့နယ် ရွှေပန်းကျေးရွာသို့လည်းကောင်းရောက်ရှိပြီး ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ–ဟောင်ကောင် ချစ်ကြည်ရေးခရစ်ကတ်အားကစားပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာ-ဟောင်ကောင် အမျိုးသားချစ်ကြည်ရေး ခရစ်ကတ်အားကစားပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံ ခရစ်ကတ်အားကစားကွင်း(SHWE PINLONE CRICKET OVAL)၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့်ခရစ်ကတ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြည်မင်းက မြန်မာခရစ်ကတ်အားကစားသမားများနှင့် ဟောင်ကောင်ခရစ်ကတ်အားကစားသမားများအား မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာ-ဟောင်ကောင် အမျိုးသားချစ်ကြည်ရေး ခရစ်ကတ်အားကစားပွဲကို စတင်ကျင်းပပြီး ဟောင်ကောင်ခရစ်ကတ်အားကစားသမားများအား အလုံမြို့နယ်ရှိ THE CORRIANDER LEAF စားသောက်ဆိုင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။ **(ကြေးမုံ)**

အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးတိုးတက်မှု နည်းပညာတက္ကသိုလ်များအတွက် အကျိုးပြု

ရန်ကုန် အောက်တိုဘာ ၁၂

အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာရေးစီမံကိန်းကြောင့် ပြည်တွင်းရှိ အခြားသော နည်းပညာတက္ကသိုလ်များအတွက်လည်း အကျိုးဖြစ်ထွန်းနိုင်စေကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အဆိုပါစီမံကိန်းကို ယခု ၂၀၁၃ ခုနှစ်မှစတင်ကာ (၅)နှစ်စီမံကိန်းအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာနအောက်တွင် ရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ်တို့ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ Kyoto University အပါအဝင် ဂျပန်တက္ကသိုလ်ခုနစ်ခုက JICA ၏ ပံ့ပိုးမှုဖြင့် အကူအညီပေးရန် သဘောတူ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ထိုစီမံကိန်းတွင် အင်ဂျင်နီယာဘာသာရပ်ကိုးခုကို လုပ်ဆောင်နေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှ Kyoto University အပါအဝင် Chiba University, Niigata University, Kanazawa University, Okayama University, Nagasaki University, Kumamoto University တို့က ပါဝင် ဆောင်ရွက်ကြမည်ဖြစ်သလို နားလည်မှုစာချွန်လွှာကိုလည်း ယခုလအတွင်း ရေးထိုးခဲ့ကြပြီးဖြစ်သည်။

အဆိုပါစီမံကိန်းကြောင့် သိပ္ပံပညာရပ်ဆိုင်ရာ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများနှင့် သတင်းအချက်အလက်များ ဖလှယ်ခြင်းအားဖြင့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတကာ ပုံနှိပ်ထုတ်ဝေမှုဆိုင်ရာ မူဝါဒများအား ပိုမိုနားလည်ကျွမ်းဝင်လာခြင်း၊ ပိုမိုပြည့်စုံမှန်ကန်သော သတင်းအချက်အလက် အထောက်အထားများကို ရရှိနိုင်ခြင်း၊ သင်ကြားရေးဝန်ထမ်းများ ဖလှယ်ခြင်းအားဖြင့် နိုင်ငံတကာသင်ကြားမှု နည်းစနစ်များကိုအပြန်အလှန်မျှဝေနိုင်သည့်အတွက် သင်ကြားရေးတွင် ပိုမိုထိရောက် အောင်မြင်နိုင်ခြင်း၊ ကျောင်းသားများ ဖလှယ်ခြင်းအားဖြင့် အနာဂတ်မျိုးဆက်သစ်များကို နိုင်ငံတကာ အတွေ့အကြုံသစ်များ၊ ပညာသင်ယူမှုနည်းပညာများ၊ ဘာသာစကားယဉ်ကျေးမှုဓလေ့ထုံးထမ်းများနှင့် ရင်းနှီးကျွမ်းဝင်လာနိုင်စေခြင်း၊ ပူးပေါင်းသုတေသနနှင့် သုတေသနဆိုင်ရာ အစည်းအဝေးများ ကျင်းပခြင်းအားဖြင့် နိုင်ငံတကာ သုတေသနဆောင်ရွက်မှု အတွေ့အကြုံသစ်များရရှိနိုင်ပြီး သုတေသနလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံအချင်းချင်း ယဉ်ကျေးမှုဖလှယ်နိုင်ပြီး အပြန်အလှန်နားလည်မှုရှိစွာဖြင့် နှစ်နိုင်ငံချစ်ကြည်မှုပိုမိုခိုင်မြဲစေခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိစေမည်ဟုသိရသည်။

ထက်ခိုင်(စမ်းချောင်း)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့်စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial-2 (DVB-T2)သို့ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free to Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(တပ်ကုန်း)ရှိ စက်ရုံလေးရုံမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လွိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟင်္သာတနှင့် ထားဝယ်မြို့များရှိ စက်ရုံ ၂၀ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကို လည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကို လည်းကောင်း၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၆၆ ရုံကို လည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့်လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များတပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International(MI Channel)၊ လွှတ်တော် (Channel)၊ တိုင်းရင်းသား ရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) စသည်ဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free to Air စနစ်ဖြင့် ကနဦးထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများ အပါအဝင် ချန်နယ်ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရန်ကုန်စက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်အထိ လည်းကောင်း၊ တောင်ဘက် ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအထိ လည်းကောင်း၊ အရှေ့ဘက်တွင် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် တွံတေးမြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ စစ်ကိုင်းစက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-31)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မတ္တရာမြို့အထိ လည်းကောင်း၊ တောင်ဘက် ဝမ်းတွင်းမြို့အထိလည်းကောင်း၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့အထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်မြို့အထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(ပျဉ်းမနား)ရုပ်သံစက်ရုံမှ လွှင့်အား(3 KW)၊ လိုင်းနံပါတ်(CH-30)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့အထိလည်းကောင်း၊ တောင်ဘက် သာဂရမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရေဆင်း၊ သိုက်ချောင်းအထိ လည်းကောင်း၊ အနောက်ဘက်တွင်တောင်ညိုအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(တပ်ကုန်း)ရှိ လွှင့်စက်ရုံမှ လွှင့်အား(1 KW)၊ လိုင်းနံပါတ်(CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် ပျော်ဘွယ်မြို့အဝင် လမ်းဆုံအထိလည်းကောင်း၊ တောင်ဘက် ကျည်တောင်ကန်အထိ လည်းကောင်း၊ အရှေ့ဘက်တွင် သပြေကုန်းကျေးရွာ၊ နောက်ဘို့အိုးကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြိုက်၊ သရက်ကွင်းကျေးရွာအထိလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နေပြည်တော်ရှိ Cable TV လိုင်းတွင်လည်း ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

DVB-T2, MPEG-4 Tuner ပါသော Digital TV များဖြင့် လည်းကောင်း၊ DVB-T2, MPEG-4 Set-top Box များဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ထုတ်လွှင့်သော ရုပ်သံလိုင်း ငါးခုသာမက မြဝတီကထုတ်လွှင့်သော ရုပ်သံလိုင်း ခုနစ်လိုင်းကိုလည်းကောင်း၊ Forever မှ ထုတ်လွှင့်သော ရုပ်သံလိုင်း လေးလိုင်းကို လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ရာ စုစုပေါင်း ရုပ်သံလိုင်း ၁၆ လိုင်းကို လစဉ်ကြေးပေးသွင်းရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏ အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ်ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)

ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး အင်္ဂလိပ်စာကျွမ်းကျင်မှုပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး အင်္ဂလိပ်စာကျွမ်းကျင်မှုပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ယနေ့ ပြုလုပ်သည့် အခမ်းအနားသည် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ပညာရည်စွမ်းဆောင်မှု ဖော်ထုတ်ပြသသည့် အခမ်းအနားဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာစကားသည် နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့်အတွက် အင်္ဂလိပ်စာကျွမ်းကျင်ရန် လိုအပ်ကြောင်း၊ ယနေ့ နိုင်ငံတကာပညာရေးနယ်ပယ်၊ နည်းပညာနယ်ပယ်များရှိ စာပေ၊ ပညာရပ်များမှာ အင်္ဂလိပ်ဘာသာဖြင့်သာ ပြုစုထားသဖြင့် နိုင်ငံတကာ ပညာရေးနယ်ပယ်လေ့လာနိုင်ရန်နှင့် နည်းပညာခေတ်ကိုသွားနိုင်ရန် အများသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်စာကျွမ်းကျင်ရန်လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အင်္ဂလိပ်စာအခြေခံသင်တန်း Level-3 သင်တန်းဆင်း သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း အင်္ဂလိပ်စာ ကျွမ်းကျင်မှု အခြေအနေများကို မိမိတို့ကျရာ စာတမ်းခေါင်းစဉ်အလိုက် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသူများက အပြန် အလှန်ဆွေးနွေး မေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသည့်ဝန်ထမ်းများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။ **(သာသနာရေး)**

ကမ္ဘောဒီးယားခြင်းလုံးအားကစားသမားများ နေပြည်တော်(GOLD CAMP)တွင် လေ့ကျင့်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအထိ ကမ္ဘောဒီးယား ခြင်းလုံးအားကစားအဖွဲ့သည် နေပြည်တော် (GOLD CAMP)တွင် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။**(ယာပုံ)**

ကမ္ဘောဒီးယားခြင်းလုံးအဖွဲ့ ၁၆ ဦး ပါဝင်ပြီး အောက်တိုဘာ ၁ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နေပြည်တော်(GOLD CAMP)၌ မြန်မာခြင်းလုံး အားကစားသမားများနှင့်အတူ ပူးတွဲလေ့ကျင့်လျက်ရှိသည်။ လေ့ကျင့်ရာတွင် မြန်မာခြင်းလုံးနည်းပြအဖွဲ့ဝင်များနှင့် မြန်မာခြင်းလုံးအားကစားသမားများ ကူညီသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကမ္ဘောဒီးယားခြင်းလုံးအဖွဲ့အား ပြိုင်ပွဲကာလအထိ လေ့ကျင့်ခွင့်ပေးရခြင်းမှာ မြန်မာနိုင်ငံက ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို အာရှနိုင်ငံများမှ ပိုမိုစိတ်ဝင်စားမှုမြင့်မားလာ

စေရေး ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့မှ ပူးပေါင်းလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

(ကျော်သူရ-နေပြည်တော်)

ရေလမ်းကြောင်းသတိပေးချက်

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6 တွင် Geotechnical Well Site Survey လုပ်ငန်းကို တိုင်းတာရေးရေယာဉ် MV. MARINER ဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Well Site Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ Work Area Coordinate for (A) Block တွင် Point A1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၈ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၉ ဒသမ ၆၁ စက္ကန့်၊ Point A2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၁၂ ဒသမ ၃၀ စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၅ စက္ကန့်နှင့် Point A4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၁ ဒသမ ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၂၉ စက္ကန့်၌လည်းကောင်း၊ Work Area Coordinate for(B) Block တွင် Point B1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၅၀ ဒသမ ၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၉၁ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၉ မိနစ် ၄၅ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၆ မိနစ် ၂၂ ဒသမ ၀၅ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၇ မိနစ် ၅၂ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၅၂ ဒသမ ၈၆ စက္ကန့်နှင့် Point B4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁ မိနစ် ၁၁ ဒသမ ၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၇ ဒသမ ၂၇ စက္ကန့်၌ လည်းကောင်းဖြစ်သည်။

သို့ဖြစ်ပါ၍ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6 တွင် Geotechnical Well Site Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါသဖြင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန



အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို(၁၄-၁၀-၂၀၁၃)ရက်မှ(၁၆-၁၀-၂၀၁၃)ရက်နေ့ထိ နေ့စဉ်(၁၀း၀၀)နာရီမှ (၁၄း၀၀)နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို(၁၆-၁၀-၂၀၁၃)ရက်နေ့(၁၃း၀၀)နာရီမှ(၁၄း၀၀)နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၃၆ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

တတည်းမှုုးထံရောက်ရှိလာသောပေးစာများ

ရပ်ကွက်အတွင်းမှ ငါးအသားလှီးလုပ်ငန်း

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၁၀၇) ရပ်ကွက် အပိုင်း(၄) မြခွာညိုလမ်းရှိ အိမ်တစ်အိမ်တွင် ဈေးများတွင်ရောင်း ချရန်အတွက် ရေငန်ငါးများကို ရေခဲရိုက်ခြင်း၊ ရေဆေးခြင်း၊ ငါးအသားလှီးလုပ်ခြင်းတို့ကို ငါးပိ၊ ငါးခြောက်ဇုန်သဖွယ် ရပ်ကွက်အတွင်းလုပ်ဆောင်နေသဖြင့် ငါးအညှီနံ့များ၊ ငါးအရေခွံများကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိခြင်း၊ ကျန်းမာရေးထိခိုက်နေခြင်းတို့ကြောင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ဆန်စက်မှ အမှုန်အမွှားများ ပတ်ဝန်းကျင်ပျံ့နှံ့

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သံဒင်းစံပြကျေးရွာရှိ အင်ဂျင်ပါဝါ (၅၀)အားရှိ ဆန်စက်မှ အမှုန်အမွှားများ၊ အနံ့အသက်များ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ခြင်း၊ ကလေးငယ်များ စာကျက်ရန် အခက်အခဲဖြစ်ခြင်း၊ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ခြင်းတို့ကြောင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာ။

ပုံကျဈေးသည်များအား နေရာငှားစားနေ

ရန်ကုန်မြို့ တာမွေမြို့နယ် (၁၆၇)လမ်းပေါ်ရှိပုံကျဈေးသည်များသည် မြေညီထပ်အခန်းပိုင်ရှင်များနှင့် ညှိပြီး ဈေးဗန်းတစ်နေရာစာလျှင် တစ်နေ့ ကျပ် ၁၀၀၀၊ ကျပ်၁၅၀၀ ပေး၍ ရောင်းချနေသဖြင့် တရားဝင်အခွန်ဆောင်ပြီး ရောင်းချသော ယခင်ရာပြည့်ဈေး၊ ယခုအခွန်လွတ်ဈေး(ယာယီ) ရွှေ့ပြောင်းရောင်းနေသောဈေးဆိုင်များသို့ ဈေးဝယ်သူများ လာရောက်ဝယ်ယူခြင်းမရှိဘဲ ပုံကျဈေးတွင်သာ ဝယ်ယူနေပါသဖြင့် အဆိုပါ ပုံကျဈေးအား စည်းကမ်းနှင့်အညီ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ရပ်ကွက်အတွင်းမှ သံထည်အဟောင်းများထုသံဆူညံ

ရန်ကုန်မြို့ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် နိဗ္ဗာန်လမ်းမကြီးပေါ်ရှိ ခြံတစ်ခြံတွင် နေ့စဉ်ရက်ဆက် သံထည်ဟောင်းများကို ထုရိုက်ရာမှထွက်ပေါ်လာသော ဆူညံသံများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

မြေပိုင်ရှင်အသစ်ကြောင့် တိုက်ခန်းနေသူများ စိတ်ဆင်းရဲ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်း အမှတ် (၇၈)ရှိ နှစ်ခန်းတွဲ ခုနစ်ထပ်တိုက် မြေပိုင်ရှင်အသစ်မှ တိုက်ခန်းနေသူများ၏ ရေမော်တာပျက်စီးမှုကို ပြင်ဆင်ခွင့်မပေးခြင်း၊ မီလ္လာကန်ပြည့်နေမှုကို စုပ်ထုတ်ခွင့်မရခြင်း၊ တိုက်အနောက်ဘက်အရေးပေါ်လှေကားရှိရာဝင်/ထွက်ပေါက်အား ပိတ်ဆို့ထားခြင်းတို့ကြောင့် တိုက်ခန်းနေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် ကူညီဆောင်ရွက်ပေးပါရန်တင်ပြလာသောစာများပင် ဖြစ်သည်။

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအရှေ့ဘက်ရှိလမ်းများပေါ်တွင် ပြည်သူများသွားလာလျက်ရှိကြရာ နိုင်ငံခြားသားဧည့်သည်များပါ စိတ်ချမ်းသာစွာဖြင့် အလှအပများ ခံစားရရှိနိုင်စေရန်နှင့် အဆင့်မြင့်မြို့တော်နှင့် ကိုက်ညီမှုရှိလာစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ခေတ်မီစက်ယန္တရားကြီးများဖြင့် အောက်တိုဘာ ၁၀ ရက်ကဆောင်ရွက်နေကြစဉ်။ (၆၉၀)

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ အနာဂတ်အကြောင်း ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များ ဆွေးနွေးပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးနှင့်မြန်မာနိုင်ငံအနာဂတ်အကြောင်းကို ဟားဗတ်တက္ကသိုလ်(the Kennedy School of Government)မှ Prof.David Ellwood, Dean နှင့်ပညာရှင်များသည် မကြာသေးမီက မြန်မာ့ငြိမ်းချမ်းရေးစင်တာတွင် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း အဆိုပါစင်တာမှ သိရသည်။

ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များက မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေအပြင် ပညာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အကူအညီပေးနိုင်ရေးတို့အတွက် နေပြည်တော်နှင့်ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့သို့ ငါးရက်တာသွားရောက်လေ့လာခဲ့ကြသည်။ ၎င်းတို့၏ မြန်မာနိုင်ငံခရီးစဉ်အတွေ့အကြုံများကို ယနေ့ဆွေးနွေးပွဲတွင် ပြန်လည်ရှင်းလင်းကာ ယနေ့မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ပြုလုပ်စဉ်က အခြေအနေများကို နှိုင်းယှဉ်ဆွေးနွေးခဲ့ကြသည်။

မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်နေမှု၊ အမျိုးသားပြန်လည် သင့်မြတ်ရေးဆောင်ရွက်နေမှုတို့ကို ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များအား ရှင်းပြခဲ့သည်။

"သူတို့ကို ကျွန်တော်ရှင်းပြတာက ကျွန်တော်တို့နိုင်ငံမှာ ကွဲပြားခြားနားမှုတွေ ရှိတဲ့အတွက် ဒီကွဲပြားမှုတွေ အသိအမှတ်ပြုနိုင်ဖို့ လစဉ်လတိုင်း Myanmar Peace Center မှာ ဆွေးနွေးပွဲတွေ ပြုလုပ်နေတယ်ဆိုတာပါပဲ"ဟု ဆိုသည်။

အဆိုပါ Round table discussion on education, development and the future of Myanmar သို့ မြန်မာနိုင်ငံမှ ဟားဗတ်တက္ကသိုလ်၏ပညာရေးစနစ်ကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။ ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များကလည်း မြန်မာကျောင်းသားများအနေဖြင့် ဟားဗတ်တက္ကသိုလ်တွင် Public Policy နှင့်ပတ်သက်သော ပညာရပ်များကို လာရောက်ဆည်းပူးရန် ကမ်းလှမ်းခဲ့သည်။ ယခုပညာသင်နှစ်တွင် မြန်မာနိုင်ငံမှ ဟားဗတ်တက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားသူ တစ်ဦးတစ်ယောက်မှ မရှိကြောင်း အဆိုပါ ပညာရှင်အဖွဲ့ထံမှ သိရသည်။

(သတင်းစဉ်)

လူကုန်ကူးမှုအန္တရာယ်
တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်



ကုမ္ပဏီအမည်ပြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်တွင် ဖွင့်လှစ်ထားသော ၂-၁၀-၂၀၀၉ ရက် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၉၃၄၊ ၂၀၀၉-၂၀၁၀ ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင်ထားသည့် ကိုလေးတောင်တန်းများ အကောင်းဆုံး စီးပွားရေးမိတ်ဆွေကုမ္ပဏီလီမိတက် (COLAY HILLS THE BEST BUSINESS PARTNER COMPANY LIMITED)အား ကိုလေးတောင်တန်းများကုမ္ပဏီလီမိတက် (COLAY HILLS COMPANY LIMITED) ဟု ပြောင်းလဲမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့



ပျောက်ဆုံးကြောင်း

ကျွန်မ မထွန်းရှုအင်ကြင်း [၁၂/ဒဂမ(နိုင်) ၀၁၉၁၃၄] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် M 439494 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၃၀၈၂၈၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/စီ)၊ မြေကွက်အမှတ်(၆၁/ဒ)၊ မြေကွက်တည်နေရာအမှတ်(၁၀)၊ ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ် (မောင်သောင်း၊ မခင်ညိန်း) အမည်ပေါက် B-လ/န၃၉ မြေအား အမည်ပေါက် မောင်သောင်း၊ မခင်ညိန်း ကွယ်လွန်သဖြင့် ညီမ၊ အစ်မဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ(အပျိုကြီး)ဘဝဖြင့်ကွယ်လွန်၊ မောင်၊ အစ်ကိုဖြစ်သူ ဦးအောင်မြင့် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် (၁)ဒေါ်တင်တင်ဝင်း [၁၂/အစန(နိုင်)၀၀၇၂၀၃]၊ (၂)ဦးလှသောင်း [၁၂/အစန(နိုင်)၀၀၇၁၉၅]၊ (၃)ဒေါ်စိုးစိုးထွေး[၁၂/အစန(နိုင်)၁၆၁၁၀၆]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နိုင်ငံခြားဘာသာစကားရုပ်ရှင်အော်စကာဆုအတွက် ဇာတ်ကားပေါင်း ၇၆ ကား ယှဉ်ပြိုင်

(၈၆)ကြိမ်မြောက်အဖြစ် ကျင်းပမည့် အော်စကာဆုပေးပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် မတ် ၂ ရက်တွင် ဟောလိဝုဒ်ရှိ Dolby ပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံခြားဘာသာစကားရုပ်ရှင်ဆုအတွက် ပြိုင်ပွဲဝင်ဇာတ်ကားပေါင်း ၇၆ ကား စာရင်းပေးသွင်းထားကြောင်း ပွဲကျင်းပရေးကော်မတီမှ ထုတ်ပြန်ကြေညာထားသည်။

ယင်းဇာတ်ကားများတွင် မော်လ်ဒိုဗာနှင့် ဆော်ဒီအာရေဗျနိုင်ငံများမှလည်း ပထမဆုံးအကြိမ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ထားကြကြောင်းသိရသည်။ အဆိုပါ အော်စကာဆုပေးပွဲကြီး၏ ဆန်ခါတင်ဆုကြေညာခြင်းအခမ်းအနားကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ကြေညာပေးသွားမည်ဖြစ်ပြီး ယင်းဇာတ်ကားများအနက်မှ တစ်ဆုကိုသာ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။ (၈၆)ကြိမ်မြောက်အော်စကာဆုပေးပွဲ၏ အခမ်းအနားအစီအစဉ်များကို အေဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ဖြိုးဇင်

ဂျာမနီ၊ နယ်သာလန်နှင့် အင်္ဂလန်တို့ နိုင်ပွဲကိုယ်စီရရှိကာ အုပ်စုပထမနေရာများ၌ ဆက်လက်ဦးဆောင်

ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်များကို အောက်တိုဘာ ၁၂ ရက်နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းယှဉ်ပြိုင်ကစားရသော ဂျာမနီ၊ နယ်သာလန်နှင့် အင်္ဂလန်တို့ အိမ်ကွင်းနိုင်ပွဲကိုယ်စီရရှိကာ အုပ်စုပထမနေရာများ၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

အုပ်စု(A)တွင် ဘယ်လ်ဂျီယံသည် ခရိုအေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် ကိုးပွဲကစားအပြီးတွင် ရှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၂၆ မှတ်ရရှိကာ ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာအတွက် သေချာခဲ့ပြီဖြစ်ပြီး ယင်းအုပ်စု၏ အခြားပွဲစဉ်တစ်ခုဖြစ်သည့် ဝေလနှင့် မက်ဆီဒိုးနီးယားတို့ပွဲစဉ်တွင် ဝေလက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော်လည်း ကိုးပွဲတွင် သုံးပွဲသာအနိုင်ရလဒ်ထွက်ပေါ်ထားသော ဝေလတို့ အုပ်စု၏အဆင့်(၄)နေရာ၌သာ ရပ်တည်နေသည်။

အုပ်စု(B)၏ အီတလီနှင့် ဒိန်းမတ်တို့၏ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း အီတလီတို့ ရမှတ် ၂၀ မှတ်ဖြင့် အုပ်စုပထမနေရာ၌ ဆက်လက်ရပ်တည်နေပြီး အခြားပွဲစဉ်တစ်ခုဖြစ်သည့် အာမေးနီးယားနှင့် ဘူဂေးလ်ရီးယားတို့ပွဲစဉ်တွင် အာမေးနီးယားက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ချက်နှင့် မယ်လ်တာတို့ပွဲစဉ်တွင်မူ ချက်က မယ်လ်တာကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အုပ်စု(C)၏ ဂျာမနီက အိုင်ယာလန်ကို သုံးဂိုးပြတ် အနိုင်ရရှိကာ အုပ်စုပထမနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ဖာရိုးကျွန်းစုနှင့် ကာဇက်စတန်တို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ဆွီဒင်နှင့် ဩစတြီးယားတို့ပွဲစဉ်တွင် ဆွီဒင်က နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိကာ အုပ်စုဒုတိယနေရာသို့ ရောက်ရှိခဲ့သည်။

အုပ်စု(D)၏ နယ်သာလန်နှင့် ဟန်ဂေရီတို့ပွဲစဉ်တွင် ဗန်ပါစီ၏ ဟက်ထရစ်ဂိုးအပါအဝင် ရော်ဘင်၊ ဖီးလစ်လမ်း၊ ဗန်ဒါဗက်၊ စထရုမန်းတို့တစ်ဂိုးစီ သွင်းယူပေးခဲ့သောသွင်းဂိုးများအပြင် ဒီဗက်ဆရီ၏ ကိုယ်ဂိုးကိုယ်ပြန်သွင်းယူခဲ့သောအမှားကြောင့် နယ်သာလန်က ရှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ အုပ်စုပထမနေရာ၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အက်စတိုးနီးယားကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့် တူရကီသည်လည်း အုပ်စုဒုတိယနေရာသို့ ရောက်ရှိလာခဲ့သည်။ အန်ဒိုရာနှင့် ရိုမေးနီးယားတို့ ပွဲစဉ်တွင် ရိုးမေးနီးယားက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ရိုးမေးနီးယားအသင်း အုပ်စုတတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

အုပ်စု(E)၏ အယ်လ်ဘေးနီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဆွစ်ဇာလန်တို့ အုပ်စုပထမနေရာ၌ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး အိမ်ကွင်း၌ ဆိုက်ပရပ်ကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် အိုက်စလန်အသင်းမှာ ဆလိုဗေးနီးယားအထက် တစ်မှတ်အသာဖြင့် အုပ်စုဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

အုပ်စု(F)၏ လူဇင်ဘတ်အိမ်ကွင်း၌ လေးဂိုးပြတ်အနိုင်ယူပြခဲ့သည့်ရုရှားသည် အုပ်စုကို ဦးဆောင်နိုင်ခဲ့ပြီး အစ္စရေးကို တစ်ဖက်တစ်ဂိုးစီသရေသာကစားနိုင်ခဲ့သည့် ပေါ်တူဂီမှာမူ ရမှတ် ၁၈ မှတ်ဖြင့် အုပ်စုဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ အဇာဘိုင်ဂျန်နှင့် မြောက်အိုင်ယာလန်တို့၏ ပွဲစဉ်တွင်မူ အဇာဘိုင်ဂျန်က မြောက်အိုင်ယာလန်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(G)၏ ဟာဇာဂိုဗီးနားသည် လီချန်စတိန်းအားလေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမနေရာသို့ ရောက်ရှိခဲ့ပြီး ဆလိုဗက်ကီးယားကို တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သော ဂရိသည်လည်း ရမှတ် ၂၂ မှတ်ဖြင့် အုပ်စုဒုတိယနေရာ၌ ရပ်တည်ခဲ့သည်။

အုပ်စု(H)၏ အိမ်ကွင်းကစားရသည့် အင်္ဂလန်သည် မွန်တီနီဂရိုးကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ရမှတ် ၁၉ မှတ်ဖြင့် အုပ်စုထိပ်ဆုံးသို့ တက်လာခဲ့ပြီး ပိုလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ယူကရိန်းမှာလည်း ရမှတ် ၁၈ မှတ်ဖြင့် ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

အုပ်စု(I)၏ စပိန်သည် ဘယ်လာရုစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်းကြောင့် ခုနစ်ပွဲကစားအပြီးတွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရမှတ် ၁၇ မှတ်ဖြင့် အုပ်စုပထမနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ရမှတ် ၁၄ မှတ်ရရှိထားသော ပြင်သစ်မှာ ဒုတိယနေရာကို ပိုင်ဆိုင်ထားခဲ့ပြီဖြစ်သည်။

ငွေကြယ်

ကမ္ဘာကျော်ဂီတကြယ်နစ်ပွင့် ဖန်တီးထားသည့်သီချင်းသစ် မကြာမီထွက်ရှိမည်

ဂမ်နမ်စတိုင်လ်တေးသီချင်းဗီဒီယိုဖြင့် ကမ္ဘာကျော်လာခဲ့သူ တောင်ကိုရီးယားကြယ်ပွင့် Psy က ကမ္ဘာကျော်ရော့ခ်တေးဂီတအဖွဲ့ အီရိုစမစ်သ်မှ တေးသံရှင် စတီဗင်တိုင်လာနှင့် တွဲဖက်ကာ သီချင်းများဖန်တီးသွားဦးမည်ဖြစ်ကြောင်း Vogue မဂ္ဂဇင်း၏အင်တာဗျူးတစ်ခုတွင်ပြောကြားခဲ့သည်။

Psy ၏နောက်ထပ်ထွက်ရှိလာမည့်သီချင်းသစ်တွင် ၎င်းအလယ်တန်းကျောင်းသားဘဝကတည်းက ကြိုက်နှစ်သက်ခဲ့ရသည့် ဂန္ထဝင်အဆိုတော်တစ်ဦးဖြစ်သည့် စတီဗင်တိုင်လာနှင့် အတူတွေ့မြင်ရဦးမည်ဖြစ်ကာ အဆိုပါသီချင်းသစ်သည် အသံသွင်းပြီးခါစဖြစ်ကြောင်းနှင့် ယင်းသည် Psy ၏အကြီးမားဆုံးသောလျှို့ဝှက်ချက်တစ်ခု ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာကျော်ကြယ်နှစ်ပွင့် ပူးပေါင်းဖန်တီးထားသည့် အဆိုပါသီချင်းသစ်၏ အမည်နှင့် ထွက်ရှိမည့်ရက်စွဲကို အတိအကျထုတ်ဖော်ထားခြင်း မရှိသေးကြောင်း သိရသည်။

ဖြိုးဇင်

ဝင်ငွေကြေညာလွှာတင်သွင်းခြင်းမရှိသေးသော လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား နှိုးဆော်ခြင်း

၁။ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် ဇွန်လ ၃၀ ရက် နောက်ဆုံးထား၍ ဝင်ငွေကြေညာလွှာ၊ နှစ်ချုပ်ကုန်ရောင်းကြေညာလွှာနှင့် နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာများ တင်သွင်းကြရန် အခွန်ဥပဒေများ၌ ပြဋ္ဌာန်းပါရှိပြီးဖြစ်သည်။

၂။ သို့ရာတွင် အချို့လုပ်ငန်းရှင်များအနေဖြင့် ထိုကြေညာလွှာများကိုတင်သွင်းရန် ပျက်ကွက်နေပါသဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

၃။ ဆက်လက်ပျက်ကွက်နေပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီမှသင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီမှကြီးမှူး၍ ရန်ကင်း၊ ဆည်မြောင်း ရုံးချုပ်၊ ရန်ကုန်မြို့တွင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ စတင်၍ Geotechnical Engineering Course သင်တန်း(၁၁/၂၀၁၃)ကို သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းကာလမှာ (၃)လ သင်တန်း ဖြစ်ပါသည်။ စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် MGS ရုံးခန်း၊ တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၉၆၇၃-၇၆၊ Ext-၅၀၁၊ ၀၉-၄၃၁၁၈၂၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြေရောင်းမည်
ဒလမြို့ ပေ(၂၀×၆၀)
(၅)ရပ်ကွက်၊ ဧရာဝတီလမ်းမ၊
စလစ်မြေရောင်းရန်
ဖုန်း-၀၉-၂၅၆၀၅၈၂၂၆၊
၀၉-၄၃၁၅၉၉၄၇

အမြန်ပြန်လာပါ
မားမား ဒေါ်စန်းစန်းမြင့် [၁၃/လရန (နိုင်) ၀၉၅၁၂၄] အမြန်ပြန်လာပါ။ သမီးလေး မားမားကို သတိရ စိတ်ပူနေသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
သမီးလေး-ကေဇင်သွယ်
ဖုန်း-၀၉၄၂၁၁၃၆၁၁၄

တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ် အမှတ်(၃၀)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် ည ၇ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်နေ လောက်အော် (၃၈)နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း လောက်အော်နှင့်အတူ တစ်ရပ်ကွက်တည်းနေ ရန်ကြီး(၃၁)နှစ်နှင့် အိုက်လူ(၃၉)နှစ်၊ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်နေ စိုင်းလုံ(၃၁)နှစ်၊ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ဟွေခိုက်ရွာနေ စိုင်းပန်(ခ)ယွီးထူ(၄၈)နှစ်နှင့် ထိုင်းနိုင်ငံသား မစ္စတာဆူလီရပ်(၃၃)နှစ်တို့ ငါးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၊ ဘိန်းဖြူ ၁၁ ဒသမ ၂ ဂရမ်၊ ပစ္စတို လေးလက်၊ ခဲယမ်းများ တွေ့ရှိသိမ်းဆည်းရမိသဖြင့် လောက်အော်ပါ ခြောက်ဦး**(ဓာတ်ပုံ)**အား တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၁၂၆/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၂(ခ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နောင်ချိုတွင် ဘိန်းဖြူမှုန့်များသိမ်းဆည်းရမိ

နောင်ချို အောက်တိုဘာ ၁၂

မူးယစ်တပ်ဖွဲ့စု(၂၄) နောင်ချိုလှုပ်ရှားမှုအဖွဲ့မှ ရဲအုပ်ဝင်းမင်းထွေးဦးစီးအဖွဲ့သည် အောက်တိုဘာ ၉ ရက်က နောင်ချိုမြို့အဝင်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေစဉ် လားရှိုး ရွှေလီဦးမှန်လုံယာဉ်အသင်းမှ ယာဉ်မောင်း ဦးဇော်မျိုးထိုက် မောင်းနှင်သည့် ယာဉ်အမှတ် ၈ဇ/---- အား သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ် (၃၂)တွင် လိုက်ပါလာသည့် ခရီးသည် ငွေသိန်း(ခ)ဟန်ဝင်းထွန်း ယူဆောင်လာသော လက်ဆွဲစောင်အိတ်အတွင်း သိုဝှက်ထည့်သွင်းလာသည့် ရောင်စုံပလတ်စတစ်ဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူမှုန့် အလေးချိန် ၁၁ ဂရမ်စီပါ ၁၀ ခွက် စုစုပေါင်းအလေးချိန် ၁၁၀ ဂရမ်နှင့် ဖုန်းကတ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဘိန်းဖြူများသယ်ဆောင်လာသူ ငွေသိန်း(ခ)ဟန်ဝင်းထွန်း(၂၄)နှစ် ကိုးတောင်ဘို့ကျေးရွာ ပိတောက်ခုံရပ်ကွက် ကန့်ဘလူမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူအား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(ဇော်လွင်-လားရှိုး)**

စက်လှေဂိတ်အနီး စက်လှေမောင်းသမား ရေနစ်သေဆုံး

သနပ္ပင် အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ် ဘုတာပိုင်းရပ်ကွက် စက်လှေဂိတ်အနီးတွင် မောင်မွန်စော(ခ)နိုင်လင်းအေး (၂၃)နှစ် စက်လှေမောင်းသူမှာ ရေနစ်သေဆုံးလျက်ရှိသည်ကို တစ်ရွာတည်းနေ အောင်ကိုဦး(၂၄)နှစ်က အောက်တိုဘာ ၈ ရက် နံနက် ၇ နာရီခွဲခန့်တွင် တွေ့ရှိသဖြင့် သနပ္ပင်ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားရာသို့ သနပ္ပင်ရဲစခန်းမှုစခန်းမှူးဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပြင်ပဒဏ်ရာများရရှိခြင်းမရှိဘဲ ရေနစ်ပုပ်ပွသေဆုံးလျက်ရှိသည်ကို တွေ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သနပ္ပင်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်ဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **(ကိုလွင်-ဆွာ)**

ရွှေတစ်ချောင်းမြောင်းအနီး အမှတ်(၃၆)ခွင်းပုံးတစ်လုံးတွေ့

မန္တလေး အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကံဘဲ့ကျေးရွာနေ မောင်ရဲလင်းဦး(၁၇)နှစ်သည် အောက်တိုဘာ ၈ ရက် ညနေ ၆ နာရီက နေအိမ်မှ ရွှေတစ်ချောင်းမြောင်းသို့ ရေချိုးသွားစဉ် တစ်ရွာတည်းနေ ဦးဝင်းကျော် (၄၅)နှစ်၏ နေအိမ်ရှေ့ခြံစည်းရိုးနံဘေး ချုံနွယ်ပင်များအောက်မှ အမှတ်(၃၆) ခွင်းပုံးဟု ယူဆရသည့်(စနက်တံ/ရိုက်တံမပါ၊ သံချေးတက်)နေသည့် လက်ပစ်ပုံးတစ်လုံးအားတွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြင်ဆွေထံ အကြောင်းကြားရာ ဦးကြင်ဆွေက ဆက်လက်သတင်းပို့သဖြင့် ဒုရဲအုပ် အောင်နိုင်ဦးနှင့် အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ပုံးသီးအနီးဖြတ်သန်းသွားလာမှု မရှိစေရေး၊ ကျေးရွာနေပြည်သူများ အန္တရာယ်ကင်းဝေးစေရေးအတွက် ကိုက် ၁၀၀ ပတ်လည်အကွာမှ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ပုံးသီးဟောင်းအား ရှင်းလင်းနိုင်ရေးအတွက် နယ်မြေခံစစ်အင်ဂျင်နီယာတပ်သို့ အကြောင်းကြားထားကြောင်း သိရသည်။ **(ဦးဖက်တီး-မန္တလေး)**

ကမာရွတ်မြို့နယ်တွင် အမျိုးသမီးတစ်ဦး တိုက်ပေါ်မှပြုတ်ကျဒဏ်ရာရ

ရန်ကုန် အောက်တိုဘာ ၁၂

ကမာရွတ်မြို့နယ်အတွင်း အမျိုးသမီးတစ်ဦးသည် နေအိမ်ခန်းနောက်ဖေး၌ အဝတ်လှန်းစဉ် တိုက်ပေါ်မှပြုတ်ကျကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် မဟာဆိုရှယ်လမ်း တိုက်(၂၆/ဘီ) (၄)လွှာနေ အိမ်ရှင်ဒေါ်ကြင်အေး နေအိမ်မှ အိမ်ဖော်ဖြစ်သူ မချစ်စုသည် နေအိမ်ခန်းနောက်ဖေး၌ အဝတ်လှန်းစဉ် နောက်ဖေးလှေကားပေါ်မှ မြေညီထပ်နောက်ဖေးအဖီ သွပ်မိုးပေါ်သို့ပြုတ်ကျခဲ့သဖြင့် မျက်ခုံးဖူးရောင်၊ နှာခေါင်း၊ ပါးစပ်သွေးထွက်ဒဏ်ရာများဖြင့် သတိလစ်နေ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ဆေးကုသလျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

မနော်ရမ္မန်ဥယျာဉ်ရှေ့ လမ်းဘေးပလက်ဖောင်းတွင် အားကစားပစ္စည်းများ ပျောက်ဆုံး

မန္တလေး အောက်တိုဘာ ၁၂။ ။မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကလေးအားကစားကွင်းများမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၇ ရက်က မဟာအောင်မြေမြို့နယ်(၆၂)လမ်း၊ (၃၇×၄၁)လမ်းကြားရှိ မနော်ရမ္မန်ဥယျာဉ်အား သွားရောက်စစ်ဆေးရာ ဥယျာဉ်ရှေ့လမ်းဘေးပလက်ဖောင်းတွင် ကျန်းမာရေးအတွက် ပြုလုပ်ပေးထားသော ခြေလွှဲသံစုံခြောက်ချောင်း၊ ခါးလှည့်သုံးဝိုင်း၊ လက်လှည့်နှစ်ဝိုင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀ မှာ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသဖြင့် အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီက ဦးမြင့်ဆွေ၏ တိုင်တန်းမှုအရ မြို့မရဲစခန်း(မဟာအောင်မြေ)က (ပ) ၆၅၉/၂၀၁၃၊ ပြည်သူပိုင် ပုဒ်မ ၆(၁)အရ အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာလ ၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးသန်းလှိုင်[၁၂/မရက(နိုင်)၁၂၆၈၂၃](အစား) ဦးသိန်းလှိုင်[၁၂/မရက(နိုင်) ၁၂၆၈၂၃]ဟု ပြင်ဆင်ဖတ်ရှုပါရန်။







စစ်ကိုင်းမြို့၌ မိုးစပါးနှင့်ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်

စစ်ကိုင်း အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစောထွေးဦး ဦးဆောင်၍ ကွင်းဆင်းဝန်ထမ်းများသည် ၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီတွင် စိုက်ပျိုးပြီးစီးသွားသော မိုးစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရန်လျာထားဧက ၃၈၉၅၀၊ ယနေ့အထိ စိုက်ပျိုးပြီးဧက ၂၅၁၃၃၊စိုက်ပြီး ရာခိုင်နှုန်း၆၄ ဒသမ ၅၃၊ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားဧက ၇၈၀၆၉၊ စိုက်ပျိုးဧက ၈၁၉၁၆၊ ရာခိုင်နှုန်း ၁၀၅ ဒသမ ၀၂၊ ဆီထွက်သီးနှံစိုက်ရန် လျာထားဧက ၄၆၂၃၀၊ ယနေ့အထိ စိုက်ပျိုးဧက၄၆၄၇၅၊ ရာခိုင်နှုန်း ၁၀၀ ဒသမ ၅၃၊ ဝါစုစုပေါင်းစိုက်ရန်လျာထား ဧက ၁၆၆၀၀၊ စိုက်ပြီးဧက ၁၆၃၉၄၊ ရာခိုင်နှုန်း ၉၈ ဒသမ ၇၆၊ စားဖိုဆောင်သီးနှံ ကြက်သွန်နီ(မိုး)၊ ငရုတ်စို(မိုး) လျာထားဧက ၂၁၇၆၊ စိုက်ပြီးဧက ၂၀၉၄၊ ရာခိုင်နှုန်း ၁၀၀ ဒသမ ၈၃၊ အခြားသီးနှံများ လျာထားဧက ၁၀၆၄၈၁ စိုက်ပြီး ဧက ၁၀၉၄၆၄၊ ရာခိုင်နှုန်း ၁၀၂ ဒသမ ၈၀ ဖြစ်ကြောင်း သိရသည်။

စပါးစိုက် တောင်သူများအား တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် တစ်သိန်းထုတ်ချေးခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ကျောက်ပန်းတောင်း၌ စက်ရေတွင်း ၃၈ တွင်း တူးဖော်ပြီးစီး

ကျောက်ပန်းတောင်း

အောက်တိုဘာ ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော ကျေးလက်ဒေသသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေရှားပါး၍ သန့်ရှင်းသောသောက်ရေလုံလောက်မှု မရှိသော ကျေးရွာများအား ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလိုင်းကန်ကျေးရွာအုပ်စု တလိုင်းကန်ကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စက်ရေတွင်းတစ်တွင်းတူးဖော် အောင်မြင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

"စက်ရေတွင်းက သုံးနေရာပြောင်းပြီး ခက်ခက်ခဲခဲတူးခဲ့ရတာပါ။ လက်ရှိနေရာမှာတော့ စက်တင်ဘာ ၉ ရက်က စတင်တူးဖော်ခဲ့ပြီး ပေ ၃၂၀ အရောက်မှာ ရေကြောစတွေ့ပါတယ်။ ပေ ၇၄၀ အထိရောက်အောင် တူးထားတာပါ။ တစ်နာရီကို ရေဂါလန် ၂၀၀၀ကျော်ထွက်ရှိပြီး ရေလည်း အင်မတန်ကောင်းပါတယ်။ တူးဖော်ပြီးတဲ့ရက်က စက်တင်ဘာ ၁၂ ရက်ပါ၊ အခုကတော့ ပန့်တပ်ဆင်ဖို့နဲ့ ရေလှောင်ကန်တည်ဆောက်ဖို့ပဲကျန်ပါတယ်။ အားလုံးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်နဲ့ မြို့နယ်စည်ပင်က ဆောင်ရွက်ပေးနေတာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ရှင်းပြသည်။ အဆိုပါစက်ရေတွင်းမှ တလိုင်းကန်ကျေးရွာရှိ အိမ်ထောင်စု ၃၁၈ စုမှ လူဦးရေ ၁၇၀၀ ကျော်နှင့် ကပ်လျက်ရှိနေသည့် အိမ်ခြေ ၈၀ ကျော်ရှိသော ငါ့သရောက်ကျေးရွာမှ လူဦးရေ ၄၀၀ ကျော် စုစုပေါင်းလူဦးရေ ၂၁၀၀ ကျော်တို့အား သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း နှစ်လက်မ စက်ရေတွင်း ၃၁ တွင်းနှင့်လေးလက်မစက်ရေတွင်း ၁၀ တွင်း စုစုပေါင်း ၄၁တွင်း တူးဖော်ခွင့်ပြုခဲ့ရာ ယနေ့အထိ စက်ရေတွင်း ၃၈တွင်း တူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

သုံးမြွှာပူးမိန်းကလေးများ မွေးဖွားသူမိခင်အားထောက်ပံ့

ပခုက္ကူ အောက်တိုဘာ ၁၂

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအုပ်စု သဘော်ကုန်းကျေးရွာမှ မိခင်ဖြစ်သူ ဒေါ်သင်းသင်းအေးမှပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးတွင် သုံးမြွှာပူး (မိန်းကလေးများ) အား အောင်မြင်စွာ မွေးဖွားခဲ့ရာ ပခုက္ကူခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့် အဖွဲ့ဝင်များက ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့်အနှီးပိတ်စများကို အောက်တိုဘာ ၁၀ ရက်က ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ထောက်ပံ့ပေးခဲ့ပြီး အားပေးကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**

အောင်(မန်းတက္ကသိုလ်)

အစိုးရကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.16/HPGE/2013-2014
(က) Micom Relay (P 643) (4)Nos
Tender No.17/HPGE/2013-2014
(ခ) စက်ရုံများအတွက် Digital Meter (61)Nos
Tender No.18/HPGE/2013-2014
(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132KV LA (2)Sets
Tender No.19/HPGE/2013-2014
(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး (280)Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့်၄၁၁၀၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ **Conventional Vibrated Concrete (CVC)** ကွန်ကရစ်ဖျော်စပ်၊ သယ်ပို့သွန်းလောင်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် **Technical** - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက်
၃။ **Technical** အောင်မြင်သည့်လုပ်ငန်းရှင်များအား **Price Proposal** တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည် ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သဲအင်းဂူခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်မှ ၂၇ ရက်အထိ (၇)ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသီဟ(ပုသိမ်)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြား ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ အောက်တိုဘာလ ၁၉ရက် (စနေနေ့) ညနေ ၅း၀၀ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ Equipment for Substation maintenance အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Testing Instrument
(၂) Accessories for Transformer
(၃) Control Cable
(၄) SF6 gas bottle
(၅) Steel ferrule & rope for kWh meter sealing
(၆) Testing Instrument for Communication

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - (၁၄း၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၈-၁၀-၂၀၁၃ရက်၊ မွန်းလွဲ ၂း၀၀ နာရီ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပပြုလုပ်သော (ဆေးဝါးဝယ်ယူရေးတင်ဒါစိစစ်ရေးကော်မတီ) အစည်းအဝေး ဆုံးဖြတ်ချက်အရ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)အတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ထပ်မံဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ (က) ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် - ၁၅-၁၀-၂၀၁၃ (အင်္ဂါနေ့)၊ ရုံးချိန်
(ခ) တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၂၂-၁၀-၂၀၁၃ ရက်(အင်္ဂါနေ့)၊ ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများ စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆၊ (လိုင်းခွဲ-၁၈၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်(၁၂)မိုင်ခန့်အကွာ၊ သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ **Secant Pile/Diaphragm Wall** လုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၁-၁၀-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Company Profile အပါအဝင် **Technical** - ၇-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ
Proposal နောက်ဆုံးထား၍တင်သွင်းရမည့်ရက်
၃။ **Technical** အောင်မြင်သည့်လုပ်ငန်းရှင်များအား **Price Proposal** တင်သွင်းရန် ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

အလေးထားပါ မြန်မာစာ

"သတင်းဓာတ်ပုံမှားယွင်းဖော်ပြမှုအတွက် လှိုက်လှဲစွာတောင်းပန်ခြင်း" ဆိုသည့်အပိုဒ်တစ်ပိုဒ်ကို ဖတ်လိုက်ရပါသည်။ "မှားယွင်းဖော်ပြမှု"နှင့် "လှိုက်လှဲစွာ"ကို မဆီမလျော် ကပ်လျက်သုံးစွဲထားသည်ကို တွေ့လိုက်ရသည်။ ချွတ်ယွင်းသွားမှု၊ မှားယွင်းသွားမှုကို "ဝမ်းနည်းစွာ"တို့၊ "အနူးအညွတ်ခွင့်လွှတ်ပါရန်"တို့နှင့်သာ ကပ်လျက်ဖော်ပြခြင်းဖြင့် ဆီလျော်ပေမည်။ လှိုက်လှဲစွာဝမ်းသာသည့်သဘော၊ ချီးမွမ်းသည့် သဘောတို့နှင့်သာဆီလျော်သည့်အတွက် ယခုတော့ အနုတ်နှင့် အပေါင်း၊ အပူနှင့် အအေး၊ အရှေ့နှင့်အနောက် မဆီလျော်ဆွဲကပ်ထားသည့်သဘော သက်ရောက်နေပေသည်။ သို့ပါ၍ "သတင်းဓာတ်ပုံမှားယွင်းဖော်ပြမှုအတွက် ခွင့်လွှတ်ပါရန်အနူးအညွတ်တောင်းပန်ခြင်း"ဟုဖော်ပြလျှင် ဆီလျော်ပေမည်။

ယခုအခါ အမေရိကန်နိုင်ငံပင် သဒ္ဒါအရေးကြီးပုံကို "We can be confident that the a bardonment of instruction in grammar is robbing us just of future writers but of future scientists,physicans, and engineer as well." "Written by english professor Thomas Peyser." အနာဂတ်မှာ သဒ္ဒါနှင့်ပတ်သက်လျှင်စာရေးဆရာများတွင်သာမကဘဲ သိပ္ပံပညာရှင်၊ ရူပဗေဒပညာရှင်၊အင်ဂျင်နီယာများအတွက်အရေးကြီးပြီဖြစ်ကြောင်း ပါမောက္ခကြီးက ဖော်ပြထားပေသည်။

ဥက္ကဋ္ဌကြီးကို စကားလုံးကအစ ရှေ့တန်းတင်ချင်လွန်းအားကြီးပြီး "ဥက္ကဋ္ဌကြီးအား အမှာစကား ပြောကြားပေးပါရန် ပန်ကြားအပ်ပါသည်" ဆိုခြင်းဖြင့် တက်ရောက်သူများက ဥက္ကဋ္ဌကြီးကို အမှာစကားပြောကြားပေးရမည့်အဓိပ္ပာယ်သက်ရောက်နေပေသည်။

ယခုအခါ သတင်းစာ၊ ဂျာနယ်များ များပြားလာပြီး ပွင့်လင်းလာပြီဖြစ်သည့်အလျောက် မြန်မာစာနှင့်ပတ်သက်၍ အလေးထားရေးသားကြရန် လိုအပ်ပြီဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

လူမော်(ဆင်ဖြူကျွန်း)

ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများမှ MoU ဖောက်ဖျက်မှုအတွက် လူကုန်ကူးမှုဖြင့် အမှုဖွင့်တိုင်ကြားလို

ဗန်ကောက် အောက်တိုဘာ ၁၂

စာချုပ်ပါစည်းကမ်းချက်များနှင့် မညီခြင်း၊ ထိုင်းနိုင်ငံကိုရောက်ရှိပြီးနောက် နှစ်လနီးပါးခန့် အလုပ်မရှိဘဲ နေရခြင်းနှင့် အိပ်စရာ စားစရာမရှိခြင်း၊ အနီးဝန်းကျင်မှ တောင်းရမ်းစားသောက်နေထိုင်ရခြင်းတို့ကြောင့် MoU အလုပ်သမားတင်သွင်းသည့် မြန်မာကုမ္ပဏီများအား လူကုန်ကူးမှုဖြင့် အမှုဖွင့်တိုင်ကြားလိုကြောင်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ပြောပြချက်အရ သိရသည်။ မြန်မာနိုင်ငံအစိုးရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့တွင် အမှုဖွင့်ထားကြသည့် ဗန်ကောက်မြို့အနီး မင်ဘူရီ Min Buri, Hathai Rat 37 road မှ မူဘန်း(အိမ်ရာ) ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ စက်တင်ဘာ ၂၄ ရက်တွင်ရောက်ရှိခဲ့ကြသည့် အောင်လံ၊ ပခုက္ကူ၊ ပေါက်၊ ကျောက်ပန်းတောင်း၊ မြိုင်၊ သရက်၊ မကွေးတို့မှ အလုပ်သမား ၁၉ ဦးမှာ အောက်တိုဘာ ၅ ရက်နေ့လယ်ပိုင်းက မြဝတီမြို့သို့ ပြန်သွားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

အလုပ်သမား ကိုစောဖြိုးဦးက "ကျွန်တော်တို့ကတော့ အမှုဖွင့်ချင်တယ်။ ဒီကုမ္ပဏီက စာချုပ်ပါစည်းကမ်းနဲ့ မကိုက်ညီဘူး၊ ကျွန်တော်တို့ ခံစားခဲ့ရတာ ကျွန်တော်တို့ပဲသိတယ်၊ ကျွန်တော်တို့လာခဲ့တာ ကော့သောင်းက ခုပြန်ပို့တော့ မြဝတီ၊ ကျွန်တော်တို့ အလုပ်မလုပ်ခဲ့တဲ့အတွက် လူကုန်ကူးမှုမမြောက်ဘူးတဲ့၊ ဒါဆို ကျွန်တော်တို့ကို နေပြည်တော်ကိုပို့ပေးပါလို့ ပြောတော့ အောင်လံကိုပြန်ပို့မယ်တဲ့၊ အိမ်ရောက်ရင် ကျွန်တော်ကတော့ အမှုဖွင့်ဦးမှာပဲ"ဟု ပြောသည်။

နယ်စပ်အခြေစိုက် မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးရေးအဖွဲ့မှ အရာရှိတစ်ဦးက "အလုပ်မလုပ်ခဲ့ရသေးသဖြင့် လူကုန်ကူးမှုမြောက်သလား၊ နိုင်ငံခြားကို အလုပ်သမားတင်ပို့ခြင်း နည်းလမ်းတစ်ခုခု ချိုးဖောက်နေသလား၊ ပုဒ်မ ၂၉ နဲ့ငြိစွန်းနေသလား စီစစ်ရဦးမည်"ဟု ဆိုသည်။

ထိုအလုပ်သမားများသည် မြန်မာနိုင်ငံဘက်မှ ပြည်ပခရီးသွားအေဂျင်စီတစ်ခုနှင့် ထိုင်းနိုင်ငံဘက်မှ Phanason Residen Co.,Ltd. တို့စာချုပ်ချုပ်ဆိုလျက် ရောက်ရှိလာခဲ့ကြသည့် အလုပ်သမား ၃၂ ဦး အုပ်စုမှ ဖြစ်ကြသည်။ အောက်တိုဘာ ၅ ရက်က ဗန်ကောက်မြို့ မြန်မာသံရုံးအလုပ်သမားအရာရှိထံသို့ လာခဲ့ကြသည့် အလုပ်သမား ၂၆ ဦး အနက်မှ ခုနစ်ဦး ကျန်နေခဲ့ကြပြီး ပြန်သွားကြသည့် ၁၉ ဦးအုပ်စု ဖြစ်သည်။

မြန်မာနိုင်ငံရှိ ခရီးသွားအေဂျင်စီ ထိုင်းနိုင်ငံဘက်မှ PP.Group ဆိုသည့်ကုမ္ပဏီဖြင့် ဩဂုတ် ၈ ရက်က ထိုင်းနိုင်ငံအတွင်းသို့ အလုပ်သမား ၇၈ ဦးတင်ပို့ခဲ့ပြီး ၎င်းအလုပ်သမားများအနက် အသက် (၂၄)နှစ်အရွယ် မလှိုင်နေဦး၊ အသက်(၂၂)နှစ်အရွယ် မသင်းသင်းနွယ်နှင့် အသက်(၂၀) အရွယ် မပြည့်ဖြိုးအောင်တို့သုံးဦးအား ကုမ္ပဏီကိုယ်စားလှယ် ပွဲစားက အောက်တိုဘာ ၂ ရက်နေ့ညက ခြိမ်းခြောက်ပြောဆိုနှင့်ချခြင်းများ ပြုလုပ်သဖြင့် စိုးရိမ်ဖွယ်ရာအခြေအနေကို MAT သို့ အကူအညီတောင်းခံခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့ ခရီးသွားအေဂျင်စီကုမ္ပဏီတစ်ခုမှ အလုပ်သမား ၇၈ ဦးမှာ ဗန်ကောက်မြို့ ပချာအူထစ် ၃၃ လမ်းတွင် သုံးဦး၊ ပထုံဌာနီ လမ်းတွင် ကိုးဦး၊ စူရတ်ဌာနီ ရော်ဘာခြံတွင် အမျိုးသမီး ၁၆ဦးနှင့် အမျိုးသား ၁၄ ဦး စုစုပေါင်း ၃၀၊ ထိုအလုပ်သမား ၃၀တို့မှာ သမံတလင်းပြင်တွင် အိပ်ကြရကြောင်းနှင့် ချာချင်ဆောင်မြို့အနီးတွင်ရှိသော ဘက်ထရီအိုးအလုပ်ရုံတွင် ၁၅ ဦးတို့ အသီးသီးရှိနေကြောင်း စုံစမ်းသိရသည်။ ထိုအထဲတွင် ကိုကျော်လင်းနှင့် အမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦး ပေါင်းသုံးဦးတို့လည်း သီးခြားပတ်စပို့လုပ်ကိုင်၍ လိုက်ပါလာခဲ့ကြောင်း၊ အခြားကို ထွက်သွားကြပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ပြည်ပခရီးသွားအေဂျင်စီကုမ္ပဏီတစ်ခုမှ ထိုင်းနိုင်ငံ PECE Co.,Ltd. ဖြင့် စာချုပ်ချုပ်ဆိုကာ မေ ၁၅ ရက်တွင် ရန်ကုန်မြို့မှထွက်လာခဲ့ကြသည့် အလုပ်သမား ၃၅ ဦးအနက် ၁၆ ဦး ထွက်ပြေးကြပြီး ကျန် ၁၉ ဦးနှင့် အလုပ်သမား ၄၀ ထပ်မံရောက်ရှိခဲ့သဖြင့် ပေါင်း ၅၉ ဦးတို့မှာ ဆာလာဘူရီ နောင်ခေအရပ်တွင်ရှိသော လျှပ်စစ်မီးကြိုးသွယ်တန်းသည့် အလုပ်ကိုလုပ်ကြရသည်။ အလုပ်သမားများသည် နွားတင်းကုပ်အဆင့်မရှိသည့်နေရာတွင် နေကြရကြောင်းနှင့် ရေချိုးစရာ၊ အိမ်သာသုံးစရာ ရေမရှိလောက်အောင် ဖြစ်နေကြသဖြင့် အဆိုပါရန်ကုန်မြို့ရှိ ခရီးသွားအေဂျင်စီကုမ္ပဏီကို တရားစွဲဆိုလိုကြောင်းဖြင့် မြန်မာအလုပ်သမားများက ပြောခဲ့သည်။

ရန်ကုန်မြို့ရှိကုမ္ပဏီနှစ်ခုမှ ပို့ဆောင်သည့် ထိုင်းနိုင်ငံသို့သွားရောက်အလုပ်သမားများအနက် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ (၃၆)နှစ်အရွယ် ကျော်မျိုးခိုင်ဆိုသူမှာ ငါးထပ်တိုက်ဆောက်လုပ်နေသည့် လုပ်ငန်းခွင်တွင် စက်တင်ဘာ ၂၂ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီခွဲက ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရပြီး ထိုအလုပ်သမားသေဆုံးမှုအတွက် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းမရှိသေးကြောင်း ၎င်း၏ အစ်ကိုက ပြောသည်။

ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ အတွင်းရေးမှူး ကိုခိုင်ကြီးက"အလုပ်မရှိဘဲ လူတွေသွင်းလာတယ်၊ နေရာတိုင်းကို လိုက်ရောင်းနေကြတယ်။ ဥက္ကမြဲ့မရဘူး၊ ထိုင်းမှာ MoU အလုပ်သမားတွေကို သက်ဆိုင်ရာ ကုမ္ပဏီတွေကကော ဒေသခံထိုင်းရဲတွေကပါ အနိုင်ကျင့်ချင်တိုင်းကျင့်နေကြတာပဲ"ဟု ပြောသည်။

စိုးဝင်း(MLA)

အစိုးရ/စီးပွားရေးကြော်ငြာ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for 3 Wheel Motorcycle	၃၈ မျိုး	HIE- 1/022
(ခ)	Raw Material for 3 Wheel Motorcycle	၁၃ မျိုး	HIE- 1/023
(ဂ)	Cummins Engine for Bulldozer(217 HP, 1800 rpm)	၁၀ လုံး	HIE- 1/ 024
(ဃ)	Paint နှင့်ဆက်စပ်ပစ္စည်း	၁၈ မျိုး	HIE- 1/025
(င)	Oil & Lubricant	၁၀ မျိုး	HIE- 1/026

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၁၄-၁၀-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၈-၁၀-၂၀၁၃ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း- ၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၀၇၀

စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သမ္မန်စာ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ်-၇၁

ဒေါ်ငွေငွေမြင့် နှင့် ၁။ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂။ ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၃။ ဦးမြသောင်း
၄။ ဒေါ်တင်တင်သွယ်(အတူနေ)
အမှတ်(၁၆၃)၊ ဝေဇယန္တာအိမ်ရာ
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်
ရန်ကုန်တိုင်းဒေသကြီး
၅။ ဦးမောင်လှ
အမှတ်(၂၀၃)၊ ဗိုလ်တထောင်ဘုရားလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်
ရန်ကုန်တိုင်းဒေသကြီး

(လျှောက်ထားသူ) **(လျှောက်ထားခံရသူများ)**

အထက်ပါ လျှောက်ထားမှုမှ လျှောက်ထားခံရသူ (၅) ဦးမောင်လှ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ရီရီမေ တင်သွင်းသည့် လျှောက်လွှာအား ကြားနာပြီးနောက် ပူးတွဲပါမိတ္တူများနှင့်တကွ ကျမ်းကိုန်လွှာများကိုဖတ်ရှုရ၍ လျှောက်ထားခံရသူများက ပြေလည်အောင် အကြောင်းမပြနိုင်ပါက အတည်ဖြစ်မည့်ဆုံးဖြတ်ချက်ကို ထုတ်ပေးသင့်သည်ဟု ယူဆသောကြောင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၆/၂၀၁၂ တွင် ဦးမြသောင်းပါ ၂ ဦးက ဦးမောင်လှပါ ၂ ဦးအပေါ် လုပ်ငန်းလုပ်ကိုင်ရန် ငွေကျပ် ၄၄၃ သိန်းနှင့် နစ်နာကြေးငွေကျပ် ၁၅၇ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း(၆၀၀) သို့မဟုတ် တရားပြိုင်များ၏ အိမ်ခြံမြေအား တန်ဖိုးသင့်၍ ပေးအပ် စေလိုမှုစွဲဆိုရာ တရားလိုဘက်လျှောက်ထားချက်အရ တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်းထုတ်ပေးလိုက်သည်။ ထို အမိန့်ကို ဒေါ်ငွေငွေမြင့်က မကျေနပ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမ အထွေထွေအယူခံမှု ၆၅/၂၀၁၂ ဖြင့် အယူခံဝင်ရာ ပလပ်လိုက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆(က)(၅)အရ အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလာသည်။ ယင်းလျှောက်လွှာအပေါ် ပြန်ကြားအစီရင်ခံစာနှင့်အတူ ပြန်လှန်ကျမ်းကျိန်လွှာများ တင်သွင်းရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရားစီရင်ရေးဌာနသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် နံနက် ၁၀ နာရီတွင် လာရောက်ရန် အကြောင်းကြားပါသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၏ အသိအမှတ်ပြုချက်အရ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တံဆိပ်ခတ်နှိပ်ထုတ်ပေးလိုက်သည်။

အမိန့်အရ
(မြမြ)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ည၊ မြေကွက်အမှတ်(၂၈/က)၊ မြေကွက်တည်နေရာအမှတ်(၂၈)၊ ဝေဘာဂီလမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဦးအုန်းဆောင်)[၁၂/ဥကမ(နိုင်)၀၅၇၁၁၉]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းဆောင်(ဖခင်)နှင့် ဒေါ်လှပု(မိခင်)ကွယ်လွန်သဖြင့် ဒေါ်အေးအေးသန်း[၁၂/ဥကမ(နိုင်)၁၀၉၆၁၄]၊ ဦးမြသိန်း[၁၂/ဥကမ(နိုင်)၂၀၃၉၀၂]၊ ဒေါ်အေးအေးသိန်း[၁၂/ဥကမ(နိုင်)၀၅၅၇၅၀]၊ ဦးသိန်းဇော်[၁၂/ဥကမ(နိုင်)၀၅၆၈၆၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးသိန်း၊ ဦးသိန်းဇော်တို့ထံမှ GP ၁၃၉၀၆(၉-၈-၁၃)ရသူ ဦးမြသိန်းမှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ဆောက်မည့် ဇွဲကပင်တောင်ဆံတော်ရှင် Cable Car စီမံကိန်း အောင်မြင်ရေးဆွေးနွေး

ဘားအံ အောက်တိုဘာ ၁၂

ကရင်ပြည်နယ် ဘားအံမြို့ လုမ္ဗိနီဥယျာဉ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်မည့် ဇွဲကပင်တောင်ဆံတော်ရှင် Cable Car စီမံကိန်းအောင်မြင်ရေး ဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ Cable Car စီမံကိန်းအားကြီးမှူးသည့်နာယက ဆရာတော်ကြီး သုံးပါးဖြစ်သည့် ကမ္ဘာ့သာသနာပြု မဟာသန္တိသုခ ကျောင်းတော်ကြီး မူလပဓာနနာယက ပီနန်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ၊ ဇွဲကပင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်ကဝိဇ၊ သာသနာ့ဇေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက်(သုံးထပ်ကျောင်း) ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇအရှင်ပညိန္ဒ၊ ဇွဲကပင်တောင် Cable Car စီမံကိန်း ဖြစ်မြောက်ရေးကော်မတီ နာယကအဖွဲ့ဝင် ဖဒိုတူးတူးလေးနှင့် ဖဒိုရွှေမောင်း၊ ဥက္ကဋ္ဌ ဦးယဉ်ထွေးဆွေနှင့် အတွင်းရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ အစိုးရအဖွဲ့ဝန်ကြီးများ၊ ကရင်ပြည်နယ် ဂုဏ်ထူးဆောင်စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ဒီဇိုင်းပညာရှင်များ၊ရုပ်ရှင်ဂီတ၊ သဘင်ပညာရှင်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကြီးမှူးသည့် နာယက ဆရာတော်ကြီး သုံးပါးက ယင်းစီမံကိန်းအား ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ကိုယ့်တာဝန်ဝတ္တရားကိုယူ၍ တာဝန်ကျေပွန်စွာ လုပ်ဆောင်ရေး၊ အကျင့်စာရိတ္တ ကောင်းမွန်စွာဖြင့် လုပ်ဆောင်ရေး၊ စ၊လယ်၊ဆုံးသုံးပါးဖြင့် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ယခုစီမံကိန်းသည် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် များစွာ အထောက်အကူဖြစ်သည့် အပြင် ငြိမ်းချမ်းရေးအမှတ်သင်္ကေတ တစ်ခုဖြစ်ပြီး အမျိုးဘာသာသာသနာ အတွက် အကျိုးရှိသော လုပ်ငန်းဖြစ်ကြောင်း၊ ဇွဲကပင်တောင်သည် ကရင်ပြည်နယ်၏ အထင်ကရဖြစ်ပြီး စီမံကိန်းပြီးစီးပါက ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ခြင်းအားဖြင့် ကရင်ပြည်နယ်၏ ရိုးရာဓလေ့ သဘာဝအလှတရားများကို ဖော်ထုတ်ပြသနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းကို အားလုံးပါဝင်ပူးပေါင်း လှူဒါန်း၍ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်ကြရန် မိန့်ကြားခဲ့သည်။

ဇွဲကပင်တောင်ဆံတော်ရှင် Cable Car စီမံကိန်း၌ Cable Car စနစ်အတွက် လိုအပ်သည့်အစိတ်အပိုင်းများကို ဆွစ်ဇာလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ မှာယူပြီး မလေးရှားပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွက် မြန်မာပြည်အနှံ့အပြားနှင့် နိုင်ငံတကာအသီးသီးတို့မှလှူဒါန်းလိုသူများသည် ဖုန်း- ၀၉-၃၂၀၁၀၉၀၊ ၀၉-၈၇၃၁၀၀၈၊ ၀၉-၅၁၃၅၈၄၆၊ ၀၉-၄၃၁၁၁၁၁၈ တို့သို့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုသက်(ဗိုလ်တထောင်)**

တောင်ပြိုကျမှုကြောင့် ကားလမ်းခေတ္တပိတ်ဆို့

တနင်္သာရီ အောက်တိုဘာ ၁၂

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့တွင် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေမှုကြောင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာရွာ အနီး မိုင်တိုင်အမှတ် (၅၁/၇)မှ (၅၂/၄)အကြားတွင် အောက်တိုဘာ ၇ ရက် နံနက် ၃ နာရီမှစ၍ အလျား ပေ ၃၀ ခန့်/ ပေ ၆၀ ခန့်ရှိတောင်ပြိုကျမှု ခြောက်နေရာတိတိဖြစ်ပွားလျက်ရှိပြီး ကားလမ်းပေါ်သို့ သစ်ပင်များလဲကျနေခြင်း၊ မြေများဖုံးအုပ်လျက်ရှိခြင်းတို့ကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ (လုံးဝ)မရတော့သဖြင့် ထိုနေ့၌ မြိတ်မှ ကော့သောင်းသို့ထွက်ခွာလာသော ခရီးသည်တင် မှန်လုံယာဉ် သုံးစီး ရပ်နားထားရကြောင်း မော်တော်ဆိုင်ကယ်များမှာမူ ပြိုကျမြေများနှင့်မြစ်ကမ်းနံဘေး ကမ်းပါးစောက်အကြား လွတ်ရုံသာ အန္တရာယ်ကြီးစွာ ဖြတ်သန်းသွားလာနေရကြောင်းသိရသည်။

ထိုသို့ တောင်ပြိုကျလမ်းပိတ်ဆို့နေမှုအား လေယာဉ်ကွင်းအထူးအဖွဲ့(၆)မှ အင်ဂျင်နီယာ ဦးလှလွင်နှင့် ပြည်သူ့ဆောက်လုပ်ရေးဝန်ထမ်းများ အမှတ်(၂)နည်းဗျူဟာအဖွဲ့မှ အရာရှိအရာခံစစ်သည်များ စုပေါင်း၍ ဖယ်ရှားရှင်းလင်းပေးမှုကြောင့်**(အပေါ်ပုံ)** ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခင်ဦးမြို့နယ်၌ မိုးသီးနှံ လျာထားချက်ကျော်လွန်

ခင်ဦး အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်သည် ယခုနှစ်တွင် မိုးအလွန်ကောင်းသဖြင့် မိုးကောင်းလယ်ယာမြေဧကများ စိုက်ပျိုးနိုင်ခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးသီးနှံလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် မိုးသီးနှံစိုက်ပျိုးမှုမှာ ၂၆၁၃၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၇၁၀၀၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် ၉၆၈၁ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ **(ခင်ဦး-စိုးဝေ)**

အုပ်စုလိုက် ဝိုင်းရိုက်နှက်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

တောင်ငူ အောက်တိုဘာ ၁၂

တောင်ငူမြို့ (၁၉) ရပ်ကွက် သုခလမ်းပေါ်ရှိ စား/ဖျော်ဆိုင်တန်းရှေ့၌ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီက အသက်(၄၅)နှစ်အရွယ် အမျိုးသားတစ်ဦးအား အမျိုးသမီးလေးဦးအပါအဝင် လူခြောက်ဦးက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူမြို့ (၁၉) ရပ်ကွက် သုခလမ်းပေါ်ရှိ ကုန်စုံဆိုင်တစ်ဆိုင်မှ အလုပ်သမားဇော်မင်းထက်(၂၈)နှစ်သည် ယင်းလမ်းပေါ်ရှိ စား/ဖျော်ဝင်းအတွင်း ဆီပီပါအား ထုရိုက်ဖွင့်နေစဉ် အနီးရှိ အောင်မြင့်ကျော်(၄၅)နှစ် (၁၉) ရပ်ကွက် ရိပ်သာလမ်းနေသူက ဆူညံကြောင်းပြောဆို၍ စကားများခဲ့ကြသည်။ ထို့နောက် အောင်မြင့်ကျော်က စား/ဖျော်ဝင်းအတွင်းမှထွက်လာပြီး ကုန်စုံဆိုင်ရှေ့အရောက်တွင် ဆိုင်ပိုင်ရှင်ဖြစ်သူ ဒေါ်ချို(၄၃)နှစ်၊ ဒေါ်ညို(၄၁)နှစ်၊ ဒေါ်ကျင်စိန် (၆၃)နှစ်နှင့်အလုပ်သမားများဖြစ်သော မဇာဇာ(၂၂)နှစ်၊ အေးထွန်း(၁၇)နှစ်နှင့်ဇော်မင်းထက် တောင်ငူမြို့နေသူ ခြောက်ဦးတို့က အုပ်စုလိုက်ဝိုင်းရိုက်ခဲ့သောကြောင့် အောင်မြင့်ကျော်တွင် ဝဲချိုစောင်းပေါက်ပြဒဏ်ရာ၊ နဖူးညိုမည်းဒဏ်ရာများရရှိခဲ့၍ တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရာ ညနေ ၅ နာရီတွင် သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူ၏ ညီမတော်စပ်သူက ဒေါ်ညိုပါခြောက်ဦးအား အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်ကြားသောကြောင့် တောင်ငူမြို့မရဲစခန်းမှ (ပ)၅၃၂/၂၀၁၃၊ ပုဒ်မ ၃၀၂/၁၁၄ အရ အရေးယူထားကြောင်း သိရသည်။ **(ဝ၆၅)**

စီးပွားရေးကြော်ငြာ

IT COMPUTER TRAINING CENTER
ENGLISH
AutoCAD - 3dsMax
VIDEO EDITING
WEB DESIGN
PROGRAMMING
Computer Basic
LCCI I-II-III
MYOB
Service Technician
GRAPHIC DESIGN
HOT LINE-09

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ တိုက်(၉၂/၉၃)၊ အခန်း(C-4) ခေါ် လှေခါး(၁) (B/A-4)ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် ယင်းအခန်းတွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်မောင်ဝင်း [၁၂/မဂဒ(နိုင်)၀၀၃၄၃၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးကျော်သိန်းထွဋ်
[၁၂/ကမရ(နိုင်)၀၃၄၂၄၉]
ဖုန်း-၀၉-၅၄၀၁၁၈၅
တိုက်-၈၊ ပထပ်၊ အေးရိပ်မွန် ၂ လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-A၊ လူနေရပ်ကွက်အမှတ် နံသာကုန်း၊ မြေကွက်အမှတ်-အမှတ်(၂၅)ဆ(၁)၊ ဧရိယာ-၀. ၀၄၈ ဧကရှိ ဦးမောင်မောင်မြင့် [၁၂/မဂတ(နိုင်)၀၀၅၁၂၈]အမည်ပေါက် လန-၃/ခ ရပြီး မြေပိုင်မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် မြေကွက်ရောင်းဖိုးငွေအား တစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်၍ သက်ဆိုင်သူများ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးထွန်းသာမောင် (L.L.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၇၀)
အမှတ်-၅၅၊ အခန်း-၂၃(တ)ထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၂၈၀၄/၀၉-၅၀၇၉၆၀၀

ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့အမှုဆောင်လူကြီးဟောင်းများဖြစ်သည့် ဒေါ်စိန်းစိန်းမော်၊ ဦးသန်းအောင်၊ ဦးတင်အောင်မြင့်၊ ဦးတင့်လွင်၊ ဦးမင်းသန်း(ခ)ဦးမော်ကြီးနှင့် ဦးအောင်အောင်တို့သိစေရန်နှင့်အများပြည်သူသိစေရန် အသိပေးကြေညာခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ၂၃-၉-၂၀၁၃ရက်ကျင်းပသည့်(၅/၂၀၁၃)(အထူး)အစည်းအဝေးဆုံးဖြတ်ချက်များအရ လွှဲအပ်ညွှန်ကြားလာသည့်အတွက် အောက်ပါအတိုင်း ဥပဒေအရ အသိပေးအကြောင်းကြားတောင်းဆိုလိုက်သည်မှာ-

၁။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကများနှင့် အလုပ်အမှုဆောင်အစည်းအဝေး၏ ၁၇-၈-၂၀၁၃ရက် ဆုံးဖြတ်ချက်အရလည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အရေးပေါ် အထူးအစည်းအဝေး စာအမှတ်-မရအ/စီမံ/၂၀၁၃ (၆၂၀)အရလည်းကောင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများအသီးသီးမှ လက်မှတ်များထိုး၍ တိုင်ကြားလာသောတိုင်စာများအပေါ် စိစစ်သုံးသပ်၍ ယခင်ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့၏ အလုပ်အမှုဆောင်လူကြီးများဖြစ်သည့် ဒေါ်စိန်းစိန်းမော်(ဥက္ကဋ္ဌ)အား ၉-၈-၂၀၁၃ရက်က ကျင်းပသည့် (၂/၂၀၁၃)အထူးအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ၉-၈-၂၀၁၃ရက်စွဲပါ စာအမှတ် -မရအ/စီမံ/၂၀၁၃(၅၀၈)ဖြင့် တာဝန်မှရပ်စဲခြင်းဖြင့်လည်းကောင်း၊ ဦးအောင်အောင်(စည်းရုံးရေးမှူး)အား ၂၅-၉-၂၀၁၃ရက်စွဲပါစာအမှတ်-မရအ/စီမံ/၂၀၁၃(၆၂၁)ဖြင့် တာဝန်မှရပ်စဲခဲ့ခြင်းနှင့် ကျန်အမှုဆောင်(၄)ဦးဖြစ်သော ဦးသန်းအောင်(ဒု-ဥက္ကဋ္ဌ)၊ ဦးတင်အောင်မြင့်(ဘဏ္ဍာရေးမှူး)၊ ဦးတင့်လွင်(ပြန်ကြားရေးမှူး)၊ ဦးမင်းသန်း(ခ)ဦးမော်ကြီး(စာရင်းစစ်)တို့အား (၂၅-၉-၂၀၁၃)ရက်စွဲပါ စာအမှတ်-မရအ/စီမံ/၂၀၁၃ (၆၂၄)ဖြင့် အမှုဆောင်(၄)ဦးအား တာဝန်မှရပ်စဲကြောင်း စာပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အလုပ်တာဝန်မှ ရပ်စဲကြောင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တရားဝင်အကြောင်းကြားစာပေးပို့ထားခဲ့ပြီးဖြစ်ကြောင်း အထောက်အထားစာရွက်စာတမ်းများနှင့် ညွှန်ကြားချက်အရ သိရှိရပါသည်။

၂။ အထက်ဖော်ပြပါ ဒေါ်စိန်းစိန်းမော်အပါအဝင် ပုဂ္ဂိုလ်များတို့သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အလုပ်တာဝန်ရပ်စဲကြောင်း စာပို့ပြီးဖြစ်သော်လည်း ၉-၈-၂၀၁၃ရက်မှစ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်ခြံဝင်းအတွင်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးပိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီးဗီဒီယိုခြေခံအဖွဲ့၏ရုံးခန်းအား သော့ခတ်၍ ပိတ်ထားခဲ့သည်မှာ ယခုဤကြေညာချက် ထုတ်ပြန်သည့်အချိန်ထိဖြစ်ကြောင်း ညွှန်ကြားချက်အရနှင့် ဓာတ်ပုံမှတ်တမ်းများအရ သိရှိရပါသည်။

၃။ အထက်အမည်ဖော်ပြပါ ဒေါ်စိန်းစိန်းမော်အပါအဝင် ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်တာဝန်မှ တရားဝင်ရပ်စဲထားပြီးဖြစ်၍ မိမိတို့အလုပ်အမှုဆောင်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်စဉ်က အလုပ်လုပ်ဆောင်ခဲ့သည့်ရုံးခန်း၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းရှင်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ စာရင်းဇယားများ၊ ဝင်ငွေထွက်ငွေဖိုင်တွဲများ၊ ဘဏ်စာရင်းစာအုပ်များ၊ ဗီဒီယိုလိုင်စင်သက်တမ်းတိုးရန်ကိစ္စအတွက် စာရွက်စာတမ်းများ၊ ဗီဒီယိုလုပ်ငန်းရှင်များအဖြစ် အသစ်ဝင်ရောက်ရန်အတွက် လျှောက်ထားသည့်လျှောက်လွှာများ၊ ရုံးခန်းအတွင်းရှိ စာရေးကိရိယာမှအစ အသုံးအဆောင်ပစ္စည်းများအား တရားဝင်လက်ရောက်လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိနေပါသည်။

၄။ သို့သော် အထက်အမည်ဖော်ပြပါ ဒေါ်စိန်းစိန်းမော်အပါအဝင် ပုဂ္ဂိုလ်များသည် မိမိတို့အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အမှုဆောင်လူကြီးများ၏ အလုပ်တာဝန်မှ တရားဝင်ရပ်စဲကြောင်း အကြောင်းကြားစာအား လက်ခံရရှိပြီးသော်လည်း ရုံးခန်းအား သော့ခတ်ပိတ်ထားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့နှင့်ပတ်သက်သော စာရွက်စာတမ်းများ၊ ဘဏ်စာရင်းစာအုပ်များအား တရားဝင်လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိပါလျက် တရားဝင်လွှဲပြောင်းပေးအပ်ခြင်းမရှိသည့်အတွက်(ယာယီ)အသစ်ထပ်မံ ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားခြင်းကိစ္စ၊ သက်တမ်းတိုးခြင်းကိစ္စရပ်များ၊ ဘဏ်ငွေသွင်းရေးလုပ်ငန်းများရပ်ဆိုင်းထား၍မရနိုင်ကြောင်းနှင့် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများရှိနေ၍ စည်းမျဉ်းစည်းကမ်းနှင့်အညီ ရုံးခန်းဖွင့်လှစ်ပေးရန်၊ စာရွက်စာတမ်းများတရားဝင်လွှဲပြောင်းပေးရန်၊ ဘဏ်စာအုပ်များလွှဲပြောင်းပေးရန်ကိစ္စများ ဆောင်ရွက်ရန်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ တင်ပြလာခဲ့ပါသည်။ ထိုတင်ပြချက်အပေါ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအဝေးခေါ်ယူကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ အထက်အမည်ဖော်ပြပါ ဒေါ်စိန်းစိန်းမော်အပါအဝင် ပုဂ္ဂိုလ်များထံသို့ တရားဝင် လွှဲပြောင်းပေးအပ်ရန် စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မှုအရလည်းကောင်း ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ရုံးခန်းနှင့် စာရွက်စာတမ်းများ၊ ဘဏ်စာရင်းစာအုပ်များကို ယနေ့အထိ တရားဝင်လွှဲပြောင်းပေးအပ်ရန် တမင်ပျက်ကွက်နေကြောင်းလည်း စာရွက်စာတမ်းအထောက်အထားများနှင့် ညွှန်ကြားချက်အရ သိရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် နာယကလူကြီးများ၏ ၉-၈-၂၀၁၃ရက်စွဲပါ အထူးအစည်းအဝေး(၂/၂၀၁၃)ဆုံးဖြတ်ချက်ဖြစ်သော "ရန်ကုန်တိုင်းဒေသကြီး ဗီဒီယို အခြေခံအဖွဲ့ခေါင်းစည်ပါ"(Letter Head)များ ဆက်လက်အသုံးမပြုရန် အကြောင်းကြားစာပေးပို့၍ တားမြစ်ထားသည့်ကိစ္စရပ်အပေါ်တွင်လည်း လေးစားလိုက်နာခြင်းမရှိဘဲ မထီမဲ့မြင်ပြု၍ ယနေ့အထိ ဆက်လက်အသုံးပြုနေသည်ကို လူကြီးမင်းတို့ထံမှ ပေးပို့သည့်စာများအရ တွေ့ရှိနေရပါသည်။

၅။ သို့အတွက်ကြောင့် အထက်အမည်ဖော်ပြပါ ဒေါ်စိန်းစိန်းမော်အပါအဝင် ပုဂ္ဂိုလ်များသည် မိမိတို့အလုပ်တာဝန်နှင့် သက်ဆိုင်ပတ်သက်မှုမရှိတော့သည့် ရုံးခန်းရှိပစ္စည်းများ၊ စာရွက်စာတမ်းများ၊ ဘဏ်စာရင်းစာအုပ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍(၇)ရက်အတွင်း တရားဝင်လွှဲပြောင်းပေးအပ်ရန် အလေးအနက် အသိပေးအကြောင်းကြားတောင်းဆိုအပ်ပါသည်။ လူကြီးမင်းတို့မှ အကြောင်းအမျိုးမျိုးကြောင့် ဤအသိပေးအကြောင်းကြားတောင်းဆိုမှုအပေါ် ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစည်းအဝေးဆုံးဖြတ်ချက် ညွှန်ကြားလာသည့်အတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law, Dip in Applied Psychology, Dip in Martime Law, WIPO(Switzerland)
(စဉ်- ၂၈၀၃/၁၉၈၄ ခုနှစ်)
တရားရုံးချုပ်ရှေ့နေနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ်(၆၀)၊ မြေညီထပ်၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၉၂၄

ဦးသန်းဌေး
D.L.101, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေဆိုင်ရာအကြံပေး
(စဉ်- ၃၈၅၁/၁၉၈၆ ခုနှစ်)
ဖုန်း-၀၉-၇၃၁၈၁၁၀၇၊ ၀၁-၅၅၃၂၁၆
အမှတ်(၅၀၁)၊ ယမုံနာလမ်း၊ မြို့သစ်ရပ်ကွက်၊ ဗန္ဓုလတံတားအနီး၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ၊ အနော်ရထာလမ်း(ယခင် စိန်ချယ်လမ်း)၊ ခြံအမှတ်(၄၁)၊မြေအကျယ်အဝန်း(အလျား ပေ ၃၀၀×အနံ ပေ ၈၀)ရှိ အခွန်ထမ်း ဦးထွန်းတင်(ခ)ဦးခွေးအမည်ဖြင့် မှတ်သားထားသော မြေကွက်အား လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု စာချုပ်စာတမ်းနှင့်တကွတင်ပြလာသော ဒေါ်လှလှဝင်း [၁၂/မရက(နိုင်)၀၂၇၅၃၂]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူမည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇော်ဝင်းထွန်း(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)
အမှတ်(၂၈)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၃၀၅၅၇၄၊ ၀၉-၅၀၃၄၆၅၂၊ ၀၉-၄၅၀၀၃၉၂၁၀

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၆)ရပ်ကွက်၊ ချမ်းမြသာစည်လမ်း၊ အမှတ်-၆၄၉/ခ ဟုခေါ်တွင်သော မြို့မြေတိုင်းရပ်ကွက်အမှတ် -၅၆၊ မြေကွက် အမှတ် -၆၄၉/ခ၊ အကျယ်အဝန်း(ပေ၂၀×ပေ၆၀)ရှိ (ဦးကြည်ထွန်း) အမည်ပေါက်ပါမစ်မြေကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပြီး၊ အထက်ပါမြေပေါ်တွင် နေထိုင်သူ ဦးအောင်မြင့်ဦး[၁၂/ဒဂတ(နိုင်)၀၇၂၇၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ဆွေ(စဉ်-၃၂၂၈၉)
အထက်တန်းရှေ့နေ
အမှတ်-၁၇၈၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၁၁၅၀၇

လူပျောက်



ဒေါ်နွဲ့နွဲ့သန်း စိတ်မူမမှန်မဟုတ် အသက်(၅၀)နှစ်သည် နေအိမ်မှ ၁-၁၀-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးကျော်စိုး**

ဖုန်း-၀၉-၃၁၄၆၄၄၁၃၊
၀၉-၃၁၇၉၂၀၄၇

KBZ Bank Account No. 007302070169030

ကိုးဘွဲ့ရဆရာတော်မှ သံဃာနှင့် ပြည်သူသို့ အသိပေးတင်ပြခြင်း

(FaceBook) https://www.FaceBook.com/ pages/…/1458093587999247?ref=stream

တေဇ(၁၆)၏ (၂၄)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ ဖိတ်ကြားခြင်း

တေဇ(၁၆)ကျောင်းဆင်းသူငယ်ချင်းများ၏ (၂၄)နှစ်မြောက်ကျောင်းဆင်း နှစ်ပတ်လည်နေ့မိတ်ဆုံစားပွဲနှင့် ကျဆုံး/ကွယ်လွန်သွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ အလှူဒါနပြုလုပ်ခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များအားလုံး တက်ရောက်ပါဝင်လှူဒါန်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၀-၂၀၁၃ ရက်(စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - မိုးကုတ်ဆွမ်းစားဆောင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်။

ဆက်သွယ်လှူဒါန်းရန်-ဖုန်း-၀၉-၅၅၄၅၆၆၆၊ ၀၉-၈၆၃၃၉၅၆၊ ၀၉-၅၁၉၇၂၃၀
CB Bank စော်ဘွားကြီးကုန်း၊ ငွေစာရင်းအမှတ်-၀၆၃၂၀၁၀၂၈၆

ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

လွယ်ဟိန်းကုမ္ပဏီလီမိတက်တွင် Public Relation Officer အဖြစ်

တာဝန်ထမ်းဆောင်ခဲ့သော "မိုးစက်ဝိုင်"သည်

"Miss Universe Myanmar 2013" ပြိုင်ပွဲတွင်

"Miss Universe Myanmar 2013"အလှမယ်ဆုကို

ထိုက်တန်စွာချီးမြှင့်ခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ALPINE

သောက်ရေသန့်မိသားစု

ဝန်ထမ်းအလိုရှိသည်

Myanmar Music (Piano) Trading Co., Ltd.

(က) **Sale staff**

(ခ) **Office Staff**
- Excel, Internet, Email

(ဂ) **Service (Electrician)**

CV Form

ထားဝယ်အသင်း (၅၆)ကြိမ်မြောက် သီတင်းကျွတ်ဆွမ်းတော်ကြီးကပ်လှူပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ (၅၆)ကြိမ်မြောက် သီတင်းကျွတ်ဆွမ်းတော်ကြီးကပ်လှူပွဲကို သီတင်းကျွတ်လဆန်း ၁၄ရက်၊ ၁၈-၁၀-၂၀၁၃ ရက် (သောကြာနေ့)၊ ညနေ ၃ နာရီမှ ည ၇ နာရီထိ၊ အမှတ်(၈၂၈)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ထားဝယ်မုန့်ဟင်းခါး၊ မုန့်အချိုဖြင့် ဧည့်ခံပါမည်။)

အမှုဆောင်ကော်မတီ၊ ထားဝယ်အသင်း

CRANE

0973216922, 095094914, 518474

Ph.D Tantra & Sastra

ပေကျယ်တိုက်ခန်းရောင်းမည်

စမ်းချောင်း၊ လမ်းသန့်၊ နေရာကောင်း။
ပေ (၂၅×၆၀)ပြည့်၊ ဆဋ္ဌမထပ်။
ကျွန်းလှေကားထိုးပြည့်၊ လိုင်းဖုန်းပါ။
အိပ်ခန်း(၂)၊ master အိပ်ခန်း(၁)။
လေဝင်လေထွက်ကောင်း၊ တိုက်သန့်။
အဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်းကျယ်။
(ပွဲစားမလို)

ဖုန်း-၅၀၅၃၈၆၊ ၀၉-၈၇၄၁၉၈၆

အမည်ပြောင်းလဲခေါ်ပါရန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ဇီးကိုင်း (ဝဲဒေါင့်)ကျေးရွာနေ ဦးမြအောင်၊ ဒေါ်မြမြမော်တို့၏သမီး ကျောင်းတော်ရာ အစိုးရအထက်တန်းကျောင်း ဆဋ္ဌမတန်း(က)မှ မနှင်းအေးအေးဝေ(ခ)မရွှေဥအား ယနေ့မှစ၍ မဟေမာန်ဦးအောင်(ခ)မရွှေဥဟု ပြောင်းလဲခေါ်ပါရန်။

မဟေမာန်ဦးအောင်(ခ) မရွှေဥ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၈၊ မြေကွက်အမှတ်-၁၀၅၀၊ မြေကွက်တည်နေရာအမှတ်-၁၀၅၀၊ ၁၄၈ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးကျော်ရဲထွန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်ရဲထွန်း[၁၂/ကမရ(နိုင်)၀၂၂၃၃၉]ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူပျောက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄၈)၊ ဗာဒံကုန်း(၆)လမ်း၊ ကန်/တောင်နေ အာဒမ်(ဘ)ဦးလူးကတ်(စ်)၏ ဇနီးဖြစ်သူ မကြူကြူအောင်(၄၂)နှစ် (ဘ)ဦးလှအောင်[၁၂/ကမတ(နိုင်)၀၄၂၇၂၀]သည် ၁၁-၇-၂၀၁၃ရက်တွင် နေအိမ်မှ ထွက်ခွာသွားရာ ယနေ့အချိန်ထိ ပြန်လည်မရောက်လာပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ လက်ခံထားသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ခင်ပွန်း-အာဒမ်**

[၁၂/မဂတ(နိုင်)၀၆၃၀၃၀]
ဖုန်း-၀၉-၃၁၂၇၉၇၃၁

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီလမ်းမ(ဘုန်းကြီးလမ်း) အမှတ်-၂၈၇ နေ ဦးကြည်သောင်း[၁၂/ဥကမ(နိုင်) ၀၇၆၂၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကြည်သောင်း[၁၂/ဥကမ(နိုင်)၀၇၆၂၄၈]အနေဖြင့် **"နေပြည်တော်"** သက်န်းတိုက်နှင့် သက်န်းချုပ်စက်ရုံအား ၁၉၉၆ ခုနှစ် ကတည်းက အထက်ဖော်ပြပါ လိပ်စာတွင် ဖွင့်လှစ်၍ မြန်မာပြည်အနှံ့အပြား၌ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ**"နေပြည်တော်"**သင်္ကန်းတိုက်အမည် ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် ၇၆၉၁/၂၀၁၃(၂၃-၃-၂၀၁၃)ဖြင့် မှတ်ပုံတင်သွင်းကြေညာပြီးနောက် သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ရာတွင် ပျဉ်းမနားမြို့တွင် အလားတူ ကုန်အမှတ်တံဆိပ်ဖြင့် သင်္ကန်းတိုက် တည်ရှိနေပါသဖြင့် လက်ရှိလုပ်ကိုင်နေသော **"နေပြည်တော်"**အမှတ်တံဆိပ်အစား အထက်ဖော်ပြပါ **"ဇမ္ဗူထွဋ်ခေါင်"**သင်္ကန်းတိုက် အမည်ဖြင့် ပြောင်းလဲဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါကြောင်း အစဉ်တစိုက် ဝယ်ယူအားပေးခဲ့သော မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းခြင်းနှင့်ပတ်သက်၍ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော် LL.B, D.B.L.D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

ဦးသန်းဦး	ဦးဟိန်းသူဟောင်း	ဦးကောင်းမြတ်ဇော်
(စဉ်-၃၂၃၅)	(စဉ်-၃၆၂၆၇)	(စဉ်-၃၇၂၂၅)

အထက်တန်းရှေ့နေများ
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



အမြန်ပြန်လာပါ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ်(၁၇၀)၊ မြေညီထပ်နေ မောင်ကျော်ထွန်း(ခ)ချွန်ဆန်း [၁၂/ကတတ(နိုင်)၀၁၆၈၀၈]မိခင် အသည်းအသန်ဖြစ်နေ၍ ရောက်ရာအရပ်မှ အမြန်ဆုံးပြန်လာပါ။ ကိစ္စအားလုံး ခွင့်လွှတ်သည်။

မိခင်ဒေါ်မေရီ
ဖုန်း-၀၉-၄၂၀၀-၆၃၀၂၈

ဖခင်အမည်မှန်

ဘားအံ့တက္ကသိုလ် တတိယနှစ် ပထဝီဝင် အထူးပြုမှ မနန်းဝင်းဝင်းဒွေး[၃/ကကရ(နိုင်) ၁၆၀၂၈၆]၏ ဖခင်အမည်မှန်မှာ ဦးဝင်း (ခ) ဦးအောင်ဝင်းဖြစ်ပါသည်။

ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အမှတ်(၃၄) အခြေခံမူလတန်းကျောင်း၊ (၄)တန်းတွင် ပညာသင်ကြားခဲ့သော မောင်ဇော်ခန့်၏ ဖခင် အမည်မှန်မှာ ဦးအောင်ဇော်ထိုက် ဖြစ်ပါသည်။

ဦးအောင်ဇော်ထိုက်

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်-၃၁
ပျံလွန်တော်မူသွားသည့် ဦးသုဇန၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

အရှင်ဝံသပါလ — လျှောက်ထားသူ
[၉/မဟမ(သ)၀၀၂၇၃၀]
အမှတ်(၅)ရပ်ကွက်၊ ကြာသာပတေးလမ်း၊
ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထက်ဖော်ပြပါလိပ်စာနေ အရှင်ဝံသပါလမှ ပျံလွန်တော်မူသွားသည့် စာချဆရာတော် ဦးသုဇန၏တူဖြစ်သည်ဟူ၍ ဖော်ပြပါ လိပ်စာနေ ၎င်းပျံလွန်တော်မူသွားသည့် ဆရာတော်ဦးသုဇန၏ မြန်မာ့စီးပွားရေးဘဏ်၊ ခရမ်းမြို့နယ်တွင် စုဆောင်းငွေကျပ် ၈၃၅၆၈၃၃. ၃၀ (ကျပ်ရှစ်ဆယ့်သုံးသိန်း ငါးသောင်းခြောက်ထောင်ရှစ်ရာသုံးဆယ်သုံးနှင့်ပြားသုံးဆယ်)တိတိကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းပျံလွန်တော်မူသွားသည့် ဆရာတော်ဦးသုဇန၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူ ဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်(၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးဝံသပါလ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဒေါ်စုငယ်
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး



ခင်နဒီ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

၁၈-၁၀-၂၀၁၃ရက် ညမှ ၂၀-၁၀-၂၀၁၃ရက် ညအထိ (၂ ညအိပ် ၃ ရက်ခရီး)

-ပုဂံဘုရားစုံ (ရွှေစည်းခုံစေတီတော်တွင် အရုဏ်ဆွမ်းကပ်လှူပွဲ)၊ ပုပ္ပါး၊ ပခုက္ကူ သီဟိုဠ်ရှင်ဘုရား (ဆွမ်းတော်ကြီးတင်ပွဲ)၊ ရိုးရာလုပ်ငန်းများနှင့် အညာဒေသ အစားအသောက်များကို မြည်းစမ်းနိုင်မည့် ထူးခြားသော အစီအစဉ်များနှင့် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးခရီးစဉ်၊ **(Hotel အိပ်၊ ဘူဖေးစား၊ စရိတ်ငြိမ်း)**

၁၉-၁၀-၂၀၁၃ရက် (နေ့ချင်းပြန်) (သီတင်းကျွတ်လပြည့်နေ့ အထူးခရီးစဉ်)
-နေပြည်တော် (ဗုဒ္ဓဂယာ)၊ မဟာဗောဓိစေတီ၊ ဥပ္ပါတသန္တိစေတီ၊
ရေပန်းဥယျာဉ်နှင့် စိတ်ဝင်စားဖွယ် နေရာစုံ။
ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၄၃၁၂၄၉၂၂၊ ၀၁-၅၃၆၃၄၁



ကားညှိနှိုင်းဈေးဖြင့်ရောင်းမည်

NISSAN VENETTE
TRUCK 2005
G-4, White, 1000 kg
AC, PS, PW, ABS, CD

ဖုန်း-၀၉-၅၁၉၉၂၄၉၊ ၀၉-၅၀၉၂၇၇၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်မျိုးဝင်း(ခ) ကျော်စိုးဟိန်း၏ P.P.No. ၂၆၉၇၃၇သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၀၇၀၇၇၈**

ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးရင်၊ မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

တရုတ်လေး ကားမှန်ကုန်သည်

Hiace Super Comstern
စလိုက်ဘောင်
ထပ်ရောက်ပြီ။ ၆၄×၆၅
စံပယ်လမ်း၊ မြို့သစ်၊
မန္တလေး။

ဖုန်း-၀၉-၇၃၂၁၉၅၈၆

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄)၊ ဦးပိုင်အမှတ်(၉)၊ ၇၁ လမ်း×၇၂ လမ်း ကြား၊ A1 လမ်း၊ ဒေါ်နွဲ့နွဲ့အေး အမည်ပေါက် တောဂရန်မြေကွက်အား ဒေါ်ငြိမ်းငြိမ်းဝင်း[၉/မမန (နိုင်) ၀၇၉၄၈၃]မှ အမှုတွဲအမှတ် (၁၂၈၂/၂၀၁၃-၂၀၁၄)ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါသည်

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သော်လည်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ယနေ့ မာတိကာ

မိုးလွန်မုန်တိုင်း သတိထား — စာမျက်နှာ - ၂

လကြတ်သောဖြစ်စဉ်တစ်ခု ယခုလအတွင်း ကြုံတွေ့မည် — စာမျက်နှာ - ၆

ပြည်သူကို ဗဟိုပြုသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေ — စာမျက်နှာ - ၇

တနင်္ဂနွေ အထူးထုတ်ပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။

ဆီးဂိမ်းလှုံ့ဆော်မှု ဘောလုံးပြိုင်ပွဲ ရန်ကုန်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန် ၅၉ ရက်သာ လိုတော့သည့်ကာလတွင် အားကစားချစ်သူများနှင့် ရုပ်ရှင်ချစ်သူများပါ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်း ပွဲကြည့်စင်အပြည့် လာရောက်အားပေးခဲ့သည့် မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးအသင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးရန်ပုံငွေနှင့် ဆီးဂိမ်းလှုံ့ဆော်မှု ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ **(အပေါ်ပုံ)**မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးအသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ဆီးဂိမ်းလှုံ့ဆော်သည့် ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးအသင်းမှ အသင်းခေါင်းဆောင် ဦးမျိုးလှိုင်ဝင်းက "ဒီပွဲလေးကတော့ ရုပ်ရှင်အစည်းအရုံးကနေ ဦးဆောင်ပြီး ရည်ရွယ်ချက်နှစ်ခုနဲ့ လုပ်တာပါ။ လာမယ့်ဆီးဂိမ်းကို လှုံ့ဆော်ဖို့ရယ်၊ ဒီပွဲကရတဲ့ ရန်ပုံငွေနဲ့ ရုပ်ရှင်အနုပညာနယ်ပယ်က သက်ကြီးဘိုးဘွားတွေကို ကန်တော့ဖို့ဆိုတော့ ရည်ရွယ်ချက်ကောင်းပါတယ်။ ဒီလိုပွဲမျိုးကို ပါဝင်ရတဲ့အတွက်လည်း မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးအသင်းကိုယ်စား ကျွန်တော် ဂုဏ်ယူဝမ်းသာပါတယ်။ ဆီးဂိမ်းနဲ့ပတ်သက်လို့ကတော့ ကြုံတောင့်ကြုံခဲ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့အချိန်မှာ မိဘပြည်သူတွေအနေနဲ့ အားကစားကို ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

ရန်ကုန်၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး ခရီးစဉ်ပျံသန်းပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာ့လေကြောင်းနှင့် ဒိန်းမတ်နိုင်ငံ World Ticket ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုးခရီးစဉ်ကို အောက်တိုဘာ ၁၄ ရက်မှ စတင်၍ နေ့စဉ်ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ အထူးလျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အထူးဈေးနှုန်းမှာ နိုင်ငံသားများအတွက် ရန်ကုန်-မန္တလေး ကျပ်၃၅၀၀၀၊ ရန်ကုန်-ဟဲဟိုး ကျပ်၃၃၀၀၀၊ ရန်ကုန်-ညောင်ဦး ကျပ် ၃၃၀၀၀၊ မန္တလေး-ဟဲဟိုး ကျပ် ၁၉၀၀၀၊ ညောင်ဦး-မန္တလေး ကျပ် ၁၉၀၀၀၊ ညောင်ဦး-ဟဲဟိုး ကျပ် ၂၅၀၀၀ တို့ ဖြစ်သည်။

နိုင်ငံခြားသားများအတွက် ရန်ကုန်-မန္တလေး အမေရိကန်ဒေါ်လာ ၅၉ ဒေါ်လာ၊ ရန်ကုန်-ဟဲဟိုး ၅၅ ဒေါ်လာ၊ ရန်ကုန်-ညောင်ဦး ၅၅ ဒေါ်လာ၊ မန္တလေး-ဟဲဟိုး ၂၉ ဒေါ်လာ၊ ညောင်ဦး-မန္တလေး ၂၉ ဒေါ်လာ၊ ညောင်ဦး-ဟဲဟိုး ၃၉ ဒေါ်လာတို့ ဖြစ်ကြသည်။

လက်မှတ်များကို ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၁၃၁၊ ၀၉၄၃၀၃၉၁၆၂၊ ၀၁-၂၅၂၀၀၇၊ ၀၁-၂၂၉၂၄၅၊ ၀၉၄၅၀၀၅၀၈၉၈၊၀၁-၃၉၃၀၈၈၊၀၁-၃၉၈၄၀၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အွန်လိုင်းမှ ဝယ်ယူလိုသူများအတွက် www.myanmaairways.aero သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံ
Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2013 OCTOBER 13, SUNDAY

PREMIER®
COFFEE

မြင်ကွန်းမြို့ဟောင်းမှ ပုဂံခေတ်ရှေးဟောင်းအမွေအနှစ်များ

ရှေးဟောင်းယဉ်ကျေးမှု

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းမှ မြင်ကွန်းဒေသသည် လက်ရှိအခြေအနေတွင် ရွာ ၁၀ ရွာ ပါဝင်သော တိုက်နယ်အဆင့်ဖြစ်ပြီး အိမ်ခြေ ၁၄၀၀ ခန့်နှင့် လူဦးရေ ၅၅၀၀ ကျော်ရှိသည်။ ကုန်းဘောင်ခေတ်က မြင်ကွန်းမင်းသား အပိုင်စားရသောမြို့ ဖြစ်သည်။ ကုန်းဘောင်ခေတ်က မြို့သူကြီးအဆင့် အုပ်ချုပ်သောမြို့အဖြစ် တွင်ကျယ်ခဲ့၏။ ယနေ့တိုင်လည်း မြင်ကွန်းမြို့ဟု ဒေသခံတို့က ခေါ်နေဆဲဖြစ်သည်။ ဒေသခံများသည် ယာကို အားထား၍ လုပ်ကိုင်ကြလျက် မြေပြန့်ပြီး ယာကောင်းသဖြင့် စီးပွားရေးချောင်လည်ကြသည်။

မြင်ကွန်းဒေသတွင် ပုဂံခေတ်က စောလူးမင်း ယာယီမြို့နန်းတည်ဆောက်၍ ကျုံးမြို့ရိုးနှင့်တကွ စံနေတော်မူခဲ့ဖူးကြောင်း မကွေးတက္ကသိုလ် သမိုင်းပါမောက္ခ(ဌာနမှူး) ဆရာဦးကျော် ၁၉၇၇ ခုနှစ်က ပြုစုခဲ့သည်။ အောက်ဖြစ်စဉ်ကြောင်းသမိုင်း (၁၈၁၉-၁၈၈၅) စာတမ်းတွင် လေ့လာမှတ်သားဖူးသည်။ ယင်းစာတမ်း၌ ခရစ်သက္ကရာဇ် ၁၈၆၈ ခုနှစ်က မြင်ကွန်းမြို့သည် ခြောက်မြို့ဝန် ဝန်စုပါမြို့နယ်ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် မြင်ကွန်းမြို့ဝန်အား မြင်ကွန်း၊ တောင်ခွင်၊ ပဌာနဂိုရ်၊ သုံးမြို့ဝန်ဟု ခေါ်ခဲ့ကြောင်း သိရသည်။ သက္ကရာဇ် ၁၉၀၈ ခုနှစ်တွင် မကွေးမြို့ဝန် မစ္စတာဗိုးလ်သည် မြင်ကွန်းမြို့ကို စနစ်တကျမြို့ကွက်ချ၍ လမ်းများကို အရှေ့အနောက်၊ တောင်နှင့်မြောက် ဖြောင့်တန်းစွာ ဖောက်လုပ်ခဲ့ပြီး ရပ်ကွက်ခြောက်ရပ်ကွက်ဖြင့် မြို့ကွက်ပြန်လည်ဖော်ထုတ်ခဲ့သည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်အတွင်းကလည်း မြင်ကွန်းသည် စစ်ဘေးစစ်ဒဏ်မခံရဘဲ ကင်းလွတ်ခဲ့သောကြောင့် ရှေးဟောင်း အဆောက်အအုံများ၊ စေတီပုထိုး ကျောင်းကန်ဇရပ်များ မပျက်စီးဘဲ သမိုင်းအမွေအနှစ်များ အကောင်းပကတိအတိုင်း ကျန်ရစ်ခဲ့သည်။

မြင်ကွန်းဒေသသည် ပုဂံခေတ်ကလည်း ပုဂံအင်ပါယာအတွင်း ပါဝင်တည်ရှိခဲ့ကြောင်း ယနေ့မြင်ကွန်းမြို့တွင် ကျန်ရှိနေသေးသော ပုဂံခေတ်လက်ရာ စေတီပုထိုး ဂူကျောင်းများ၊ ကျောက်စာများက သက်သေပြလျက်ရှိပါ၏။ မြင်ကွန်းမြို့တွင် လက်ရှိ စေတီပုထိုးဂူကျောင်းများ စုစုပေါင်း ၆၀ ခန့်ကျန်ရှိပြီး ပုဂံခေတ်က ရေးထိုးခဲ့သော ကျောက်စာများကို ခုနှစ်၊ သက္ကရာဇ်နှင့်တကွ တွေ့ရသည်။ ကျောက်စာအားလုံးကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကျောက်စာရုံ ငါးခုဖြင့် ထိန်းသိမ်းစောင့်ရှောက်ထား၏။



မြင်ကွန်းမြို့ဟောင်းမှ
ပုဂံခေတ်ရှေးဟောင်းအမွေအနှစ်လက်ရာ
သာသနိက အဆောက်အအုံဟောင်းတစ်ခု။

ထင်ရှားသော စေတီနှင့်ကျောင်းများမှာ လေးဆူခံရာဘုရား၊ လေးမျက်နှာဘုရား၊ ရှင်အဖျွဲဂေါဏဂူ၊ ကုလားကျောင်းဂူပျက်၊ ရဟန္တာသိမ်ဘုရား၊ မုန့်ပေါင်းသည်ညီအစ်မဘုရား၊ ရွှေနန်းပေါက်ဘုရား၊ ငါးမျက်နှာစေတီ၊ ကွမ်းထမ်းညီနောင်ဘုရား စသည်တို့ ဖြစ်ပါ၏။

ယင်းတို့အနက် လေးဆူခံရာဘုရားတွင် ကျစွာမင်းကြီး နန်းတက် ၉၅၆-၆၁၂ ၏ အမိန့်တော်ကျောက်စာ တွေ့ရှိရသည်။ ကျောက်စာမှာ နှစ်ဖက်မျက်နှာဖြစ်ပြီး ရှေ့ဘက်၌ ၄၃ ကြောင်း၊ ကျောဘက်တွင် ၃၁ ကြောင်း တွေ့ရသည်။ ကျောက်စာများကို လေ့လာခြင်းအားဖြင့် ပုဂံခေတ်နှောင်းပိုင်းက မြင်ကွန်းမြို့၏ စီးပွားရေးချောင်လည်ပုံ၊ သူဌေးသူကြွယ်များရှိခဲ့ပုံ၊ ပုဂံခေတ်ကတည်းက မြို့သူကြီးအဆင့် အုပ်ချုပ်သော အရပ်ဒေသဖြစ်ခဲ့ပုံ၊ မုဆိုးမကအစ ဘုရားတည် ကျောင်းဆောက်လှူဒါန်းနိုင်ပုံ၊ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားခဲ့ပုံ သိရသည်။ လေးမျက်နှာဘုရားအတွင်း ပုဂံခေတ်လက်ရာ ဆေးရေးပန်းချီများ ရေးချယ်ထားသည်ကို အရှည်တည်တံ့နိုင်ရန် သံဆန်ခါများ ကာရံ၍ ထိန်းသိမ်းထား၏။ လေးမျက်နှာဘုရား၌ အတွင်းနံရံလမ်းဖြင့် စေတီ၏အပေါ်ပစ္စယံသို့ တက်ရောက်နိုင်အောင် တည်ဆောက်ထား၏။

မြင်ကွန်းမြို့တွင်း ရှေးဟောင်း စေတီပုထိုး၊ ဂူကျောင်းများကို ကြည့်လေရာတွင် တွေ့မြင်ရဆဲ၊ နေဝင်ရိုးရီအချိန်များဆိုလျှင် ပုဂံမြို့ဟောင်းကို ရောက်နေသည်ဟု ထင်ယောင်ဝိုးဝါး ခံစားမိပါ၏။ ပုဂံခေတ် ရှေးဟောင်းအမွေအနှစ်များသည် မြန်မာတို့၏အားမာန်ကို ဝင့်ထည်စေခဲ့သည်။ မကြာမီ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော် ကျင်းပတော့မည်။ ကမ္ဘာလှည့်ခရီးသည်များလည်း ဝင်လာကြတော့မည်။ မကွေးဟိုတယ်ဇုန်အတွင်း ကျရောက်နေသော မြင်ကွန်းမြို့ဟောင်းသည်လည်း လေ့လာစရာရှေးဟောင်းအမွေအနှစ်များကြောင့် နိုင်ငံခြားသားများ ရောက်ရှိလာနိုင်သည်။ မကွေးမှ မြင်ကွန်းမြို့သို့ ရေလမ်းမှသွားလျှင် ၁၀ မိုင်ခန့်သာ ဝေးပါသည်။ မကွေးမှမြင်ကွန်းသို့ ကားလမ်းဖြင့် သွားလျှင် ၂၃ မိုင် ဝေးပါသည်။ သို့သော် မကွေး-တောင်တွင်းကားလမ်းမှ မြင်ကွန်းဘက်သို့ ခွဲထွက်သွားသော ခုနစ်မိုင်ရှည်သည့် မြေသားလမ်းမှာ ကြမ်းတမ်းလှပါသည်။ နိုင်ငံခြားဝင်ငွေရနိုင်သော မြင်ကွန်းမြို့ဟောင်း မြေသားလမ်းအား ယခုထက် ချောမွေ့ပြေပြစ်သွားအောင် ပြင်ဆင်ပေးလိုက်ပါလျှင် နိုင်ငံခြားဝင်ငွေများ ရရှိလာနိုင်မည်ဟု တွေးမိပါသည်။

■

မကွေးလှမြင့်

အကျိုးပြုလူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်

မြင့်ခိုး(နတလ)

တောင်ပို့ကြီး စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း

ဤကျောင်းကို ရောက်ဖူးသူ၊ ကျောင်းနှင့်ပတ်သက်၍ ကြားဖူးသူနည်းပါလိမ့်မည်။ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းဟု ဆိုလင့်ကစား ၂၀၁၂ ခုနှစ် စာသင်နှစ်တွင် ယင်းကျောင်းမှ ကျောင်းသူခြောက်ဦး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ စစ်ကိုင်းမြို့ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် B.Ed ငါးနှစ် သင်တန်းတက်ရောက်ခွင့် လျှောက်ထားတင်ပြလာကြသည်။ တောင်ပို့ကြီး စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းသည် ညောင်ရွှေမြို့နယ်အတွင်း တည်ရှိပြီး ကမ္ဘာ့လူသားအဖွဲ့အစည်း TPA (Terra People Association) ၏ အပြန်အလှန် ဆက်နွှယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်း စီမံချက်ပါ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်များမှ နဝမတန်း ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ရှစ်ဦးပေါင်း ၁၆ဦး ရွေးချယ်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ယင်းကျောင်းသား ကျောင်းသူများသည် ညောင်ရွှေမြို့ အထက်တန်းကျောင်း၌ အတန်းပညာရပ်များ သင်ယူရုံမျှမက တောင်ပို့ကြီးစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းက သင်ကြားပို့ချပေးသော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘာသာရပ်များ၊ လက်တွေ့လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာများနှင့် ဂျပန်ဘာသာစကားတို့ကို လေ့လာသင်ယူကြရသည်။ စာမေးပွဲတစ်ကြိမ်ကျရှုံးလျှင် သင်တန်းကျောင်း၌ နေထိုင်သင်ယူခွင့်မရတော့ပေ။ ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသများတွင် TPA သည် စေတနာထက်သန်စွာဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် TPA ၏စေတနာကို တုံ့ပြန်သောအားဖြင့် အငြိမ်းစားပညာရေးမှူးများ၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူလေးများ၏ ပညာရည်မြင့်မားရေးအတွက် ဝိုင်းကာဝန်းကာ အချိန်ပို သင်ကြားပြသပေးလျက်ရှိပါသည်။

TPA ဆိုသည်မှာ

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း TPA (Terra People Association) တို့အကြား ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ကျောက်တလုံးကြီးမြို့နယ်ခွဲတို့တွင် အပြန်အလှန်ဆက်နွှယ်အကျိုးပြု လူမှုအဖွဲ့အစည်း ဖန်တီးဖော်ဆောင်ခြင်း စီမံချက်ကို ၂၀၁၂ ခုနှစ် မတ်လမှ ၂၀၁၅ ခုနှစ် မတ်လအထိ သုံးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ဒေသဖွံ့ဖြိုးရေး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထက်တွင် တင်ပြခဲ့သည့် တောင်ပို့ကြီးစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်း၊ အသေးစား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပေးခြင်း၊ သောက်သုံးရေ သွယ်ယူခြင်း၊ မူကြိုကျောင်းများ ဆောက်လုပ်ပေးခြင်းတို့ ပါဝင်သည်။ ၂၀၁၂ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအတွင်း၌ ယင်းစီမံချက်အတိုင်း နောင်ကားကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် စိုက်ပျိုးမွေးမြူရေး ရက်ရှည်သင်တန်းများ ဖွင့်လှစ်ခြင်း၊ တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု၌ ကင်တုန့်အသေးစားဆည်ကို အမေရိကန်ဒေါ်လာ ၃၉၆၆၅၇ သုံးစွဲဆောင်ရွက်ပေးခြင်း၊ ပင်းတယမြို့နယ်အတွင်း ကုံလုံဘုန်းတော်ကြီးကျောင်းမှတစ်ဆင့် ထယ်သွန်းကျေးရွာအုပ်စုရှိ ကျေးရွာများသို့ သောက်သုံးရေသွယ်ယူပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးမွေးမြူရေး

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် မြေဆီလွှာကို ကောင်းမွန်စေပြီး အော်ဂဲနစ်နည်းစနစ်ကို အခြေခံသော စိုက်ပျိုးရေး၊ သဘာဝနည်းပညာကို အခြေခံသော လယ်ယာစိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်သည်။ ဒိုချကင်း သဘာဝမြေဩဇာပြုလုပ်ပြသခြင်း၊ အော်ဂဲနစ်နည်းပညာ သင်ကြားပို့ချခြင်းများအပါအဝင် စိုက်ပျိုးမွေးမြူရေး ရက်တို၊ ရက်ရှည် သင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ ဓာတုဆေးဝါးသုံးစွဲမှု လွတ်ကင်းသည့် စံပြစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသော သီးနှံများကို အော်ဂဲနစ်သီးနှံအရောင်းဆိုင်တွင် တင်သွင်းရောင်းချပေးခဲ့သည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ပညာရေး

စိုက်ပျိုးရေးအခြေခံဖြင့် ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ မူလတန်းကျောင်းများ၊ မူကြိုကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ကျောက်တလုံးကြီးမြို့နယ်ခွဲအတွင်း ထီဖူးအမကနှင့် ကလောမြို့နယ်အတွင်း ထင်းရှူးကုန်း အမကတို့ကို တည်ဆောက်ပေးခဲ့၏။

ယဉ်ကျေးမှုဖလှယ်ရေး

ဂျပန်နိုင်ငံမှ တက္ကသိုလ်ကျောင်းသားများ၊ Study Tour များ လာရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နှစ်နိုင်ငံလူငယ်များအချင်းချင်း ရင်းနှီးစွာ ထိတွေ့ဆက်ဆံခွင့်ရရှိပြီး ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဖလှယ်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။ Kagoshima University၊ Saga University တို့မှ တက္ကသိုလ်ကျောင်းသားများ လာရောက်လေ့လာနေထိုင်၍ ယဉ်ကျေးမှုဖလှယ်ခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အင်းလေးကန်သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ရန် ပူးပေါင်းပါဝင်သည့်အနေဖြင့် အင်းလေးကန်ပတ်ဝန်းကျင်တွင် သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ အင်းလေးကန်သန့်ရှင်းသာယာလှပစေရေးအတွက် ဗေဒါပင်နှင့် ရေမှော်ပင်များကို သဘာဝမြေဩဇာပြုလုပ်ခြင်း၊ ဗေဒါပင်မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့်နည်းပညာများကို ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ပြုလုပ်ပေးခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် TPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဤစီမံကိန်းသည် အတိုင်းအတာ လုပ်ငန်းပမာဏအားဖြင့် ကြီးမားသည်ဟုမဆိုသာသော်လည်း ရည်ရွယ်ချက်ကောင်းမွန်ပြီး ဒေသခံတိုင်းရင်းသားများအတွက် အတုယူစရာစံနမူနာပြဖြစ်စေခဲ့သည်။ အထူးသဖြင့် ရှမ်းပြည်နယ်၏ အထင်ကရ အင်းလေးကန်ကြီးတိမ်ကောမသွားရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ သုံးစွဲမှုကင်းသည့် အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားအောင် ပညာပေးဆောင်ရွက်ခြင်းတို့ကို TPA က အလေးထားဆောင်ရွက်လျက်ရှိသည်။



မြန်မာ့ဆေးလောကမှ နှလုံးလှဆရာဝန်များ

ဒေါက်တာဒေါ်ခင်ဝင်းမေ

ကျွန်မတို့မိသားစုသည် နှလုံးရောဂါမျိုးရိုးရှိသူများဖြစ်ပါသည်။ မိသားစုဝင် ဖခင်၊ ဦးလေးနှင့် တစ်ဝမ်းကွဲတော်စပ်သူ အစ်မ၊ ညီမ၊ တူလေးအားလုံး နှလုံးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြရပါသည်။ ရောဂါရှိမှန်း မသိသူများက ရုတ်တရက်နှလုံးရပ် (HEART ATTACK) ဖြင့် ဆုံးပါးကြရပါသည်။

ကျွန်မ၏ဖခင် ပထမဆုံးအကြိမ် နှလုံးသွေးကြောပိတ် (ACUTE MYOCARDIAL INFRACTION)ရစဉ် မှစတင်ကာ နှလုံးဆေးကုသဆောင်နှင့် ကျွန်မစတင် မိတ်ဆက်ခွင့်ရပါသည်။ ထိုစဉ် ဌာနမှူးမှာ ပါမောက္ခ ဦးရွှေတင်ဖြစ်ပြီး ပါမောက္ခဦးအောင် (ကျွန်မငယ်ဆရာရင်း သွား/ဆေးတတိယနှစ်တွင် ဆေးဝါးဗေဒသင်ကြားပေးခဲ့သော စာအသင်အပြ အလွန်ကောင်းသော ဆရာဖြစ်ပါသည်။ ဆရာ၏ဇနီး ပါမောက္ခဒေါ်မေမြဝင်းသည်လည်း ကျွန်မတို့ကို ရောဂါဗေဒသင်ကြားပေးခဲ့သော ဆရာမအရင်းဖြစ်ပါသည်။) ပါမောက္ခဒေါ်ချိုလေးမာ၊ ပါမောက္ခဒေါ်ခင်မေစန်း၊ ပါမောက္ခဦးအောင်ချိန်၊ ပါမောက္ခဦးမျိုးဝင်းအပါအဝင် ဆရာဝန်များ၊ အကူသူနာပြုများဖြင့် တက်ညီလက်ညီကုသပေးခဲ့ပါသည်။

ထိုစဉ်က သူနာပြုဆရာမကြီးဒေါ်ခင်သန်း၊ ဒေါ်သန်းမြတို့၏ နံနက်စောစော(BED-Prepare)ခေါ် လူနာကိုလုံးဝမရွှေ့ဘဲ ဖြူဖွေးသောအိပ်ရာခင်းများကို သန့်ပြန့်စင်ကြယ်နေအောင် နေ့တိုင်းခင်းပေးသည်ကလည်း မချီးကျူးဘဲ မနေနိုင်ပါ။ ဆရာဝန်များ၏ကုသချက်ကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံနေထိုင်ခဲ့သော ဖခင်ကြီးသည် အကြိမ်ကြိမ် ဆေးရုံတက်ရသော်လည်း သက်တမ်းစေ့(၈၇)နှစ်ထိ နေထိုင်ခဲ့ရပါသည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုသဆောင်ကိုလည်း ပါမောက္ခဦးအောင်၊ ပါမောက္ခဒေါ်ချိုလေးမာ၊ ပါမောက္ခ ဒေါ်ခင်မေစန်း၊ ပါမောက္ခဦးအောင်ချိန်၊ ပါမောက္ခဦးထွန်းရွှေ၊ ပါမောက္ခ ဒေါ်သန်းသန်းကြိုင်တို့က အဆင့်ဆင့်တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။ ဒေါ်သန်းသန်းကြိုင်မှာ ကျွန်မ ၁၉၈၇ ခုနှစ် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်စဉ်က ညီအစ်မအရင်းပမာရင်းနှီးကာ စာတော်ပြီးကြိုးစားသော သမားတော်တစ်ဦးဖြစ်ပါသည်။

ကျွန်မခင်ပွန်း ပါမောက္ခဦးမြသော် ၂၀၀၄ ခုနှစ် (ANGINA)ခေါ် ရင်ဘတ်အောင့်ခြင်းကြောင့် မန္တလေးဆေးရုံကြီး နှလုံးဆေးကုသဆောင် တက်ရောက်ရာမှစ၍ ဒုတိယအကြိမ် နှလုံးဆေးကုသဆောင်နှင့် မိတ်ဆက်ရပါတော့သည်။ မကြာခဏ ဆေးရုံတက်ရပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် နှလုံးသွေးကြောခွဲစိတ်မှန်ရိုက်ကာ နှလုံးသွေးကြောထောက်ကိရိယာ (STENT) ထည့်ရပါသည်။ ၎င်း၏ PROCEDURE လုပ်နေစဉ် လျှပ်စစ်မီးရုတ်တရက် ပြတ်တောက်သွားပါသည်။ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်း၏ လျှင်မြန်ဖြတ်လတ်မှု၊ စီမံခန့်ခွဲမှုကောင်းမွန်သောကြောင့် အန္တရာယ်ဘေးမှဝေးခဲ့ရပါသည်။ ပုံစံတူ ဆေးရုံသစ်ကြီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရသည့်အတွက် ဖြစ်ပါသည်။ ပုံစံတူဆေးရုံသစ်ကြီးတွင် အထူးကုဆရာဝန်ကြီးများ စုံစုံလင်လင်၊ စည်းစည်းလုံးလုံးတာဝန်ထမ်းဆောင်ရသောကြောင့် ဖြစ်ပါသည်။ ထိုစဉ်က ဆရာကြီးဦးဝင်းမှာ ခုတင်(၃၀၀)ဆေးရုံအုပ်ကြီးဖြစ်ပါသည်။ ဆရာကြီးသည် စေ့စပ်သေချာပြီး ထောင့်စေ့အောင် စီမံခန့်ခွဲနိုင်ပါသည်။ ခုတင် (၃၀၀)နှင့် သွား/ဆေး(မန်း)မှာ ခြံစည်းရိုးတစ်ခုသာ ခြားသော အိမ်နီးနားချင်းများဖြစ်သောကြောင့် ညီအစ်ကိုအရင်းတမျှ ချစ်ခင်ကြပါသည်။ ဆေးရုံတစ်ရုံ၏ တိုးတက်မှုသည် စီမံခန့်ခွဲပေးသော ဆေးရုံအုပ်ကြီးအပေါ်တွင် တည်မှီနေပါသည်။

ကျွန်မတို့အငြိမ်းစားယူပြီး မိသားစုရှိရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ ခင်ပွန်းသည်၏ နှလုံးကျန်းမာရေးကို ညီအစ်မရင်းပမာ ရင်းနှီးသည့် တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်လွင်တင်အေးက ဆက်လက်စောင့်ရှောက်ပေးပါသည်။ ကျွန်မ၏သားလေး အသည်းရောင်အသားဝါစီပိုးကုသရန် ပါမောက္ခဦးသံစစ်က ပါမောက္ခဒေါ်နွယ်နွယ်ထံမှ နှလုံးစစ်ချက်ရယူရန် ဖုန်းဆက်ပေးရာ ဒေါ်နွယ်နွယ်က ဆေးရုံကြီးတွင် ချက်ချင်းစစ်ဆေးပေးခဲ့ပါတယ်။

ကျွန်မ၏မောင်လေး ဒေါက်တာမျိုးမြင့်မော်(အထူးကုဆရာဝန်ကြီး)(ကင်ဆာရောဂါကုဌာန ရန်ကုန်ဆေးရုံ ကြီး) သည် မိသားစုရှိရာ မန္တလေးမှတာဝန်ကျရာ ရန်ကုန်သို့ ပြန်သည့်နေ့တွင် နှလုံးသွေးကြောပိတ်ခြင်း(ACUTE MYOCARDIAL INFARCT) ရရှိသွားရာ မန္တလေးမြို့ အထွေထွေဆေးရုံကြီး နှလုံးဆေးကုသဆောင်မှ အသက်ကယ်တင်ပေးခဲ့ပါသည်။

ကျွန်မ၏သားလေး လွှတ်တော်တက်ချိန်တွင်လည်း ခင်ပွန်းသည် နေပြည်တော် ခုတင် (၁၀၀၀) နှလုံးဆေးကုသဆောင်သို့ သွားရောက်ပြသခဲ့ရပါသည်။ ထိုစဉ်က တွဲဖက်ပါမောက္ခ ဦးမြင့်ငွေက ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါတယ်။ နေပြည်တော် နှလုံးဆေးကုသဆောင်လေးသည် ကျယ်ဝန်း၊ သန့်ရှင်း၊ သပ်ရပ်သည့် တစ်ထပ်တိုက်ဆောင် လေးဖြစ်ပါသည်။

အငြိမ်းစားယူပြီး လေးနှစ်ခွဲအကြာ မန္တလေးသို့ ရောက်ရှိစဉ် သွား/ဆေး(မန်း)ပါမောက္ခချုပ် ပါမောက္ခဦးရွှေတိုး ခေါင်းဆောင်ပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(မန္တလေး)မှ အသင်းသားများ၊ အငြိမ်းစား ပါမောက္ခချုပ်များက နွေးထွေးစွာကြိုဆိုခဲ့ကြသည်မှာ ဆရာကြီး၏ရောဂါအားလုံး ပျောက်ကင်းသွားပါတော့သည်။ နှလုံးရောဂါဆိုသည်မှာ စိတ်ကိုလည်း တစ်စိတ်တစ်ပိုင်း ကုသပေးရပါလားဟု ထင်မိပါသည်။

မန္တလေးမြို့ အထွေထွေကုဆေးရုံကြီးသို့ရောက်သောအခါ ဆေးကုသဆောင်များတိုးတက်နေပြီး ကားရပ်နားရာဌာန နှလုံးဆေးကုသဆောင်၏ မျက်နှာချင်းဆိုင် ငါးထပ်တိုက် နှလုံးဆေးကုသဆောင်သစ်ကြီးမှာ ခံ့ညားထည်ဝါလှပါသည်။ ရန်ကုန်၊ မန္တလေး နှလုံးဆေးကုသဆောင်များတွင် ဆရာဝန် ဆရာမများပျားပန်းခပ်မျှ လှုပ်ရှားကြရပါသည်။

ဆရာကြီးအား ယခုအချိန်တွင်လည်း (ANGIO-GRAPHY) နှလုံးသွေးကြော ခွဲစိတ်မှန်ရိုက်ပြီး ကျန်ပိတ်နေသော သွေးကြောတစ်ချောင်းကို နှလုံးသွေးကြောထောက်ကိရိယာ(STENT)ထည့်ပေးပါသည်။ မန္တလေး ဆေးရုံကြီးတွင် တစ်ပတ်နှစ်ကြိမ် နှလုံးသွေးကြောခွဲစိတ်မှန်ရိုက်ပြီး လိုအပ်သည်များကို ကုသပေးသည်မှာ တစ်ကြိမ်လျှင် ၁၀ ယောက်အထက် ရှိပါသည်။ အဆိုပါ နေ့ရက်များတွင် နံနက် ၈ နာရီမှ စတင်ကာ ညနေ ၆ နာရီမှ လုပ်ငန်းများပြတ်သွားပါသည်။ မည်သို့ပင် ပင်ပန်းစေကာမူ ဆရာဝန် ဆရာမများသည် နွမ်းလျမှု မရှိ၊ လန်းလန်းဆန်းဆန်း ရှိသည်က ချီးမွမ်းစရာပါ။ ညနေဘက်မှ စတင်ကာ ဆေးကုသပြီး လူနာများအား ဒု-လက်ထောက်၊ ပ-လက်ထောက် ဆရာဝန်များ အလှည့်ကျကြည့်ရှုပေးကြပါသည်။ တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးကျော်စိုးဝင်း ရောက်ရှိလာသောအခါ လူနာစောင့်များပါ အိပ်မောကျနေသော (သန်းခေါင်ယံ ည ၁၂ နာရီ) ဖြစ်ပါသည်။ ဆရာသည် အိမ်ပြန်မရောက်သေးသော်လည်း လူနာများကို အပြုံးမပျက် ကြည့်ရှုလျက်ရှိပါသည်။ ဆေးကျောင်းတက်စဉ်က အင်မတန် စာတော်ကြောင်း ဆေး/မန်းမှ ဆရာကြီးများက ချီးကျူးကြပါသည်။

ပါမောက္ခ ဒေါ်သန်းသန်းကြိုင်၊ တွဲဖက်ပါမောက္ခ ဦးကျော်စိုးဝင်းနှင့် ဦးမြင့်ငွေ၊ ဒေါက်တာ ခင်ဦးလွင်တို့ ဟန်ချက်ညီကြပါသည်။ ဒေါက်တာဇော်ဝမ်း၊ ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာ တင်ဇော်လတ် (နာဂရိုးရာ နှစ်သစ်ကူးပွဲတော် လဟယ်ခရီးစဉ်တွင် အတူသွားရောက်ခဲ့သူ)တို့ကလည်း ဝိုင်းဝန်းပံ့ပိုးကြပါသည်။ လက်ထောက် ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြု ဆရာမကြီးများ၊ ဝန်ထမ်းများအားလုံး ကာယသုခ စိတ္တသုခ နှစ်ဖြာပြည့်စုံကြပါစေ။

နှလုံးသားကို ကုသပေးနေကြသော ဆရာဝန်များဖြစ်သလို စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနေကြသော နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဆေးရုံကြီးများရှိ နှလုံးဆေးကုသဆောင်များမှ နှလုံးလှဆရာဝန်များကဲ့သို့သော သမားတော်များ၊ စီမံခန့်ခွဲမှုတော်သော ဆေးရုံအုပ်ကြီးများ မြောက်မြားစွာ ပေါ်ထွန်းလာနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

“အာရောဂျံ ပရမံလာဘံ”

ရင်ခုန်သံ အောင်မြင်မှု · အောက်တိုဘာ ၁၃ ရက် ၂၀၁၃ ခုနှစ်

ရန်ကုန်တိုင်းဒေသကြီး

စာပေပျိုးခင်း စာအုပ်၊ စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာပေပျိုးခင်း စာအုပ်၊ စာစောင်နှင့်ဓာတ်ပုံပြပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်၊ ပြန်/ဆက်မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်နှင့် တာဝန်ရှိသူတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** အခမ်းအနားသို့တက်ရောက်လာကြသူများသည် ပြပွဲအားလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြပွဲတွင် သုတ၊ ရသစာအုပ်၊ စာစောင် ၇၀၀ ကျော်နှင့် နိုင်ငံတော်အကြီးအကဲမှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ အဆိုပါပြပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

[အရှေ့ပိုင်းခရိုင် ပြန်/ဆက်]

ကချင်ပြည်နယ်

ကချင်ပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း

ကချင်ပြည်နယ်တွင် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် မြို့ပြစီမံကိန်းများရေးဆွဲရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက မြို့ပြဖွံ့ဖြိုးရေး အတွက် City Development Plan များ စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်မှသာ အနာဂတ်မြို့/ရွာများအတွက် သပ်ရပ်လှပပြီး ဖွံ့ဖြိုးတိုးတက်သည့် မြို့ပြများဖြစ်လာမှာဖြစ်ကြောင်း၊ နောင်လာမည့် အနာဂတ်အတွက် မျှော်မှန်း၍ စနစ်တကျဖြင့် အခြေခံအုတ်မြစ်ချရေးဆွဲထားမှသာလျှင် ခေတ်မီပြီး ဘေးအန္တရာယ်ကင်းသည့် မြို့ပြများအတွက် စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ကုန်သွယ်ရေးဇုန်များနှင့်အတူ ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့ပြနှင့် ဒေသစီမံကိန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မြစ်ကြီးနားမြို့ အတွက် အနာဂတ်တိုးချဲ့မြေနေရာများ၊ အဆိုပြုဆက်စပ်လမ်းများ၊ မြို့ဇဟိုခွဲစီးပွားရေးဇုန်များ၊ အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ဝိုင်းမော်မြို့၏ စက်မှုဇုန်၊ ကုန်သွယ်ရေးဇုန်များအတွက် မြို့ပတ်လမ်းများ၊ မြို့ပင်မရေနုတ်မြောင်းနှင့် ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းသွယ်များ စနစ်တကျ စီးဆင်းရေးတို့အတွက် ရေးဆွဲထားသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့ပြဖွံ့ဖြိုးရေးအတွက် စီမံကိန်းရေးဆွဲရန်လိုအပ်သည့် အကူအညီများကို ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

[မြစ်ကြီးနား ပြန်/ဆက်]

တနင်္သာရီတိုင်းဒေသကြီး

မြိတ်မြို့၌ ကရင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုဆိုထောက်ခံပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကရင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုဆိုထောက်ခံပွဲကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ ကရင်လူမျိုးဗုဒ္ဓဘာသာ အနွယ်ဝင်သံဃာတော်အရှင်သူမြတ်များ၊ အသင်းအုပ်ဆရာများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောထွန်းအောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောဂျူပလီစံလှ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းအောင်ကျော်သိန်း၊ မြိတ်ဒေသရှိ မြို့နယ်/ကျေးရွာ အသီးသီးမှ ကရင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ ကရင်ယဉ်ကျေးမှုဒိုးယိမ်းအက ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိနှင့်အဖွဲ့ဝင်များဖြစ်ကြသည့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီ၊ ပြင်းငယ်ကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ၊ သိက္ခာတော်ရဆရာတော် ဒေါက်တာစောဖိုးသောင်း (မြိတ်ကရင်နှစ်ခြင်းသာသနာ)၊ Fr. ဘရူနိုဖီလစ်၊ ဆရာမန်းစိန်ရွာ (ဧမာနွေလ ကျမ်းစာသင်ကျောင်း)တို့က အသီးသီးနေရာယူပြီး အခမ်းအနားကို တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဟာဗီက ကရင်ရိုးရာအထိမ်းအမှတ် ဖားစည်တီးဖွင့်လှစ်ခဲ့ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးသိန်းလွင်က အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြပြီး တစ်ဦးအပေါ်တစ်ဦး ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် အေးချမ်းသာယာစွာ နေထိုင်လျက်ရှိကြောင်း၊ သို့ရာတွင် ကိုလိုနီစနစ်အုပ်ချုပ်မှုဆိုးမွေများကြောင့် ငြိမ်းချမ်းစွာ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ အချင်းချင်းစိတ်သဘောထားမတူညီမှု အချို့ကြောင့် မိမိတို့ဒေသအေးချမ်းမှုပျက်ပြားခဲ့ရသလို ဒေသဖွံ့ဖြိုးတိုးတက်မှုမှာလည်း နိမ့်ကျခဲ့ရပါကြောင်း၊ စီးပွားရေးနိမ့်ကျလာသည်နှင့်အမျှ ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုများသည် တစ်ဖက်နိုင်ငံသို့သွားရောက်အလုပ်လုပ်ကြရပြီး မိသားစုကိုတစ်ဖက်တစ်လမ်းကထောက်ပံ့နိုင်အောင်ကြိုးစားရင်း တစ်ဖက်နိုင်ငံကို အလုပ်အကျွေးပြုနေရသည့် ဘဝသို့ ရောက်ရှိသွားကြသည်ကို တွေ့ရှိရပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး ဆုတ်ယုတ်သွားသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံးအကြား အပြန်အလှန်နားလည်မှုကို တည်ဆောက်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း နေရာဒေသမရွေး၊ နေ့ညမရွေး သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်အတူ ဒေသတည်ငြိမ်အေးချမ်းလာသည့်အတွက် မြို့ပေါ်/ကျေးလက်ဒေသ မကျန် တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်ဦးနှင့် တစ်ဦး နားလည်မှု၊ ယုံကြည်မှုအပြည့်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဆိုပါက မိမိတို့တိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီး/ ပြည်နယ်များထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်အမျိုးသားစည်းလုံးရေးနှင့် ငြိမ်းချမ်းရေးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ကရင်အမျိုးသားအစည်းအရုံး KNU မြိတ်-ထားဝယ် ခရိုင်ဆက်ဆံရေးရုံးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး စောဆာပီးတူးက အမှာစကားပြောကြားကြသည်။ ယင်းနောက် မြိတ်မြို့ ဧမာနွေလပိုးကရင်ကျမ်းစာသင်ကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး သိက္ခာတော်ရ ဆရာမန်းသိန်းယုက ကရင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ကြိုဆိုထောက်ခံပွဲအဆိုကိုတင်သွင်းရာ ကက်သလစ်သာသနာ လက်ထောက် ကျောင်းထိုင်ဆရာတော် Fr. ဖိုးဂရေနှင့် ဧမာနွေလပိုးကရင်ကျမ်းစာသင်ကျောင်းမှ ဆရာမ နန်းဂေးခလိန်ဘွားတို့က အဆိုကိုထောက်ခံတင်ပြကြပြီး ပြင်းငယ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလက စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောထားအမြင်ကို မိန့်ကြားတော်မူသည်။

ဆက်လက်၍ သဘာပတိတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ထောက်ခံပွဲအဆိုနှင့် ပတ်သက်၍ လူထုဆန္ဒသဘောထားကို ရယူပြီး အခမ်းအနားကို ခေတ္တရပ်နားခဲ့သည်။ အခမ်းအနားဒုတိယပိုင်းကို မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက တက်ရောက်လာသော ဧည့်သည်တော်များနှင့်မြိတ်ဒေသကရင်တိုင်းရင်းသား တိုင်းရင်းသူများအား မိတ်ဆက်ပေးသည်။ ယင်းနောက် မြိတ်ကရင်နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဆရာစောထဲဒေက တက်ရောက်လာကြသော ကရင်တိုင်းရင်းသား တိုင်းရင်းသူများနှင့်တစ်ဦးချင်းနှင့်အုပ်စုလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြရာ ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံ/စီးပွားဝန်ကြီး ဦးသိန်းလွင်နှင့် သစ်တော/သတ္တုဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီး/ပြည်နယ် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးများမှ ကောက်နုတ်ခြင်း၊ သုံးသပ်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားကို တက်ရောက်လာကြသူအားလုံးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလေးပြုကြပြီး ကရင်အမျိုးသားသီချင်းစုပေါင်းသီဆိုကြကာ ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာကြသော ကရင်တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ ■

ဧရာဝတီတိုင်းဒေသကြီး

သန်းခေါင်စာရင်းကောက်ကွက်မြေပုံစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၇ ရက်မှစ၍ သန်းခေါင်စာရင်းကောက်ကွက်မြေပုံ စစ်ဆေးခြင်းအခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးအေးကျော်လာရောက်ကြည့်ရှုသည်။ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှဒေါင်း၊ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးငွေထွန်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါ သန်းခေါင်းစာရင်းကောက်ကွက်မြေပုံ စစ်ဆေးခြင်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ လာရောက်ပြုလုပ်စစ်ဆေးနေကြောင်း သိရသည်။ **(အောက်ပုံ)**

[ခရိုင် ပြန်/ဆက်]

တနင်္သာရီတိုင်းဒေသကြီး

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဥယျာဉ်ခြံမြေများ မှတ်ပုံတင်ပြုလုပ်ပေး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ လက်ထောက်မြေစာရင်းမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများသည် မြို့မရဲစခန်းနယ်မြေ ပညစ်ကျေးရွာရှိ ဥယျာဉ်ခြံမြေများအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွေးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် စာရင်းပြုစုရေးသွင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီအထိ ဥယျာဉ်ခြံမြေ ၂၄ ဧက မှတ်ပုံတင်ပြုလုပ်ပြီးစီးခဲ့ကြောင်းသိရသည်။

[မြို့နယ်ပြန်/ဆက်]

မကွေးတိုင်းဒေသကြီး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအဖြစ် ကျေးရွာနေပြည်သူများ စားဝတ်နေရေးအထောက်အကူဖြစ်စေရန်နှင့် တစ်ပိုင် တစ်နိုင် မွေးမြူရေးလုပ်ကိုင်နိုင်စေရန် ပေါက်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်ငွေးလွင်သည် အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီတွင် ညောင်ဝန်းပေါက်ကျေးရွာ မူလွန်ကျောင်းခန်းမ၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံကာ ပညာပေးဟောပြောခြင်း၊ မွေးမြူလိုသည့် တိရစ္ဆာန်စာရင်းများကောက်ယူခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းဝင်းက ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်မှပံ့ပိုးဆောင်ရွက်ရန် လိုအပ်ပါက တင်ပြကြရန်ပြောကြားပြီး ပြည်သူများ၏ လိုအပ်ချက်များအား စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။

[အောင်-မန်းတက္ကသိုလ်]

ပဲခူးတိုင်းဒေသကြီး

အစေ့ထုတ်ပြောင်းဈေးကွက်အေးသော်လည်း တောင်သူများ တွက်ခြေကိုက်

ရေတာရှည်မြို့နယ်တွင် ဈေးကွက်ဝင် စားပြောင်းများ အဓိကစိုက်ပျိုးသည့် ရေနီမြို့အရှေ့၊ မြို့လှမြို့အရှေ့ဒေသများနှင့် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ဇေယျာသိမ်၊ ရဲကုန်း၊ ဥဩချစ်ပင်၊ ဇီးဖြူတန်း၊ ပျဉ်ထောင်၊ ဘုရားကုန်း၊ ကက္ကူအုတ်ဖိုအစရှိသော ကျေးရွာများသည် နှစ်စဉ် အစေ့ထုတ်ပြောင်းများစိုက်ပျိုးလျက်ရှိပြီး ယခုအချိန်တွင် ပြောင်းဖူးဆန် အခြောက်များကို ပွဲရုံများသို့ လှည်းများဖြင့်လည်းကောင်း၊ စက်လှေများဖြင့်လည်းကောင်း တင်ပို့ရောင်းချလျက်ရှိသည်။ **(ယာပုံ)**

နုန်းတင်မြေနုဖြစ်ပြီး ရေခံမြေခံကောင်းမွန်သည့် အဆိုပါဒေသများတွင် ပဲအမျိုးမျိုး၊ စပါး၊ ကြံ၊ ပြောင်း၊ နှမ်း သီးနှံများကို စိုက်ပျိုး၍ ယခုနှစ်ရာသီဥတုကောင်းမွန်မှုကြောင့် တောင်သူများအတွက် များစွာစီးပွားရေးကောင်းမွန်ခဲ့သည်။ "ဒီနှစ်က ကျွန်မတို့တောင်သူတွေ အဆင်ပြေတယ်လို့ပြောရမှာပဲ၊ မြစ်ရေတော့တက်တယ်၊ ဒါပေမယ့် သီးနှံတွေက အကုန်သိမ်းပြီးကုန်ပြီ၊ မနှစ်ကဆို ပြောင်းခင်းတွေက ရေနစ်ရတဲ့အထဲ ကြက်တူရွေးအုပ်တွေကျလို့ တောင်သူတွေ ရှုံးကြတယ်" ဟု ဇီးဖြူတန်းကျေးရွာနေ ဒေါ်ငွေးငွေးက ပြောသည်။

ဈေးကွက်တင်ပို့မည့် အစေ့ထုတ်ပြောင်းမှာ တစ်ဧကလျှင် တင်း ၄၀ မှ ၆၀ ဝန်းကျင်အထိထွက်ပြီး ယခုလက်ရှိ ပြောင်းဆန်ခြောက်တစ်တင်းလျှင် ကျပ် ၆၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

[ကိုလွင်-ဆွာ]

စစ်ကိုင်းတိုင်းဒေသကြီး

အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များအား အတိုးနှုန်းသက်သာစွာငွေထုတ်ချေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့်မြို့နယ် ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများကော်မတီတို့၏ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁ ရက်က သီရိရတနာခန်းမ၌ မြို့ပေါ်ရပ်ကွက်များမှ အသေးစားလုပ်ငန်းရှင် ၉၀ တို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှငွေကျပ်သိန်း ၉၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထိုသို့ ထုတ်ချေးပေးရာတွင် အသေးစားပုဂ္ဂလိကချေးငွေလုပ်ငန်း အစုအဖွဲ့ဥက္ကဋ္ဌနှင့် ကာယကံရှင်တို့ လက်မှတ်ရေးထိုးစေကာ ထုတ်ချေးပေးကြောင်း၊ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးအရာရှိ ဦးစိုးဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်တင့်တို့က ယခုလို ချေးငွေထုတ်ချေးခဲ့ရခြင်းမှာ ဆင်းရဲမှုလျှော့ကျပြီး မိမိတို့လုပ်ငန်းအတွက်လုပ်ကိုင်ရန် အရင်းအနှီးအဖြစ် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မလိုအပ်သည့် နေရာများတွင် သုံးစွဲမှုမပြုလုပ်ရန်၊ မိမိလုပ်ငန်းအတွက်အသုံးပြုပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရန် ပြောကြားသည်။

ထို့နောက် အသေးစားလုပ်ငန်းရှင် ၉၀ တို့အား တစ်ဦးလျှင် ရင်းနှီးလုပ်ကိုင်နိုင်ရန် ငွေကျပ် တစ်သိန်းစီ ထုတ်ချေးပေးပြီး ထုတ်ချေးငွေစုစုပေါင်းမှာ ကျပ်သိန်း ၉၀ ဖြစ်၍ အတိုးနှုန်းမှာ တစ်ကျပ်ဖြစ်ပြီး တစ်နှစ်ပြန်ဆပ်အဖြစ် ထုတ်ချေးပေးခဲ့သည်။ ယင်းသို့ ထုတ်ချေးပေးသော ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများရရှိသော အသေးစားပုဂ္ဂလိကလုပ်ငန်းရှင်များက ကျေးဇူးတင်လျက်ရှိကြောင်း ပြောကြားကြသည်။

[မြို့နယ် ပြန်/ဆက်]

တနင်္သာရီတိုင်းဒေသကြီး

အဆို၊ အက၊ အရေး၊ အတီးတိုင်းဒေသကြီးအဆင့်ပြိုင်

တနင်္သာရီတိုင်းဒေသကြီး အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ သဘင်ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ (ထားဝယ်/မြိတ်/ကော့သောင်း) ခရိုင်များမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ ဖြစ်ကြသည့် ထားဝယ်ရိုးရာအကအဖွဲ့၊ ကရင်ဒုံးယိမ်းအကအဖွဲ့တို့က ထားဝယ်ရိုးရာအက၊ ကရင်ဒုံးယိမ်းအကနှင့် ထားဝယ်ရေအိုးရွက်အကများဖြင့် သီဆိုကပြဖြေဖျော်တင်ဆက်ကြသည်။ ယခုနှစ် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့မှ ပြိုင်ပွဲဝင်များက ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အဆင့်၊ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အဆင့်များနှင့် အခြေခံပညာ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ကဗျာလွတ် ၁၆ ဦး အကပြိုင်ပွဲများကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ) [ကျော်ကျော်လတ်]**

မန္တလေးတိုင်းဒေသကြီး

ညောင်ဦးတွင် ကျန်းမာရေးအခမဲ့အလှူတော်ပွဲ ပြုလုပ်

ညောင်ဦးခရိုင်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်အတွင်း၌ လူမျိုးဘာသာမရွေး ကျန်းမာရေးအခမဲ့စောင့်ရှောက်ကုသမှုပေးလျက်ရှိရာ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ အများအပြားလာရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပုဂံညောင်ဦးဒေသ ကျန်းမာရေးအလှူပွဲတွင် မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း၊ အရိုးအကြော၊ အရေပြား၊ ကလေး၊ သားဖွားမီးယပ်၊ အထွေထွေခွဲစိတ်နှင့် အထွေထွေရောဂါစသည်တို့ကို အခမဲ့ကုသပေးလျက်ရှိကြောင်း၊ ညောင်ဦးခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ရပ်ဝေးရပ်နီးရှိပြည်သူများ ဆေးကုသမှုအတွက် လာရောက်ရာတွင် သွားလာမှုလွယ်ကူချောမွေ့စေရေးနှင့် နေထိုင်စားသောက်ရေးအတွက် လည်းကောင်း၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ နေ့စဉ် လှူဒါန်းကူညီမှုဖြင့်လည်းကောင်း ပြည်သူများ စိတ်ချမ်းသာစွာဖြင့် ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။ **[ရဲသူရအောင်-ညောင်ဦး]**

ရှမ်းပြည်နယ်

မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

မိုင်းဖြတ်မြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာ သောင်းစိန်နှင့် လားဟူတိုင်းရင်းသားရေးရာဝန်ကြီး ဦးရှာမွေလှရှုန်တို့နှင့်အတူ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီခွဲက တွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးဖရန်စစ္စကိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးစိုင်းညွန့်ဝင်း၊ ဦးမောရှည်၊ ဒေါ်တင်မေထွန်း၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

[ဝေယံလင်း-မိုင်းဖြတ်]

မကွေးတိုင်းဒေသကြီး

နေရောင်ခြည်သုံး ဆိုလာစွမ်းအင်စနစ်အသုံးပြုမှု ပခုက္ကူဒေသတစ်ခွင် အားကောင်းလာ

မကွေးတိုင်းဒေသကြီး ပခုက္ကူဒေသ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ ၂၀၁၃ ခုနှစ်အတွင်း တပ်ဆင်အသုံးပြုမှုအားကောင်းလာကြောင်း သိရသည်။ နေရောင်ခြည်သုံး ဆိုလာစွမ်းအင်စနစ်သည် ကနဦးအစတပ်ဆင်ခမြင့်မားသော်လည်း ဆိုလာပြားများသည် နှစ်ရှည်ခံခြင်း၊ လောင်စာဆီကဲ့သို့ ထပ်မံဝယ်ယူဖြည့်ဆည်းရမည့် စွမ်းအင်လိုအပ်ချက်မရှိခြင်း၊ သဘာဝအလင်းရောင် တစ်နေ့လျှင် ခြောက်နာရီခန့်ရရှိရုံဖြင့် လုံလောက်သောစွမ်းအင်ရရှိခြင်း၊ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းခြင်း၊ ပြုပြင်ထိန်းသိမ်းမှုစရိတ်နည်းပါးခြင်း၊ မီးစက်များကဲ့သို့ ပတ်ဝန်းကျင်ဆူညံမှုမရှိခြင်း၊ လေထုအတွင်း ညစ်ညမ်းစေသောအခိုးအငွေ့ထုတ်လွှတ်ခြင်း မရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းထိန်းသိမ်းနိုင်ခြင်း စသည့်အားသာချက်တို့ကြောင့် ပခုက္ကူခရိုင်အတွင်းရှိ မြိုင်၊ ပခုက္ကူ၊ ရေစကြို၊ ဆိပ်ဖြူ၊ ပေါက်မြို့ပေါ်သာမက လျှပ်စစ်မီးမရရှိသေးသော ကျေးရွာအများစုမှ အသုံးပြုမှု အားကောင်းလာကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ဆိုလာပြားအုပ်စုံကိုကျပ်သုံးသိန်းဝန်းကျင်ဝယ်ယူရပါတယ်၊ နေရောင်တစ်နေ့ခံလို့ရှိရင် တီဗွီတစ်လုံး၊ ဖန်ချောင်း ၁၀ ချောင်း အဖွင့်ခံပါတယ်၊ ကျွန်တော်တို့ရွာက အိမ်ခြေ ၂၀၀ ခန့်ရှိပါတယ်၊ အိမ်ခြေ ၁၀၀ လောက် ဆိုလာပြားတွေနဲ့ တီဗွီလည်း ဖွင့်နိုင်ပါတယ်၊ ညမှာဆိုရင်လည်း ဖန်ချောင်းတွေနဲ့ ထိန်လင်းအောင် အဆင့်မြင့်မြင့်နေထိုင်နိုင်ကြပါတယ်"ဟု ရေစကြိုမြို့နယ် ချင်းတွင်းမြစ်အနီး ပေါင်လောင်ရွာသားတစ်ဦးက ပြောသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ လေ့လာချက်အရ ခြောက်သွေ့ရာသီအတွင်း မြန်မာနိုင်ငံတွင် တစ်နေ့လျှင် တစ် စတုရန်းမီတာအတွက် Radiation Intensity 5 KW ရှိကြောင်း သိရသည်။ ထို့ပြင် ဂျပန်နိုင်ငံမှ New Energy Development Organization (NEDO)၏ ၁၉၉၇ ခုနှစ်အတွင်းက မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၌ ပြုလုပ်ခဲ့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လေ့လာချက်များအရ မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင် တစ်နှစ်လျှင် ၅၁၉၇၃၈ TW Hour ရရှိကြောင်း သိရသည်။

[နေဦးမောင်-ပခုက္ကူ]

စစ်ကိုင်းတိုင်းဒေသကြီး

ဆိပ်ကမ်းသာတံတားပြင်ဆင်ရေး ကမ္ဘောဇဘဏ် လှူဒါန်း

ကလေးမြို့တွင် စက်တင်ဘာနောက်ဆုံးပတ်က ရွာသွန်းခဲ့သောမိုးကြောင့် လယ် ၂၁၄၉ ဧက၊ အဆောက်အအုံ ၃၅ လုံးခန့်၊ တံတား ၁၁ စင်းကျော်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဆုံးရှုံးပျက်စီးမှုတန်ဖိုးခန့်မှန်းခြေ သိန်း ၄၀၀၀ ကျော်ရှိမည် ဖြစ်ကြောင်းကို အောက်တိုဘာ ၉ ရက်က ပြုလုပ်သောတိုင်းဒေသကြီး ဝန်ကြီး ဦးစိန်မောင်းနှင့်တွေ့ဆုံပွဲတွင် တာဝန်ရှိသူတို့က ပြောကြားသွားသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုထဲတွင် ပင်လုံလမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်လမ်းတို့ကို ဆက်သွယ်ပေးထားသည့် ဆိပ်ကမ်းသာတံတားသည် တံတား၏မြောက်ဘက်ခြမ်းတစ်ဝက်နီးပါး ရေထဲမျောပါပျက်စီးခဲ့ရသည်။ "ဒီဆိပ်ကမ်းသာတံတားကိုအားကိုးပြီး အထက(၃)ကျောင်းမှ ကျောင်းသား ကျောင်းသူတွေက ကျောင်းသွား၊ ကျောင်းပြန် ပြုလုပ် နေရတာပါ။ ဒီတံတားမရှိတော့ ကျောင်းကိုသွားဖို့အရေးစံပြလမ်းနှင့် ဆေးရုံအရှေ့ဘက်လမ်းအတိုင်း အဝေးကြီးပတ်ကာ သွားနေရပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ယာဉ်အန္တရာယ်စိုးရိမ်ရပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"မြစ်ကူးချောင်းကူးတံတားတွေ ရေရှည်တည်တံ့ဖို့ဆိုရင် ကမ်းကပ်ခုံတွေ ခိုင်ခံ့ဖို့လိုပါတယ်၊ တံတား၏အထက်ဘက်ကမ်းကပ်ခုံတွေကို ရေတိုက်စားမှုကနေ ကာကွယ်ရန် ရေကာများဆောင်ရွက်ထားဖို့ လိုပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ဒေသတွင်းပြည်သူတွေအားလုံး ဆက်သွယ်သွားလာရေး ပုံမှန်ပြန်ဖြစ်စေရေးအတွက် ဆိပ်ကမ်းသာတံတားကို အင်ဂျင်နီယာတွက်ချက်မှုလုပ်တဲ့အခါ ငွေကျပ် ၅၃ သိန်း ကုန်မှာဖြစ်ကြောင်း ပြောပါတယ်။ ဒါကြောင့် မြို့နယ် အထောက်အကူပြုအဖွဲ့နဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ တိုင်ပင်ပြီး ကမ္ဘောဇဘဏ်ကို အလှူခံတဲ့အခါ ကုန်ကျငွေ ၅၃ သိန်းကို ကမ္ဘောဇဘဏ်မှ လှူပေးပါတယ်"ဟု မြို့နယ်အထောက်အကူပြုအဖွဲ့က ပြောပြသည်။

ကလေးမြို့ ရေကြီးမှုသည် ယခုအခါပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပြီး ငွေကြေးတတ်နိုင်သူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အလှူငွေများထည့်ဝင်လျက်ရှိကြကြောင်း၊ အလှူငွေလည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

[လင်းလက်ကြယ်စင်]

မက္ကဆီကိုနိုင်ငံ၏ NAFTA အတွေ့အကြုံများ

၂၀၁၅ ခုနှစ်တွင် ASEAN လွတ်လပ်သော ကုန်သွယ်ရေးကို ASEAN အဖွဲ့ဝင်နိုင်ငံများက လက်ခံကျင့်သုံးကြတော့မည်။ လွတ်လပ်သော ကုန်သွယ်ရေးကျင့်သုံးခြင်းဖြင့် ကုန်သွယ်မှုစရိတ်များ လျှော့ချနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ခြင်းနှင့် ASEAN သည် ကမ္ဘာ့စျေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိခြင်း အကျိုးကျေးဇူးများကို ခံစားနိုင်ကြပါမည်။

မြန်မာနိုင်ငံသည်လည်း ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ လွတ်လပ်သော ကုန်သွယ်မှု၏ ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေခံစားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ASEAN ၏ လွတ်လပ်သောကုန်သွယ်မှုမှ အကျိုးကျေးဇူး ပိုမိုရရှိနိုင်ရေးနှင့် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ရည်ရွယ်၍ မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု (NAFTA) အဖွဲ့ဝင်များဖြစ်သော အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများအနက် မက္ကဆီကိုနိုင်ငံ၏ အခြေအနေကို လေ့လာတင်ပြပါမည်။

NAFTA တည်ထောင်ခြင်းမှ မက္ကဆီကိုနိုင်ငံအပေါ် အဓိကအကျိုးသက်ရောက်မှုများမှာ-

၁။ အမေရိကန်နိုင်ငံ၏ ထုတ်လုပ်သူများသည် လုပ်ခစရိတ် ပိုမိုသက်သာသည့် မက္ကဆီကိုနိုင်ငံသို့ လုပ်ငန်းများ ရွှေ့ပြောင်းလာခြင်း၊

၂။ အမေရိကန်နိုင်ငံ၏ အစားထိုး လယ်ယာထုတ်ကုန်များကြောင့် မက္ကဆီကန် လယ်သမားများ၏ စီးပွားရေးလုပ်ငန်းများ ချုပ်ငြိမ်းသွားခဲ့ပြီး NAFTA ၏ ထောက်ပံ့မှုသည် မက္ကဆီကန်အလုပ်သမားများ ခေါင်းပုံဖြတ်ခံရမှုနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်အား အကာအကွယ်ဖြစ်စေမှုကို လုံလောက်စွာ ကာကွယ်ပေးနိုင်စွမ်းမရှိခြင်းတို့ ဖြစ်ပါသည်။

မက္ကဆီကိုနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများ

မက္ကဆီကိုနိုင်ငံတွင် လုပ်ခစရိတ် သက်သာသောကြောင့် ထုတ်လုပ်မှုစရိတ်မြင့်မားသော အမေရိကန်နိုင်ငံမှ ထုတ်လုပ်မှုလုပ်ငန်းများသည် ရွှေ့ပြောင်းလာခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်းတွင် အမေရိကန်၏ အလုပ်နေရာပေါင်း ၆၈၂၉၀၀ ခန့် မက္ကဆီကိုသို့ရောက်ရှိခဲ့ပြီး အဓိကလုပ်ငန်းများမှာ ကားစက်ရုံများ၊ အထည်အလိပ်စက်ရုံများ၊ ကွန်ပျူတာစက်ရုံများနှင့် လျှပ်စစ်ပစ္စည်းထုတ်စက်ရုံများ ဖြစ်သည်။ မက္ကဆီကိုသည် အမေရိကန်နှင့် ကုန်သွယ်မှုတွင် စုစုပေါင်း ဒေါ်လာ ၉၇ ဒသမ ၂ ဘီလီယံ ပိုငွေပြခဲ့သည်။

အမေရိကန်များ၏ လုပ်ခများဖိနှိပ်ခံရခြင်း

သို့သော် မက္ကဆီကိုနိုင်ငံသို့ လုပ်ငန်းကုမ္ပဏီများအားလုံး ရွှေ့ပြောင်းလာခြင်း မဟုတ်ပါ။ သမဂ္ဂဖွဲ့က တောင်းဆိုခြင်းသို့မဟုတ် စက်ရုံအလုပ်ရုံများအား ပိတ်ပစ်ခြင်း နှစ်ခုမှတစ်ခုကို ရွေးချယ်စေခြင်းအားဖြင့် သမဂ္ဂဖွဲ့၍ တောင်းဆိုခြင်းများအား ဖယ်ရှားခဲ့သည်။ သမဂ္ဂ၏ပံ့ပိုးမှုမပါရှိဘဲ အလုပ်သမားများသည် အနည်းငယ်သော အပေးအယူဖြင့် ညှိနှိုင်းယူခဲ့ကြသည်။ မက္ကဆီကိုနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့သော ကုမ္ပဏီများသည်လည်း စက်ရုံအလုပ်ရုံပိတ်မည်ဟု ခြိမ်းခြောက်ကာ လုပ်အားခများကို ဖိနှိပ်ခဲ့၍ လုပ်အားခဖိနှိပ်ခံရခြင်းသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်းတွင် ၅၀ ရာခိုင်နှုန်းခန့်ရှိရာမှ ၆၅ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

မက္ကဆီကိုလယ်သမားများ၏လုပ်ငန်းများ ချုပ်ငြိမ်းသွားခြင်း

NAFTA သဘောတူညီချက်ကြောင့် မက္ကဆီကို၏ လယ်ယာလုပ်ငန်း ဒေါ်လာ ၁ ဒသမ ၃ မီလီယံ ဆုံးရှုံးခဲ့သည်။ အခွန်အတားအဆီး ဖယ်ရှားပြီးသောအခါ ပြောင်းနှင့် အခြားနှံစားသီးနှံများအား မက္ကဆီကိုသို့ တင်ပို့သောစရိတ် သက်သာသွားခဲ့သည်။ ထို့ကြောင့် မက္ကဆီကိုနိုင်ငံအနေဖြင့် လယ်ယာလုပ်ငန်း ထောက်ပံ့ငွေများကို လျှော့ချခဲ့သောကြောင့် လယ်ယာလုပ်ငန်းကြီးများကိုသာလျှင် အကျိုးသက် ရောက်မှုရှိစေခဲ့ပြီး ကျေးလက် မက်ဆီကန် လယ်သမားများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့ပါ။

Maquiladora စီမံကိန်းမှ အလုပ်သမားများ ခေါင်းပုံဖြတ်ခံရခြင်း

NAFTA သည် Maquiladora စီမံကိန်းကိုလည်း တိုးချဲ့ခဲ့သည်။ ထိုစီမံကိန်းတွင် အမေရိကန်သို့ တင်ပို့ရန်အတွက် စျေးနှုန်းသက်သာသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် အမေရိကန်ပိုင်ကုမ္ပဏီများနှင့် မက်ဆီကန်နယ်စပ်မှ အလုပ်သမားများ ပါဝင်ခဲ့သည်။ ၎င်းသည် မက္ကဆီကို၏ လုပ်အားခအင်အား ၃၀ ရာခိုင်နှုန်းကို တိုးလာစေခဲ့သော်လည်း အလုပ်သမားအခွင့်အရေး၊ ကျန်းမာရေးအာမခံချက်၊ တစ်နေ့ ၁၂ နာရီ သို့မဟုတ် ထို့ထက်ပိုသော အလုပ်ချိန် စသည်တို့တွင် ခေါင်းပုံဖြတ်ဖိနှိပ်ခြင်း ခံခဲ့ရသည်။

မက္ကဆီကိုနိုင်ငံ၏ ပတ်ဝန်းကျင် ဆုတ်ယုတ်ပျက်ပြားခြင်း

NAFTA ၏ ယှဉ်ပြိုင်မှုဖိအားကြောင့် မက္ကဆီကို လယ်ယာလုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့် အခြားဓာတုပစ္စည်းများကို ပိုမိုသုံးစွဲလာသည့်အတွက် ပတ်ဝန်းကျင် ညစ်ညမ်းခြင်းကြောင့် ကုန်ကျငွေမှာ တစ်နှစ်လျှင် ဒေါ်လာ ၃၆ ဘီလီယံရှိသည်။ လယ်သမားများသည် အစွန်းထွက်လယ်ယာများ တိုးချဲ့ခြင်းကြောင့် တစ်နှစ်လျှင် ၆၃၀၀၀၀ ဟက်တာခန့် သစ်တောပြုန်းတီးမှုကို ဖြစ်စေပါသည်။

NAFTA မှ မက္ကဆီကို ကုန်ကားများအတွက် လွတ်လပ်စွာ သွားလာခြင်းကို တောင်းဆိုခြင်း

NAFTA မှ အကောင်အထည်မဖော်ရသေးသော အခြားသဘောတူညီချက်တစ်ခု ရှိသည်။

လက်ရှိစီးပွားရေးဇုန် ကန့်သတ်ချက် မိုင် ၂၀ ကျော်၍ မက္ကဆီကိုမှ ကုန်ကားများကို အမေရိကန်ပြည်ထောင်စုအတွင်း သွားလာနိုင်ရန် NAFTA ကို ခွင့်ပြုထားသည်။ သယ်ယူပို့ဆောင်ရေးဌာနမှ ရေးဆွဲထားသော စီမံကိန်းမှာ ဤအချက်ကို လက်တွေ့ကျကျထူထောင်ရန် ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များက ဤစီမံကိန်းကို အဆုံးသတ်၍ အမေရိကန်၏ ကွန်ဂရက် သဘောတူညီမှုမရရှိဘဲ အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ NAFTA -မက္ကဆီကို ကုန်ကားများအတွက် လွတ်လပ်စွာသွားလာမှုအား ခွင့်ပြုခြင်းကို တားမြစ်လိုက်သည်။

မက္ကဆီကို သင်ခန်းစာမှ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖြစ်နိုင်ခြေပြဿနာများကို ကြိုတင်ကာကွယ်ခြင်းဖြင့် လွတ်လပ်သောကုန်သွယ်မှု၏ အကျိုးကျေးဇူးများကို ရယူကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

■

သန်းဇော်

မက္ကဆီကိုနိုင်ငံရှိ ကားထုတ်လုပ်မှု လုပ်ငန်းခွင်တစ်နေရာ။

အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖြစ်နိုင်ခြေပြဿနာများကို ကြိုတင်ကာကွယ်ခြင်းဖြင့် လွတ်လပ်သောကုန်သွယ်မှု၏ အကျိုးကျေးဇူး များကို ရယူကြပါစို့

စာပေပျိုးခင်းစာအုပ်၊ စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

စာမျက်နှာ – ၄ ››

မြိတ်မြို့ ၌ ကရင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုဆိုထောက်ခံပွဲ ကျင်းပ

စာမျက်နှာ – ၅ ››

ညောင်ဦးတွင် ကျန်းမာရေးအခမဲ့အလှူတော်ပွဲပြုလုပ်

စာမျက်နှာ – ၆ ››